# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 7 November 2017 ၉၁၀၁


# ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအသီးအပွင့်များ ရရှိခံစားနေပြီး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ ရရှိနေ

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်**

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား-**

ယနေ့ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ယနေ့အချိန်အခါသည် ကရင်တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားသည့် ကျက်သရေ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကရင်ပြည်နယ်နေ့ ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ်တွင် ကရင်တိုင်းရင်းသားများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် မိမိတို့၏ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ရှေးပဝေသဏီကတည်းကပင် မြန်မာနိုင်ငံအတွင်း စည်းလုံးညီညွတ်စွာဖြင့် အေးအတူ ပူအမျှ စုပေါင်းနေထိုင် လုပ်ကိုင်စားသောက်ခဲ့ကြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်နယ်/တိုင်းများ ဖွဲ့စည်းတည်ထောင်ခဲ့ရာတွင် ကရင်လူမျိုးများ နေထိုင်သည့် ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ပါလီမန်တွင် ထည့်သွင်းစဉ်းစားလာကြကာ ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေအရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်မြို့နယ်တို့ကို ကရင်ပြည်နယ်အဖြစ် ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခြင်းဖြင့် လည်းကောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**



# (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေး ကျင်းပ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်အမှာစကား ပြောကြား

**နေပြည်တော် နိုဝင်ဘာ ၆**

(၁၃)ကြိမ်မြောက် အေဆမ် (အာရှ-ဥရောပ)နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၃)ကြိမ်မြောက် အေဆမ် (အာရှ-ဥရောပ) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၃)ကြိမ်မြောက် အေဆမ် (အာရှ-ဥရောပ)နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွဲ့စည်းထားသော ဆပ်ကော်မတီအသီးသီးက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရန်ရှိသည်များနှင့် ပေါင်းစပ်ဆောင်ရွက်ရန် ရှိသည်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ညှိနှိုင်းလမ်းညွှန်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


**မူလတောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည်စိစစ်ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်း**

ပြည်သူ့လွှတ်တော် စာမျက်နှာ - ၅

**မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်း**

အမျိုးသားလွှတ်တော် စာမျက်နှာ - ၅

**ချင်းတွင်းမြစ်အတွင်း ဓာတုအဆိပ်ပါဝင်မှုကို စမ်းသပ်တိုင်းတာ**

စာမျက်နှာ - ၁၆





ကြေးမုံ

# ဥပဒေ စည်းကမ်းကို လေးစားလိုက်နာ

ယနေ့ကာလ အများပြည်သူတို့ကြား၌ ပြောဆိုဝေဖန် ခံစားမှုမြင့်မားသော ကိစ္စတစ်ခုမှာ မြို့ရွာများအတွင်း ကျယ်လောင်စွာဖွင့်ခဲ့ကြသော အသံချဲ့စက်၊ ဆောင်းဘောက်စ်သံများဖြစ်သည်။ ထိုအသံများမှာ ကောင်းသော အမှုတို့ကိုပြုကြရာမှ ပေါ်ထွက်လာသောအသံများဖြစ်၍ ပြောဆိုဝေဖန်၊ ဟန့်တားမှုပြုလုပ်ရသည်မှာလည်း လွယ်ကူလှသည့် အလုပ် မဟုတ်ချေ။ သို့သော် ရပ်ရေး၊ ရွာရေးနှင့် အများပြည်သူအရေးတို့အကြား သင့်တင့်လျောက်ပတ်သည့် အဖြေတစ်ခုကို ရှာဖွေသင့်ပေသည်။

မြန်မာလူမျိုးများသည် “ထမင်းကြမ်းကို ယပ်ခပ်စားတတ်သည့်လူမျိုး” ဟု ရှေးကဆိုသကဲ့သို့ လူမချမ်းသာလျှင်ရှိစေ၊ ရပ်ရေး၊ ရွာရေး ကိစ္စရပ်များရှိလာပြန်လျှင် မနေ့အမြန် တက်ကြွစွာဖြင့် ဆောင်ရွက်တတ်ကြသူများ ဖြစ်ကြပါသည်။ ထိုမျှသာမက ပျော်ရွှင်စွာနေတတ်ကြသည့် လူမျိုးဖြစ်ပြီး ဆယ့်နှစ်ရာသီကာလပတ်လုံး ပွဲလမ်းသဘင်များ ကျင်းပလေ့ရှိသည့် မြန်မာနိုင်ငံ၌ ရပ်သူ၊ ရွာသားတို့သည် ထိုပွဲလမ်းသဘင်များတွင် ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလေ့ရှိကြပါသည်။

ထိုသို့ဆင်နွှဲကြရာတွင် မပါမဖြစ်ပါရှိလာသည့်ပစ္စည်းမှာ အသံချဲ့စက် သို့မဟုတ် ဆောင်းဘောက်စ်တို့ပင်ဖြစ်သည်။ မကြာသေးမီရက်ပိုင်းအတွင်းက တန်ဆောင်တိုင် ကထိန်ပွဲ ဆင်နွှဲကျင်းပခဲ့ရာတွင် အဆိုပါ ပစ္စည်းများကို ပွဲတိုင်းပွဲတိုင်း အသုံးပြုခဲ့ကြပြီး အရပ်ဒေသနေရာအလိုက်သာမက မြို့ရွာများအတွင်း လှည့်လည်ဖွင့်လှစ်ခဲ့ကြသည်။ ထိုသို့ ဖွင့်လှစ်ရာတွင် သင့်တင့်လျောက်ပတ်သော စက်ပစ္စည်းများကို အသုံးပြုခြင်းထက် ပိုမိုအားကောင်းသောပစ္စည်းများဖြင့် အသံကုန်မြှင့်ကာ ဖွင့်လှစ်ခဲ့သောကြောင့် ပြည်သူလူထုကြားတွင် ဝေဖန်မှုများ မြင့်မားလာရခြင်းဖြစ်သည်။

သီချင်းများ၊ တီးလုံးများကို သံမြှင့်ဖွင့်လှစ်ကြခြင်းသည် ကုသိုလ်ရေး၊ ကုသိုလ်အမှုကိစ္စများဖြစ်၍ ပြောဆိုကန့်သတ်လိုမှုမှာ မလွယ်ကူသည်မှန်သော်လည်း ရပ်ရွာဥပဒေနှင့် အသံချဲ့စက်ဖွင့်လှစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များကို လေးစားလိုက်နာဖို့ လိုမည်ဖြစ်သည်။ ဤအရေးမှာ ကောင်းသောအမှုဟု ဆိုသော်လည်း ရပ်ရွာများတွင် လူ အမျိုးမျိုးအဖုံဖုံ နေထိုင်ကြသဖြင့် အများပြည်သူအရေးကိုလည်း ထည့်သွင်း စဉ်းစား လုပ်ဆောင်ကြဖို့လိုမည် ဖြစ်သည်။

အသံချဲ့စက်ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရန်ကုန် ရဲအက်ဥပဒေနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များတွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များတွင် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မ ၁၈ တို့၌ အသံချဲ့စက်ဖွင့်ခွင့်တောင်းခံခြင်းကို စည်းကမ်းသတ်မှတ်၍ ခွင့်ပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲ အသံချဲ့စက်ဖွင့်သူ သို့မဟုတ် စည်းကမ်းဖောက်ဖျက်သူအား အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊ ခွင့်ပြုမိန့် ရယူခြင်း၊ စည်းကမ်းလိုက်နာခြင်းတို့ပါရှိသည်သာမက နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ပြစ်ဒဏ်သတ်မှတ်ချက် စသည်တို့ အပြည့်အစုံ ပါရှိသည်။

ထို့အပြင် ရန်ကုန် ရဲအက်ဥပဒေ ပုဒ်မ ၄၁(က) ပြဋ္ဌာန်းချက်အရ ခွင့်ပြုမိန့်မရှိဘဲ သို့မဟုတ် ခွင့်ပြုမိန့်တွင် ဖော်ပြထားသော စည်းကမ်းသတ်မှတ်ချက်များကိုမလိုက်နာဘဲ အသံချဲ့စက်ကို အသုံးပြုလျှင် သို့မဟုတ် အသုံးပြုရန် ခွင့်ပြုလျှင် ငွေဒဏ်၊ ထောင်ဒဏ်များ သတ်မှတ်ထားသည်။ ထိုသို့ စည်းကမ်းများ၊ ဥပဒေများ သတ်မှတ်ပြဋ္ဌာန်းထားပါသော်လည်း အစောပိုင်းကာလနှင့် ပြီးခဲ့သည့်ကာလများက အသံချဲ့စက်များကို စည်းကမ်းဥပဒေများ လိုက်နာမှုမရှိဘဲ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာသည်ကို ပြန်လည် သုံးသပ်ကြည့်ရမည်ဖြစ်သည်။

ရပ်ရွာဓလေ့ထုံးစံများမှာ မြန်မာတို့၏ ကုသိုလ်ယူစရာ၊ ပျော်ရွှင်ဖွယ်ရာ အစဉ်အလာများဖြစ်၍ ခွင့်ပြုသင့်၊ လုပ်ဆောင်သင့်သော ကိစ္စရပ်များဖြစ်ရာတွင် ရပ်ရွာနေ အများပြည်သူအားလုံး၏ အကျိုးငှာ သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်းဥပဒေတို့နှင့်အညီ လိုက်နာဆောင်ရွက်သင့်ပါသည်။ မျက်မှောက်ကာလမှာ ဒီမိုကရေစီခေတ်ကာလနှင့် ဆီလျော်စွာ လူထုလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိရာ အသေးအဖွဲကိစ္စမှအစ ဥပဒေ စည်းကမ်းများနှင့်အညီ လေးစားလိုက်နာမှုရှိမှသာ မိမိတို့မျှော်မှန်းထားသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ။

# ဒုတိယဝန်ကြီး ဦးလှကျော် လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၆**

တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေးဆောင်ရွက်ရာတွင် ဈေးကွက်ဝင်ဈေးကောင်းရ သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးနှင့် သီးနှံအရည်အသွေးတိုးတက်ကောင်းမွန်စေရေးတို့အတွက် နည်းပညာနှင့် အကြံဉာဏ်များပံ့ပိုးပေးရန် လိုအပ်ကြောင်း နိုဝင်ဘာ ၄ ရက်က ကွမ်းခြံကုန်းမြို့နယ် အမှတ် ၃၆ စက်မှုလယ်ယာ ရှေ့တန်းစခန်းစိုက်ကွင်း ရှင်းလင်းဆောင်၌ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ထည့်သွင်းပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးနှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းမင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ ဒေသခံတောင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းမင်းနှင့် ညွှန်ကြားရေးမှူးချုပ်များက ဆောင်ရွက်ဆဲ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို လည်းကောင်း၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကော်ပိုရေးရှင်းလီမိတက် MAPCO မှ တာဝန်ရှိသူက စနစ်ကျစက်မှုလယ်ယာမြေစနစ်ဖော်ထုတ်လုပ်ကိုင်နိုင်ရေး ဝန်ဆောင်ပေးနေမှုများနှင့် အကျိုးတူကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြကြပြီး တောင်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ဖြေကြားရှင်းလင်းကြသည်။

ဒုတိယဝန်ကြီးနှင့် အခမ်းအနားတက်ရောက် လာကြသူများသည် MAPCO နှင့် တောင်သူများ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဆင်းသုခ စပါးမျိုးစေ့ထုတ်စိုက်ကွင်းနှင့် တောင်သူပညာပေးစိုက်ကွင်း မိုးစပါးရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကွမ်းခြံကုန်း ရေထိန်းတံခါးသို့ ရောက်ရှိပြီး ရေတံခါးမှ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများ၊ လာဝတီကျေးရွာနှင့် ရှမ်းစုကျေးရွာ တောင်သူများနှင့် MAPCO တို့ အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်သည့် ဧရာမင်း မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်းကို ကြည့်ရှုခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာဆယ်မာအူးလ် အွန်ဒုန်း စီမံကိန်းမှ ကျေးလက် ပြည်သူများအတွက် သောက်ရေသန့်ရရှိရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းနိုင်ရေးနှင့် သောက်သုံးရေကန်တူးဖော်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျိုက်ထော်(စံပြကျေးရွာ)ရှိ ကျိုက်ထော် (တောင်) ရေတံခါးမှ ကျေးရွာများသို့ ရေပေးဝေနေမှု၊ ကျိုက်ထော်ချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် တိမ်ကောမှု မရှိစေရေး ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယ - မြန်မာ ဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်မြို့ရှိ အိန္ဒိယနွယ်ဖွား အမျိုးသမီးများ အသင်းမှ ကြီးမှူးကျင်းပသည့် “INDIA – MYANMAR CHARITY BAZAAR 2017” အိန္ဒိယ - မြန်မာ ဈေးရောင်းပွဲတော်ကို ဒဂုံမြို့နယ် Indian House ၌ ဒီဇင်ဘာ ၂ ရက် နံနက် ၁၁ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း အိန္ဒိယသံရုံးမှ သိရသည်။

ဈေးရောင်းပွဲတော်တွင် အိန္ဒိယအစားအစာများ၊ လက်မှုအနုပညာပစ္စည်းများကို ပြသရောင်းချမည်ဖြစ်ပြီး ပြည်ပခရီးစဉ် လေယာဉ်လက်မှတ်၊ ဟိုတယ်တွင် အခမဲ့နေထိုင်ခွင့်၊ ကျောက်မျက်ရတနာ၊ အပျော်စီးသင်္ဘောစီးနင်းခွင့် အစရှိသော ကံစမ်းမဲကူပွန်များကို မဲနှိုက်ရွေးချယ်ပေးသွားမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဈေးရောင်းပွဲတော်မှ ရရှိသောငွေကြေးတို့ကို မြန်မာနိုင်ငံအတွင်းရှိ လူမှုအကျိုးပြု အဖွဲ့အစည်းများကို လှူဒါန်းသွားမည်ဖြစ်ပြီး ဈေးပွဲတော်ဝင်ခွင့်လက်မှတ်များကို အိန္ဒိယသံရုံး၊ Coriander Leaf၊ India Tadka၊ Marina Restaurant တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သီသီမင်း**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်(ရွှေဈေး) ၉၂၈၀၀၀ - ၉၂၈၀၀၀ မန္တလေး(ရွှေဈေး) ၉၂၈၀၀၀ - ၉၂၈၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၂၅/၇၅၅ ကျပ်၊ | ၇၆၅/၇၇၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၈၀၀ ကျပ်၊ | ၈၈၅/၈၉၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၀/၇၆၀ ကျပ်၊ | ၇၉၅/၈၁၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၄၅/၇၇၅ ကျပ်၊ | ၇၈၅/၇၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၀၀/၇၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၂၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၀၀/၇၀၅ ကျပ်

**နိုင်ငံခြားငွေ လဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၅. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅. ၇၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၁၇၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂. ၅၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၅၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၇. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၃၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၀. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်မှ စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ **ရှေ့ဖုံးမှ**

၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့တွင် မြဝတီကို မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ပြီး ကရင်ပြည်နယ်ကို ဘားအံမြို့နယ်၊ ဖာပွန်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြဝတီမြို့နယ်၊ မြို့နယ်ပေါင်း ခုနစ်မြို့နယ်ဖြင့် လည်းကောင်း အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထိုကဲ့သို့ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသည့် နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ ၁၉၅၅ ခုနှစ်မှစတင်၍ ကရင်ပြည်နယ်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဆိုလျှင် (၆၂) နှစ်မြောက် ရှိပြီဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်း၌ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သံသယနှင့်ပဋိပက္ခများ နှစ်ရှည်ကြာစွာဖြစ်ပေါ်ခဲ့မှုကြောင့် မိမိတို့နိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် အဘက်ဘက်မှာ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာစေရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် လက်တွဲပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်လာခြင်းကြောင့် ပြည်နယ်သူပြည်နယ်သားများလိုလားနေသော ငြိမ်းချမ်းရေး၏အသီးအပွင့်များ ကို စတင်ရရှိခံစားနိုင်ပြီဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့်ခရီးလမ်းကို ကာလရှည်ကြာစွာ ဖြတ်သန်းလာခဲ့ရပါသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ယုံကြည်မှုအားနည်း ခဲ့ကြပြီး လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ရပါသည်။ ယနေ့အချိန်တွင် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရောင်ခြည်အသီးအပွင့်များ ရရှိခံစားနေရပြီဖြစ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများလည်း ရရှိနေပြီဖြစ်ပါသည်။ ရရှိပိုင်ဆိုင်ထားသည့် အခြေခံကောင်းများကို အမိအရ ဆုပ်ကိုင်ပြီး ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်သူ၊ ပြည်နယ်သားတို့က နိုင်ငံတော်နှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးကို သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ခံစားနိုင်ရေးအတွက်လည်း တည်ဆောက်သွားရမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်လျက်ရှိရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူပါဝင်ဆောင်ရွက်နိုင်မှုသည် အရေးကြီးလှပါသည်။ နိုင်ငံတော်မှ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ရေးအစီအမံများကို နိုင်ငံတော်မှ ဘဏ္ဍာငွေမြောက်မြားစွာကျခံ၍ စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ ရရှိဖြစ်ထွန်းနေသော စည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ ဒီမိုကရေစီနိုင်ငံတော်သစ်သို့ လျှောက်လှမ်းရာတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာအား တွေ့ဆုံနှုတ်ဆက်စဉ်။**

# အာဆီယံထူထောင်ခြင်း နှစ် ၅၀ ပြည့် အထူးထုတ် စာပို့တံဆိပ်ခေါင်း ရောင်းချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ အာဆီယံထူထောင်ခြင်း နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ၏ National Flower ဖြစ်သော ပိတောက်ပန်းပုံဖြင့် ၁၀၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းအား နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်းပြည့် စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ နိုဝင်ဘာ ၁၁ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**







# စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၆**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၄ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ ဒုတိယဆု ဇော်လွင်ဦး(ဟင်္သာတ) ရေးသားသည့် "ကွယ်ပျောက်လုဆဲယင်းတလဲ" စာအုပ်ကို စာအုပ်အသင်း၏ နိုဝင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာအား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# အိန္ဒိယနိုင်ငံတွင် တစ်ပတ်ကြာလည်ပတ်ရန် ဘယ်လ်ဂျီယံဘုရင်နှင့် ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

**နယူးဒေလီ နိုဝင်ဘာ ၆**

ဘယ်လ်ဂျီယံနိုင်ငံဘုရင် ဖိလစ်နှင့်မိဖုရား မာတိဒ်တို့သည် အိန္ဒိယနိုင်ငံ၌ ရက်သတ္တပတ်ကြာ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နိုဝင်ဘာ ၅ ရက် ညပိုင်းက မြို့တော်နယူးဒေလီသို့ ဆိုက်ရောက်လာကြကြောင်း၊ ဘယ်လ်ဂျီယံဘုရင်ဖိလစ်သည် ၂၀၁၃ ခုနှစ်တွင် ထီးနန်းဆက်ခံခဲ့ပြီးနောက် အိန္ဒိယသို့ ပထမဆုံးအကြိမ်ရောက်ရှိလာခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**(အောက်ပုံ)**

ဘယ်လ်ဂျီယံဘုရင်၊ မိဖုရားတို့နှင့်အတူ ယင်းနိုင်ငံမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးခြောက်ဦး၊ စီးပွားရေးအင်အားကြီးမားသော ကုမ္ပဏီကြီး ၈၆ ခုမှ အမှုဆောင်အရာရှိချုပ်များနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲ ၁၃ ဦးတို့ လိုက်ပါလာကြသည်။

ဘယ်လ်ဂျီယံဘုရင်နှင့် မိဖုရားတို့သည် ကမ္ဘာ့အံ့ဖွယ်ခုနစ်သွယ်၌ တစ်ခုအပါအဝင်ဖြစ်သော တာ့ဂျ်မဟာသို့ သွားရောက်မည်ဖြစ်ကြောင်း၊ မြို့တော်ဒေလီမှ ကီလိုမီတာ ၂၅၀ အကွာ အဂ္ဂရာမြို့ရှိ တာ့ဂျ်မဟာအဆောက်အအုံကို ယနေ့တွင် သွားရောက်ကြည့်ရှုလေ့လာမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဘယ်လ်ဂျီယံဘုရင်သည် နိုဝင်ဘာ ၇ ရက်တွင် အိန္ဒိယသမ္မတ ရမ်နတ်ကိုဗင်၊ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့နှင့်တွေ့ဆုံမည်ဖြစ်ပြီး နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အိန္ဒိယ-ဘယ်လ်ဂျီယံ စီးပွားရေးဖိုရမ်သို့လည်း တက်ရောက်မည်ဖြစ်သည်။

နိုဝင်ဘာ ၉ ရက်တွင် အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးမြို့တော် မွမ်ဘိုင်းသို့ ဘယ်လ်ဂျီယံဘုရင်နှင့် မိဖုရားတို့သွားရောက်မည်ဟု သတင်းများအရ သိရသည်။

ဘယ်လ်ဂျီယံဘုရင် အိန္ဒိယသို့လာရောက်သည့် ခရီးစဉ်၏ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံအကြား သမိုင်းဝင်မည့် ခိုင်မာသော ပူးပေါင်းလုပ်ဆောင်မှုများ ပိုမိုအားကောင်းလာစေရန်ဖြစ်သည်ဟု အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ဗြိတိန်၏ ကိုလိုနီအုပ်စိုးမှုအောက်မှ အိန္ဒိယနိုင်ငံ လွတ်မြောက်ခဲ့သည့် ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့်ပထမဆုံး ဥရောပနိုင်ငံများထဲတွင် ဘယ်လ်ဂျီယံနိုင်ငံလည်း ပါဝင်သည်။ အိန္ဒိယနိုင်ငံသည် ဥရောပသမဂ္ဂပြင်ပ၌ ဘယ်လ်ဂျီယံ၏ ဒုတိယအကြီးဆုံး ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်ပြီး ဥရောပသမဂ္ဂပြင်ပ၌ တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်များအတွင်း ဘယ်လ်ဂျီယံနှင့် အိန္ဒိယတို့၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၈ ဘီလီယံရှိပြီး အိန္ဒိယနိုင်ငံမှ ဘယ်လ်ဂျီယံနိုင်ငံသို့ ပို့ကုန်တန်ဖိုး ၅ ဒသမ ၆ ဘီလီယံရှိကာ သွင်းကုန်တန်ဖိုးမှာ ၆ ဒသမ ၆၂ ဘီလီယံရှိသည်။

**ဆင်ဟွာ**






# ကမ္ဘာကြီးပူနွေးမှုတိုက်ဖျက်ရေး အစီအစဉ်၏ ဦးဆောင်မှု အခန်းကဏ္ဍ တရုတ်နိုင်ငံ ရယူဖွယ်ရှိ

**ဘွန်း နိုဝင်ဘာ ၆**

ယခုရက်သတ္တပတ်အတွင်းကျင်းပမည့် ကမ္ဘာ့ရာသီဥတုဆိုင်ရာညီလာခံတွင် ကမ္ဘာကြီးပူနွေးမှုတိုက်ဖျက်ရေး နိုင်ငံတကာအစီအစဉ်၏ ဦးဆောင်မှုအခန်းကဏ္ဍကို တရုတ်နိုင်ငံက ရယူနိုင်မည့် အခွင့်အရေးတစ်ရပ်ရှိနေကြောင်း၊ အဖွဲ့ဝင် ၁၉၅ နိုင်ငံပါဝင်သည့် ပါရီသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ရန် သမ္မတဒေါ်နယ်ထရန့်က ဆုံးဖြတ်ခဲ့ပြီးချိန်နောက်ပိုင်း ကုလသမဂ္ဂ၏ ရာသီဥတုဆိုင်ရာ နိုင်ငံတကာညီလာခံကို ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ဂျာမနီနိုင်ငံ ဘွန်းမြို့၌ နိုဝင်ဘာ ၆ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် နှစ်ပတ်လည်အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ရာသီဥတုသဘောတူညီချက်ဆိုင်ရာ ဥပဒေမူဘောင်များ ရေးဆွဲချမှတ်ရန် အစိုးရအဖွဲ့များမှ ကျွမ်းကျင်သူပညာရှင်များ ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သည်။ အဆိုပါ သဘောတူညီချက်အရ ယခုရာစုနှစ်တွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို အဆုံးသတ်ကာ လေစွမ်းအင်၊ နေစွမ်းအင်နှင့် အခြားသန့်ရှင်းသောစွမ်းအင်များ အသုံးပြုရေးဘက်သို့ ဦးလှည့်နိုင်ရန် ကမ္ဘာ့နိုင်ငံများ ကြိုးပမ်းကြမည်ဖြစ်သည်။

နိုင်ငံတကာ ရာသီဥတုထိန်းညှိရေးဆိုင်ရာ သဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ကာ မိမိ၏နိုင်ငံအတွင်း ကျောက်မီးသွေးနှင့် ရေနံသုံးစွဲမှုကို မြှင့်တင်လိုသည်ဟု သမ္မတထရန့်က ဇွန်လအတွင်း ပြောကြားခဲ့သည်။ ကမ္ဘာ့ရာသီဥတု ထိန်းညှိရေးအတွက် လုပ်ဆောင်ခြင်းဖြင့် အမေရိကန်၏စီးပွားရေးကို ထိခိုက်စေနိုင်ကြောင်း ထရန့်က အကြောင်းပြပြောဆိုခဲ့သည်။

သမ္မတထရန့်၏ သဘောထားရပ်တည်ချက်ကို အကြောင်းပြု၍ ရာသီဥတုဆိုင်ရာညီလာခံတွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့၏ ဩဇာလွှမ်းမိုးမှု လျော့ကျသွားဖွယ်ရှိပြီး ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ထုတ်လွှတ်မှု ကြီးမားသော နိုင်ငံများဖြစ်ကြသော တရုတ်၊ ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့က ကမ္ဘာကြီး ပူနွေးမှုတိုက်ဖျက်ရေး နိုင်ငံတကာအစီအစဉ်ကို ဦးစီးဦးရွက်ပြု၍ ကြိုးပမ်းဆောင်ရွက်လာကြဖွယ်ရှိကြောင်း ညီလာခံကိုယ်စားလှယ်များက ပြောကြားကြသည်။

**ရိုက်တာ**

# လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း လုပ်ကြံခံရမည့် ဘေးအန္တရာယ်ရှိဟု အနောက်တိုင်း ထောက်လှမ်းရေးဌာနများက သတိပေးခဲ့ဟုဆို

**ဘေရွတ် နိုဝင်ဘာ ၆**

လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ဆာအိဒ်အယ်လ် ဟာရီရီအား လုပ်ကြံသတ်ဖြတ်ခံရမည့် ဘေးအန္တရာယ်ရှိသည်ဟု အနောက်နိုင်ငံများမှ ထောက်လှမ်းရေးဌာနများက ၎င်းကို ကြိုတင်သတိပေးခဲ့ကြောင်း ဆော်ဒီအာရေဗျနိုင်ငံတွင် ထုတ်ဝေသော အက်ရှ်ရာအယ်လ်အော်ဆက် သတင်းစာတွင် ရေးသားဖော်ပြထားသည်။ **(အောက်ပုံ)**

သို့ရာတွင် ဟာရီရီအား လုပ်ကြံသတ်ဖြတ်မည့် အကြံအစည်တစ်ခု ရှိနေသည်ဆိုသော ရေးသားချက်နှင့် ပတ်သက်၍ မိမိအနေဖြင့် မည်သည့်သတင်းအချက်အလက်ကိုမျှ ကြားသိခဲ့ရခြင်းမရှိကြောင်း လက်ဘနွန် အထွေထွေလုံခြုံရေးဝန်ကြီးဌာန အကြီးအကဲ ဗိုလ်ချုပ် အဘတ်စ် အီဘရင်ဟင်က ပြောကြားသည်။ အလားတူ ဟာရီရီ လုပ်ကြံခံရမည့် အကြံအစည်တစ်ရပ်ရပ်နှင့် ပတ်သက်၍ မည်သည့်ဖော်ထုတ်တွေ့ရှိမှုမျှ မရှိခဲ့ပါဟု လက်ဘနွန်တပ်မတော်က ပြောကြားသည်။

ဟာရီရီသည် ၎င်းအား လုပ်ကြံသတ်ဖြတ်မည့် အစီအစဉ်နှင့် ပတ်သက်၍ အနောက်တိုင်း ထောက်လှမ်းရေးဌာနများ၏ သတိပေးချက်ကို ရရှိခဲ့သည်ဟု အဆိုပါသတင်းစာက ရေးသားဖော်ပြသော်လည်း လုပ်ကြံသတ်ဖြတ်မည့် အကြံအစည်အသေးစိတ်နှင့် ပတ်သက်၍ ဖော်ပြထားခြင်းမရှိပေ။

ဟာရီရီသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ကြောင်း နိုဝင်ဘာ ၄ ရက်တွင် ရုတ်ချည်းထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၀၅ ခုနှစ်က မိမိ၏ဖခင် ဝန်ကြီးချုပ် ရာဖစ်အယ်လ်ဟာရီရီ လုပ်ကြံသတ်ဖြတ်ခံရခြင်း မရှိမီ လက်ဘနွန်နိုင်ငံ တွေ့ကြုံခဲ့ရသော နိုင်ငံရေးအခြေအနေမျိုးနှင့် မိမိတို့ ယခုကြုံတွေ့နေရသည်ဟု ဟာရီရီက ပြောကြားသည်။

အီရန်နှင့် ယင်း၏ လက်ဘနွန် မဟာမိတ် ဟစ်ဇဘိုလာအဖွဲ့တို့သည် မိမိ၏ နိုင်ငံနှင့် အခြားသော အာရပ်နိုင်ငံများ မတည်မငြိမ်ဖြစ်စေရန် လုပ်ဆောင်နေသည်ဟုလည်း ဟာရီရီက ဝေဖန်ပြောကြားခဲ့သည်။

ဟာရီရီသည် နိုဝင်ဘာ ၃ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့သို့ သွားရောက်ခဲ့ပြီး လက်ဘနွန်နိုင်ငံသို့ ပြန်လာခြင်း မရှိတော့ပေ။ ဟာရီရီသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ကြောင်း ဆော်ဒီရုပ်မြင်သံကြားဌာနမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံသည် အီရန်၏ အဓိကပြိုင်ဘက်နိုင်ငံဖြစ်သည်။

**ရိုက်တာ**



# တက္ကဆက် ကျေးလက်ပိုင်းရှိ ဘုရားရှိခိုးကျောင်း၌ သေနတ် ပစ်ခတ်မှုဖြစ်ပွား၊ ၂၆ ဦးထက် မနည်း သေဆုံး

**ရှက်တာလန်း စပရင်း(တက္ကဆက်) နိုဝင်ဘာ ၆**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ကျေးလက်ပိုင်းဒေသ ရှက်တာလန်းစပရင်းရှိ ဘုရားရှိခိုးကျောင်းတစ်ကျောင်းတွင် နိုဝင်ဘာ ၅ ရက်က ဝတ်ပြုကိုးကွယ်မှုပြုလုပ်နေသည့် လူအုပ်အတွင်းသို့ အမျိုးသားတစ်ဦးက ချေမှုန်းရေးရိုင်ဖယ်ဖြင့် ပစ်ခတ်ခဲ့ရာ ၂၆ ဦးထက်မနည်း သေဆုံးပြီး လူ ၂၀ခန့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ရှက်တာလန်း စပရင်းစီရင်စု၌ သေနတ်ပစ်ခတ်မှုသည် အမေရိကန် လူ့အဖွဲ့အစည်းအတွင်း ယူကျုံးမရဖြစ်ရသော ဖြစ်ရပ်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို ကျူးလွန်သည့်သူမှာ ၎င်း၏ ဇနီးနှင့် ကလေးတို့ကို ကိုယ်ထိလက်ရောက်ကျူးလွန်မှုဖြင့် လေတပ်မှ ထုတ်ပယ်ခံရသူတစ်ဦးဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။ ယင်းသို့သော အကြမ်းဖက်မှုကျူးလွန်သည့် ရာဇဝင်ရှိသူတစ်ဦး၏ လက်ဝယ်တွင် လူသေစေနိုင်သော လက်နက်ရှိနေခြင်းအတွက် မေးခွန်းထုတ်မှု ဖြစ်ရဖွယ်ရှိသည်။

ကျည်ကာအကျႌဝတ်ဆင်ထားပြီး အနက်ရောင်တိုက်ပွဲဝင်ဝတ်စုံ ဝတ်ဆင်ထားသည့် တစ်ကိုယ်တော်သေနတ်သမားသည် အဖြူရောင်ခေါင်းမိုးမျှော်စင်ရှိသည့် နှစ်ခြင်းခရစ်ယာန်ဘာသာဝင်များ၏ ဘုရားရှိခိုးကျောင်းအတွင်းသို့ ဝင်ရောက်လာသည်နှင့် တစ်ပြိုင်နက် စတင်ပစ်ခတ်ခဲ့ကြောင်း၊ ၎င်း၏ ပစ်ခတ်မှုကြောင့် သေဆုံးသို့မဟုတ် ထိခိုက်ဒဏ်ရာရသူများမှာ အသက်ငါးနှစ်မှ ၇၂ နှစ်အထိ ရှိသူများပါဝင်ကြောင်း ရဲတပ်ဖွဲ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယင်းပစ်ခတ်မှုမှာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာဖြစ်ပြီး သေနတ်တစ်လက်ပိုင်ဆိုင်မှုကြောင့်မဟုတ်ကြောင်း ဂျပန်နိုင်ငံသို့ တရားဝင်ခရီးရောက်ရှိနေသည့် အမေရိကန်သမ္မတ ထရန့်က ပြောကြားသည်။

သေဆုံးသွားသူများထဲတွင် ယင်းဘုရားရှိခိုးကျောင်း၏ သင်းအုပ်ဆရာ ဖရန့်ပါမီရှိုင်း၏ အသက် ၁၄ နှစ်အရွယ် သမီးလေးပါဝင်ကြောင်း ၎င်း၏မိသားစုက ရုပ်မြင်သံကြား သတင်းဌာနများသို့ ပြောကြားသည်။

**ဆင်ဟွာ**

# မူလတောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည်စိစစ်ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်း

**နေပြည်တော် နိုဝင်ဘာ ၆**

စေတုတ္တရာလေယာဉ်ကွင်းဟောင်း မြေနေရာကို ဒေသခံပြည်သူများ မြို့မြေအဖြစ် တိုးချဲ့ရန်အတွက် ဌာနပိုင်မြေအဖြစ်မှ စွန့်လွှတ်နိုင်ပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဆွေးနွေးပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့တွင် စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့ရှိ လေယာဉ်ကွင်းဟောင်းအား လေယာဉ်များ ဆင်းသက်ရန်နှင့် လေယာဉ်ကွင်းအဖြစ် ဆက်လက်အသုံးပြုရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထိုသို့ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။



ဆက်လက်၍ ဒုတိယဝန်ကြီးက မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပိတောက်မြိုင်ရပ်ကွက်မှ ၃ ဖာလုံခန့် အကွာတွင်ရှိသော စေတုတ္တရာလေယာဉ်ကွင်းဟောင်း၏ ပြေးလမ်းသည် အလျားပေ ၂၀၀၀၊ အကျယ်ပေ ၁၀၀ ရှိ မြေသားပြေးလမ်းဖြစ်ပြီး ယခင်က ဒါကိုတာ လေယာဉ်များ ဆင်းသက်အသုံးပြုခဲ့ပါကြောင်း၊ ၁၉၈၀ ခုနှစ် နောက်ပိုင်းမှစတင်၍ လေယာဉ်များ ဆင်းသက် အသုံးပြုခြင်းမရှိတော့သည့်အတွက် လေယာဉ်ကွင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုမရှိတော့ပါကြောင်း၊ လေယာဉ်ကွင်း၏ ဧရိယာသည် ၃၂ ဧကခန့်ရှိပါကြောင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လေယာဉ်ခရီးစဉ်များ ပြေးဆွဲလျက်ရှိသော အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုနှင့် ပြည်တွင်းလေဆိပ် ၃၁ ခုအပါအဝင် လေဆိပ်၊ လေယာဉ်ကွင်း ၃၄ကွင်းတွင် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်း၊ တက် အသုံးပြုနိုင်ရေးအတွက် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စေတုတ္တရာလေယာဉ်ကွင်းသည် ထိန်းသိမ်းထားသော ကွင်းတိုအမည်စာရင်း ၃၄ ကွင်းတွင် မပါဝင်ပါကြောင်း။

စေတုတ္တရာလေယာဉ်ကွင်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းတွင်လည်းကောင်း၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ အနာဂတ်တွင် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအစီအစဉ်များတွင် လည်းကောင်း ပါဝင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဗန်းမောက် မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ **ဗန်းမောက်မြို့အနီးရှိ ဟဲထန်ဆည်အား တာပေါင်ပြုပြင်ထိန်းသိမ်းခြင်း၊ ရေလွှဲတံခါး တပ်ဆင်ခြင်းနှင့် ဆည်ရေမြောင်း စနစ်တကျ တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ ဟဲထန်ဆည်မှာ လယ်ယာမြေ ဧက ၁၀၀ ခန့်အား စိုက်ပျိုးရေပေးဝေရန်နှင့် ဗန်းမောက်မြို့ပေါ် ရပ်ကွက် သုံးခုကို သောက်သုံးရေပေးဝေနိုင်ရန်ရည်ရွယ်၍ ၁၉၈၀ ခုနှစ်ခန့်တွင် ဒေသနေပြည်သူများ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့သော ဆည်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တာပေါင်မြှင့် ပြုပြင်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ရေထုတ်မြောင်း ပြုပြင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ နည်းပညာနှင့် စက်ယန္တရားများကူညီ၍ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဟဲထန်ဆည် ရေထုတ်ပေါက်ရေတံခါးမှာ သစ်သားတုံးတပ်ဆင်ဆောင်ရွက်ရသောစနစ်ဖြင့် တည်ဆောက်ထားပြီး ဟဲထန်ဆည် ရေထုတ်မြောင်းမှနေ၍ ရေပေးဝေသောမြောင်းနှင့် ရေပိုလျှံလျှင်လွှဲပေးနိုင်သော ရေလွှဲမြောင်းဟူ၍ မြောင်း နှစ်မြောင်းခွဲပြီးတည်ဆောက်ထားပါကြောင်း၊ ရေထုတ်ပေါက်ရေတံခါးသည် သစ်သားတုံးဖြင့် တပ်ဆင်ဆောင်ရွက်ရသောကြောင့် ရေလုံအောင် ထိန်းသိမ်းနိုင်မှုမရှိခြင်း၊ ရေလွှဲမြောင်းမှာ သဲနုန်းများပို့ချပြီး တိမ်ကောနေခြင်း၊ ဆည်ပေါင်၏ အစိတ်အပိုင်းအချို့နိမ့်ကျခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ရေထုတ်ပေါက်ရေတံခါးများ ဂီယာတပ်ရေတံခါး ရွက်ဖြင့် ပြုပြင်တည်ဆောက်ခြင်း၊ ရေပေးမြောင်းနှင့် ရေလွှဲမြောင်း ခွဲထွက်ရာနေရာတွင် ရေထိန်းရေခွဲအဆောက်အအုံတည်ဆောက်ခြင်း၊ ရေလွှဲမြောင်း သဲနုန်းတူးဖော်ခြင်း၊ ဆည်ပေါင်မြှင့်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီး ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၆၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ လိုအပ်ရန်ပုံငွေကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံပြီး ရန်ပုံငွေ ခွဲဝေရရှိလာပါက ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ နည်းပညာနှင့် စက်ယန္တရားများ အကူအညီဖြင့် လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း **စာမျက်နှာ ၇ သို့**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်း

**နေပြည်တော် နိုဝင်ဘာ ၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး နဝမနေ့တွင် ကြယ်ပွင့်ပြမေးခွန်း ၅ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးကျော်နီနိုင်၏ **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၁၆)ခုတင်ဆံ့ ချင်းရွှေဟော် ပြည်သူ့ဆေးရုံကြီးကို (၂၅)ခုတင်ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ချင်းရွှေဟော် (၁၆)ခုတင်ဆံ့ ဆေးရုံအား (၂၅)ခုတင်ဆံ့အဖြစ် တိုးမြှင့်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၏ ဇူလိုင် ၂၁ ရက်တွင် ကျင်းပသည့် အစည်းအဝေးတွင် သဘောတူညီပြီး ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်စွဲပါ စာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါကြောင်း၊ စက်တင်ဘာ ၂၈ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၇) ၌ (၁၆) ခုတင်မှ (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်တိုးမြှင့်ရန် ခွင့်ပြုပြီးဖြစ်ပါသဖြင့် ဖွဲ့စည်းပုံ ခွင့်ပြုမိန့်ထုတ်ပြန်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လိုက်လျောညီထွေဖြစ်သော အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် ကုသရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ ရန်ပုံငွေအဆိုပြု တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ်တွင် စံချိန်မီ မိုးလုံလေလုံ မြို့နယ်အားကစားရုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်**



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



ရှမ်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၁)မှ ဦးကျော်နီနိုင်

**ငွေလုံးငွေရင်း (မူလ) အသုံးစရိတ်တွင် ထည့်သွင်းပေးရန်နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံတော်ကိုယ်စားပြုခဲ့သည့် ချင်းပြည်နယ်မှ အားကစားသမား (၃) ဦးတို့အား ၎င်းတို့နှင့် ထိုက်တန်သည့် အလုပ်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စံချိန်မီမိုးလုံလေလုံ အားကစားရုံ (အလျား ပေ ၁၂၀ × အနံ ပေ ၉၀ ) တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ် သန်း၃၀၀နှင့် မိုးလုံလေလုံ အားကစားရုံခြံစည်းရိုး ကာရံခြင်းအတွက် ငွေကျပ် ၃၆သန်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းတင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ မြေနေရာအား ထန်တလန်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန အမည်ပေါက်နှင့် ဘတ်ဂျက်ခွင့်ပြုငွေ ရရှိပါက ချက်ချင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ကိုယ်စားပြုယှဉ်ပြိုင်ခဲ့သည့် ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ အားကစားသမား သုံးဦးတို့အား အလုပ်ခန့်ထားပေးရေးကိစ္စနှင့်ပတ်သက်၍ ဦးလျန်ထန်ဗွီး (ပြေးခုန်ပစ်) အားကစားနည်းစနစ်ရာထူးဖြင့် အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ)တွင် ခန့်အပ်ထားရှိပြီး ဖြစ်ပါကြောင်း၊ ကျန်အားကစားသမား နှစ်ဦးအား အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်၊ မုံရွာ) ကျောင်းများတွင် လိုအပ်သည့် နည်းပြ (နည်းစနစ်)ရာထူးနေရာများတွင် အလုပ်ခန့်ထားနိုင်ရေးအတွက် အရည်အချင်းစစ် စာမေးပွဲဖြင့် လူတွေ့စစ်ဆေးဆောင်ရွက်ထားရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိသည့် မောင်လာလ်ဒန်မွေး (ပြေးခုန်ပစ်) အား အလုပ်ခန့်ထားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားသမား နောက်တစ်ဦးဖြစ်သည့် မောင်လာလ်ထောင်းလျန် (နပန်း)နှင့် ပတ်သက်၍ မကြာမီက ဖွင့်လှစ်ပေးခဲ့သည့် အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်၊ မုံရွာ) ကျောင်းများတွင် အားကစားနည်း ၁၀ နည်းရှိပြီး နပန်းအားကစားနည်းမှာ မပါဝင်သည့်အတွက် ယခုလောလောဆယ်တွင် အလုပ်ခန့်ထားနိုင်ခြင်းမရှိဘဲ နောက်ပိုင်းတွင် ကျန်သည့် အားကစားနှင့်ကာယသိပ္ပံကျောင်း လေးကျောင်းတွင် နပန်းနှင့် ပတ်သက်၍ ရာထူးလစ်လပ်သည်ဖြစ်စေ၊ ရာထူးထပ်တိုးပေးခြင်းဖြစ်စေ နည်းပြစနစ်ရာထူးများနေရာတွင် ခန့်အပ်ခွင့်ရရှိပါက ဦးစားပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဒေါက်တာကျော်ငွေ၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက **မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးလားလ်မင်းထန်က အဆိုပါ ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၈ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာရောဘတ်ချွာအား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိအမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**
တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာရောဘတ်ချွာအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် စင်ကာပူ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီပံ့ပိုးမှုများ၊ နှစ်နိုင်ငံ လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းလောင်းအခြေခံသင်တန်းနှင့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၃) သင်တန်းများ ဖွင့်



**ရန်ကုန် နိုဝင်ဘာ ၆**
အရာထမ်းလောင်းအခြေခံသင်တန်း ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ယခုသင်တန်းကို နိုင်ငံ့တာဝန်စတင်ထမ်းဆောင်ကြမည့် အရာထမ်းလောင်းများနှင့် နိုင်ငံသားပိုင် ပြင်ပပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ စွမ်းဆောင်ရည်ပိုမိုမြှင့်တင်ပေးနိုင်ရေးနှင့် အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများဖြစ်လာစေရေး၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒရည်မှန်းချက်များကို အထောက်အကူဖြစ်စေရေး၊ ပြည်သူပိုင်ကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် အရာထမ်းလောင်းများနှင့် ပြင်ပပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများကို စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးပညာဌာန၊ ဥပဒေပညာဌာန၊ လူမှုရေးသိပ္ပံပညာဌာန၊ နိုင်ငံရေးသိပ္ပံပညာဌာန၊ အင်္ဂလိပ်ဘာသာပညာဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနစသည့် ပညာဌာနခုနစ်ခုက သင်တန်းဆရာ ဆရာမများနှင့် ပြည်တွင်းပြည်ပပညာရှင်များက နိုင်ငံတကာစံနှုန်းများနှင့်အညီ အဆင့်အတန်းရှိရှိ ပြုစုထားသည့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားများကို ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ပူးပေါင်း၍ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာစီမံချက် (Civil Service Reform Strategic Action Plan)၊ နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေး သတ်မှတ်ချက်မူဘောင် (Civil Service Competency Framework)၊ ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစီအစဉ် (Leadership Development Scheme)၊ နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏ အမြင်သဘောထားကို လေ့လာဆန်းစစ်မှုစစ်တမ်း (Public Perception Survey)များကို ဆောင်ရွက်လျက်ရှိပြီး EU GOPAနှင့်လည်း ပူးပေါင်းကာ ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ သင်တန်းများအတွက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားများ ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်များဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်စနစ် ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ပြည်သူများ၏လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် အနီးကပ်ဝန်ဆောင်မှုပေးရသည့် နိုင်ငံ့ဝန်ထမ်း၏စွမ်းအား(Ability)နှင့် စွမ်းဆောင်ရည်(Capability)တို့သည် အလွန်အရေးကြီးသည့်အတွက် စွမ်းအားနှင့်စွမ်းဆောင်ရည်များ အစဉ်တိုးတက်နေစေရေး ဆက်လက်ရှာဖွေစုဆောင်းလေ့လာသွားရန် အနာဂတ်နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကို မောင်းနှင်ကြမည့် ယနေ့သင်တန်း တက်ရောက်သည့် နိုင်ငံ့ဝန်ထမ်းအရာရှိလောင်းများ၊ ပုဂ္ဂလိကဝန်ထမ်းလူငယ်များအနေဖြင့် မိမိတို့သိရှိထားပြီးဖြစ်သော ကျွမ်းကျင်မှုအလိုက် ရရှိထားသည့် အသိပညာ၊ အတတ်ပညာများကိုအခြေခံပြီး ယခုသင်တန်းတွင် သင်ယူလေ့လာရရှိမှုများနှင့် ပေါင်းစပ်ကာ မိမိ၏အတွေးအခေါ်၊ အသိဉာဏ်ပညာ၊ အရည်အချင်းများနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏ စီမံအုပ်ချုပ်ရေးယန္တရားကြီး အောင်မြင်စွာလည်ပတ်နိုင်ရေးနှင့် ပြည်သူများကို ဝန်ဆောင်မှုပေးနိုင်ရေးအတွက် သင်တန်းသား သင်တန်းသူ အရာရှိလောင်းများက တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ဦးကောင်း တစ်ယောက်ကောင်းမှတစ်ဆင့် အစုအဖွဲ့၊ ထိုမှတစ်ဆင့် ဝန်ထမ်းအဖွဲ့အစည်းအပေါ် သစ္စာရှိပြီး လိုလားတက်ကြွစွာဖြင့် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းကောင်းများဖြစ်လာကာ ယင်းစွမ်းဆောင်မှုတို့ဖြင့် ဝန်ထမ်းအဖွဲ့အစည်း၏ ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်အောင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီပေးကြရန်နှင့် ဝန်ထမ်းသက်တမ်းတစ်လျှောက် အစဉ်လေ့လာသင်ယူပြီး ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့် အုပ်ချုပ်မှုယန္တရား လည်ပတ်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်ကြရန် တိုက်တွန်းလိုကြောင်း ၎င်းကပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာဦးပွား၊ တက္ကသိုလ်အကြံပေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး၊ ဒုတိယပါမောက္ခချုပ်များနှင့် ဌာနကြီးမှူးများ၊ ပါမောက္ခ၊ ပညာဌာနမှူးများ၊ ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ နည်းပြများနှင့် သင်တန်းတက်ရောက်မည့် သင်တန်းသား ၅၈ ဦး၊ သင်တန်းသူ ၁၁၄ ဦး၊ စုစုပေါင်း ၁၇၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်ထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)ခြောက်မှု စီရင်ချက်ချခုနစ်မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် နိုဝင်ဘာ ၆**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိုးနိုင်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ခြောက်မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) ခုနစ်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လမ်း၊ တံတားအသုံးပြုခများကို ရာပြည့်ကိန်းများဖြင့် ပြင်ဆင်ကောက်ခံမည်

**နေပြည်တော် နိုဝင်ဘာ ၆**
တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းပိုင်းများရှိ တိုးလ်ဂိတ်များတွင် ကျသင့်လမ်းအသုံးပြုခ ပေးဆောင်ရာ၌ ကျပ်စွန်း၊ ဆယ်ဂဏန်းစွန်းများကြောင့် အကြွေပြန်လည်အမ်းရာတွင် အခက်အခဲတွေ့နေရသဖြင့် အဆိုပါကောက်ခံနှုန်းထားများကို ပြန်လည်စိစစ်၍ ကျပ်ဂဏန်း၊ ဆယ်ဂဏန်းအစွန်းများအစား ရာပြည့်ကိန်းများဖြင့် ပြင်ဆင်ကောက်ခံသွားရန် နိုဝင်ဘာလအတွင်း ပညာပေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁ ရက်မှ စတင်၍ လမ်း၊ တံတားအသုံးပြုခများကို စိစစ်ပြင်ဆင်ထားသည့် ရာပြည့်ကိန်းများဖြင့် ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူများသိရှိနိုင်ရေး အသိပေးထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**အာရှ-ပစိဖိတ် ရေညီလာခံမှ**

ယခင်အစည်းအဝေးတွင် သောက်သုံးရေ အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်းအား ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေး၊ ရေဥပဒေမူကြမ်းတွင် ပြင်ဆင်ဖြည့်စွက်ချက်များ၊ အခြားဥပဒေများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်သည့် အချက်များနှင့် ပတ်သက်၍ အကြံပြုရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သဘာဝရေထွက်များ၏ စာရင်းများကောက်ယူပြီး ဦးစားပေးအဆင့်အလိုက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို ဆွေးနွေးခဲ့ကြပါကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် ဆက်နွှယ်သည့် လုပ်ငန်းများကို ဝိုင်းဝန်းညှိနှိုင်း၍ စိစစ်ပြီး မိမိတို့နိုင်ငံအတွက် အမှန်တကယ် ထိရောက်အကျိုးရှိစေမည့် လုပ်ငန်းများအား ဦးစားပေး ညှိနှိုင်းဆောင်ရွက်ကြစေလိုပါကြောင်း။

စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်နွှယ်သည့် အခြားဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ရေရှည် ပြန်လည် အသုံးချနိုင်ရန်အတွက် စဉ်းစားဆောင်ရွက်ကြစေလိုပါကြောင်း။

မိမိတို့ကော်မတီအနေဖြင့် ရေဆိုင်ရာကဏ္ဍတွင် တိုင်းရင်းသားပြည်သူလူထုအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရေး၊ ရေနှင့်ဆက်နွှယ်သည့် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေး၊ ရေရှည်တည်တံ့သော ရေအသုံးချမှုဖြစ်ပေါ်စေရေး၊ နယ်စပ်ဖြတ်ကျော်မြစ်များတွင် အိမ်နီးချင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရေနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ၊ နည်းပညာများရယူ၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ ရေဆိုင်ရာအချက်အလက်များ စုစည်းပြုစု၍ သတင်းအချက်အလက်များ ဖြန့်ဝေရေး၊ ရေဆိုင်ရာအသိပညာပေးလုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရေး၊ နိုင်ငံတော်မှ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ရေဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ပံ့ပိုးပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ကော်မတီအတွက် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်သော တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညီလာခံကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် အတွင်းရေးမှူးရုံးလုပ်ငန်းအဖွဲ့တို့ကို နိုင်ငံတော်မှ ဖွဲ့စည်းပေးခဲ့ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေညီလာခံသို့ နိုင်ငံပေါင်း ၄၈ နိုင်ငံမှ နိုင်ငံ့အကြီးအကဲများနှင့် ခေါင်းဆောင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ဖိတ်ကြားထားပြီး နိုင်ငံတော်အဆင့် ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း။

တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံတွင် Thematic Session ၁၀ ခုဖြင့် ဆွေးနွေးသွားမည်ဖြစ်ပြီး Session Chair, Session Organizer, Panelist/Presentor တို့အတွက် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်နိုင်ရေး၊ အာရှ-ပစိဖိတ် ရေဖိုရမ်နှင့် ညှိနှိုင်း၍ မြန်မာဘက်မှ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အကြံပေးအဖွဲ့မှ ပညာရှင်များ အားလုံးပူးပေါင်းပါဝင်၍ ပံ့ပိုးကူညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံနှင့် ပြည်သူများအတွက် ထိရောက်သည့် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့အားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆန္ဒပြုတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ တတိယအကြိမ် ရှေ့လုပ်ငန်းစဉ် ညှိနှိုင်း အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလားတူ ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးကလည်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အကြံပေးအဖွဲ့ဝင်များက အမျိုးသားရေဥပဒေ(မူကြမ်း)ရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့် အကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့ပြင် အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရေနှင့် ဆက်နွှယ်သည့် လုပ်ငန်းများအပေါ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ဆွေးနွေးအကြံပြုချက်များအပေါ် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးသည်။

**သတင်းစဉ်**

**စာမျက်နှာ ၅ မှ**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ မိုင်းပန် မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုးနှင့် ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

ကနီ မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်က **သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့်ခွင့်ပြုချက်အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ် ရယူထားမှုများ၌ ကာလအတန်ကြာ လုပ်ကိုင်ခဲ့ကြသော မူလတောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာ အငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည်စိစစ်ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် သစ်တောနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများကို နိုင်ငံ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝနယ်မြေများကို နိုင်ငံ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရန် ရည်မှန်းချက်ထား ဆောင်ရွက်နေသည်ဟု သိရပါကြောင်း၊ သဘာဝသစ်တောကြီးများ အမြန်ပျောက်ကွယ်ခဲ့ရမှုကို တောင်သူများ၏ ခုတ်ထွင်ရှင်းလင်းမှုကြောင့် ဆိုသည်မှာ တစ်စိတ်တစ်ဒေသအားဖြင့် မှန်သော်လည်း နိုင်ငံတော်၏ သစ်တောကြီးများ အလျင်အမြန် ပျောက်ကွယ်ခဲ့ရခြင်း၏ အဓိက အကြောင်းမှာ တရားဝင်၊ တရားမဝင် သစ်ထုတ်ယူခွင့်ပေးခဲ့ကြခြင်းကြောင့် ဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် မူလလုပ်ကိုင်ခဲ့ကြသော တောင်သူများ၏ မြေများကို လုပ်ပိုင်ခွင့် ခွင့်ပြုချက်ဂရန်အမျိုးမျိုးဖြင့် သိမ်းဆည်းထားကြသည့်သူများသည် ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ဥပဒေစည်းကမ်းချက်များကို လိုက်နာမှုမရှိဘဲ မြေလက်ဝါးကြီးအုပ်၍ သစ်တောသယံဇာတ၊ သဘာဝသယံဇာတများကို စည်းကမ်းမဲ့ ထုတ်ယူမှုများ ရှိနေခြင်းကြောင့် လည်းကောင်း၊ အချိန်ကာလကြာရှည်စွာ နစ်နာနေကြသော တောင်သူများအတွက် နစ်နာမှုမရှိစေရေး ဖြေရှင်းပေးနိုင်ရန်အတွက် လည်းကောင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒအခန်း ၃ အခြေခံမူများ၏ အပိုဒ် ၈ တွင် မြေအသုံးချမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အများပြည်သူ၏ အကျိုးစီးပွားနှင့် ပုဂ္ဂလိကကုမ္ပဏီတို့၏ အကျိုးစီးပွားတို့ ယှဉ်ပြိုင်လာပါက အများပြည်သူအကျိုးစီးပွားကို ဦးစားပေးရန်ဟု ဖော်ပြချက်များအရ လည်းကောင်း၊ သစ်တောမြေနှင့် မြေလွတ်၊ မြေရိုင်းများပေါ်တွင် လုပ်ပိုင်ခွင့်ဂရန် ရရှိထားသူများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မူဝါဒ၊ ညွှန်ကြားချက်များဖြင့် ဆောင်ရွက်နေမှုများသည် ၎င်းမြေပေါ်ရှိ သိမ်းဆည်းခံ မူလတောင်သူများကို နစ်နာမှုများရှိနိုင်သည့်အပြင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ထိခိုက်နိုင်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသည့် **ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်**

# အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပြပွဲ ဖွင့်ပွဲ အခမ်းအနား တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၆**

အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ (Defence & Security 2017) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ IMPACT Exhibition Center ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံပေါင်း ၄၀ ကျော်မှ တပ်မတော် အကြီးအကဲများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး Gen.Prawit Wongsuwon က အဖွင့်မိန့်ခွန်းပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အကြီးအကဲများနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ ဖွင့်ပွဲ အခမ်းအနားတက်ရောက်လာသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ပြခန်းများအတွင်း ခင်းကျင်းပြသထားသည့် ကာကွယ်ရေးဆိုင်ရာ စစ်လက်နက်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကို လှည့်လည် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး Gen.Prawit Wongsuwon က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အင်ဒိုနီးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Gatot Nurmantyo နှင့် ယနေ့ နံနက်ပိုင်းတွင် IMPACT Exhibition Center ရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးစခန်းများအား အင်အားသုံး အကြမ်းဖက်တိုက်ခိုက်ခဲ့မှုနှင့် ဒေသခံတိုင်းရင်းသားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့မှု၊ အဆိုပါ အခြေအနေများအား မီဒီယာများမှ မိမိတို့အား စွပ်စွဲပြောကြား၍ သတင်းမှားများ ထုတ်လွှင့်နေမှု၊ မိမိတို့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက်နေမှုကို ရှင်းလင်း ပြောကြားသည်။

အင်ဒိုနီးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိပြည်သူများအား အကြမ်းဖက်တိုက်ခိုက်မှုရန်မှ ကာကွယ်ရေးသည် ကမ္ဘာပေါ်တွင်ရှိသည့် တပ်မတော်သားတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ လူမျိုးရေး မခွဲခြားဘဲ တပ်မတော်မှ ကူညီ စောင့်ရှောက်ပေးနေမှုများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုသို့ဆောင်ရွက်နေမှုများအား ကမ္ဘာက သိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် Gen. Haspong Yuvarnavandhana က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လွှတ်တော်သို့ လာရောက် လေ့လာကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမမြောက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် ၉ မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်၏ မိတ်ဆွေများဖြစ်ကြသည့် မုံရွာမြို့ ပါရမီပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဦးသာအောင် ဦးဆောင်သည့် ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူ ၂၂၁ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော် အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

# ကျွန်တော်တို့ရဲ့ ဆောင်ရွက်နေမှုဟာ တကယ်ကို ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုကို ဦးတည်တယ်၊ ငြိမ်းချမ်းမှုနဲ့ ဖွံ့ဖြိုးမှုဆက်စပ်နေတယ် ဖွံ့ဖြိုးမှုကို အားစိုက်ဆောင်ရွက်တဲ့အတွက် ငြိမ်းချမ်းမှုလည်း လိုက်ပါလာမှာဖြစ်ပါတယ်

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)အနေဖြင့် လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်ရေးအတွက် ပြီးခဲ့သည့်ရက်ပိုင်းက ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် မောင်တောဒေသသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။**

**အဆိုပါ UEHRD စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ပြည်သူများ ပိုမိုသိရှိနိုင်စေရန် UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်-**



ဒေါက်တာဝင်းမြတ်အေး (ပြည်ထောင်စုဝန်ကြီး)

**မေး။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကို ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းခဲ့တယ်ဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ရခိုင်ပြည်နယ်မှာ ဆောင်ရွက်ဖို့အတွက် ပြည်ထောင်စုစီမံကိန်းဆိုပြီး Union Enterprise for Humanitarian Assistance,Resettlement and Development ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီစီမံကိန်းဖွဲ့စည်းဖို့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အောက်တိုဘာ ၁၅ ရက်မှာ ပြည်သူလူထုကို ရှင်းလင်းတင်ပြခဲ့တယ်။ အောက်တိုဘာ ၁၇ ရက်မှာ ဖွဲ့စည်းခဲ့တယ်။

ပြည်ထောင်စုစီမံကိန်းဆိုတာ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူအားလုံးပါဝင်ပြီး ပြည်သူအားလုံးရဲ့အင်အားနဲ့ ဆောင်ရွက်မယ့်စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ပထမအချက်အနေနဲ့ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး အလုပ်လုပ်နေတဲ့နေရာမှာ အဆင်မပြေတာတွေ၊ စားဝတ်နေရေး အဆင်မပြေတာတွေရှိတဲ့အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီကို ပိုပြီးထိထိရောက်ရောက် ကူညီဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ဩဂုတ် ၂၅ ရက်ကတည်းက လူသားချင်းစာနာထောက်ထားမှုအကူအညီတွေကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနဲ့ ပြည်သူတွေအားလုံးပူးပေါင်းပြီး အဓိကဆောင်ရွက်ခဲ့ပါတယ်။ အစိုးရအနေနဲ့ တကယ်ကို အင်တိုက်အားတိုက် ချက်ချင်းရတဲ့နည်းနဲ့ ဆောင်ရွက်ခဲ့တာရှိပါတယ်။ အခုထောက်ပံ့တဲ့အစီအစဉ်က ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်နဲ့ အားလုံးကို လွှမ်းခြုံနိုင်အောင်ဆိုပြီး အရှိန်မြှင့်ဆောင်ရွက်တာဖြစ်ပါတယ်။

ဒုတိယအချက်က စနစ်တကျ ပြန်လည်လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေး ဖြစ်ပါတယ်။ လူကြောင့်ဖြစ်တဲ့ ပဋိပက္ခကြောင့်ပဲဖြစ်ဖြစ်၊ သဘာဝဘေးကြောင့်ပဲဖြစ်ဖြစ် ဖြစ်ပြီးရင် ပြန်လည်ထူထောင်တဲ့ လုပ်ငန်းဆိုတာ လုပ်ရပါတယ်။ အခုရခိုင်ပြည်နယ်မှာ ဖြစ်တာကတော့ လူကြောင့်ဖြစ်တဲ့ ပဋိပက္ခကြောင့်ဖြစ်တဲ့ဘေးဖြစ်ပါတယ်။ ဒီဘေးနဲ့ ပတ်သက်လို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်ဖို့၊ ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားတဲ့၊ နိုင်ငံအတွင်းမှာ နေထိုင်ခဲ့တဲ့သူတွေကို စနစ်တကျနဲ့ ပြန်လည်လက်ခံဖို့ဖြစ်ပါတယ်။

တတိယအချက်ကတော့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ရေရှည်ပဋိပက္ခကင်းဝေးရေး ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်တဲ့နေရာမှာ ဒီဒေသရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းအားဖြင့် နောက်ထပ် ပဋိပက္ခဖြစ်ပွားမှုကို လျော့နည်းစေတဲ့ သဘောရှိပါတယ်။ ပြန်လည်ထူထောင်ရေးနဲ့ ဖွံ့ဖြိုးရေးတစ်ဆက်တည်းမှာပဲ ရေရှည်ပဋိပက္ခကင်းဝေးရေးကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီရည်ရွက်ချက်တွေနဲ့ ပြည်ထောင်စု စီမံကိန်းကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**မေး။ ပြီးခဲ့တဲ့ ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်လုပ်ရပ်ကြောင့် ရခိုင်ပြည်နယ်ဒေသအတွင်းက ပြည်သူတွေ အိုးပစ်အိမ်ပစ်ပြီး ဘယ်လောက်ထွက်ပြေးခဲ့ရသလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်နဲ့ပတ်သက်ပြီး ပြည်သူလူထုက စိုးရိမ်ကြောင့်ကြကြတယ်။ ဒေသခံတိုင်းရင်းသားတွေ အလွန်ကြောက်ရွံ့ပြီး နေရပ်ကိုစွန့်ခွာကြတယ်။ မနေရဲကြတော့ဘူး။ စွန့်ခွာမှု တကယ်အဖြစ်များခဲ့တဲ့ နေရာတွေကတော့ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်ဖြစ်ပါတယ်။ မောင်တောကနေ ၂၇၂ ရွာ၊ ဘူးသီးတောင်ကနေ ၂၉ ရွာ၊ ရသေ့တောင်ကနေ ၁၈ ရွာ။ အဲဒီရွာတွေက နေအိမ်တွေ မီးလောင်ပျက်စီးဆုံးရှုံးခဲ့တယ်။ အဲဒီရွာတွေက လူတွေ အကုန်လုံးနီးပါး ပိုပြီး လုံခြုံစိတ်ချရမယ်ဆိုတဲ့ နေရာတွေကို ထွက်ပြေးလာကြတယ်။ အများစုကတော့ စစ်တွေရောက်ပါတယ်။

**မေး။ UEHRD လည်း ဖွဲ့စည်းပြီးပြီဆိုတော့ နေရပ်စွန့်ခွာသူတွေအနေနဲ့ နေရပ်ကို ပြန်လည်နေထိုင်ဖို့ ဘယ်လိုဆောင်ရွက်နေလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ အဲဒီဒေသအတွက် လက်ရှိအခြေအနေမှာ လုံခြုံစိတ်ချရဖို့က အရေးကြီးပါတယ်။ လုံခြုံစိတ်ချမှုရှိပြီဆိုရင် သူတို့ရဲ့ မူလနေရာတွေကို ပြန်ရောက်ဖို့ရှိပါတယ်။ မူလနေရာက ကျေးရွာမှာ ဒီအတိုင်းပဲ အိမ်တွေ၊ ယာတွေရှိနေမယ်ဆိုရင် တက်နေရုံပါပဲ။ ဒါပေမယ့် တချို့ မြို့၊ ဒိုင်းနက်အစရှိတဲ့ တိုင်းရင်းသားလူနည်းစုရွာတွေကျတော့ လုံးဝမီးလောင်သွားတာတွေရှိပါတယ်။ ပြန်လည်နေရာချထားရေးဆိုတာ အလွန်အရေးကြီးလာပါတယ်။

သူတို့ မီးမလောင်တဲ့ရွာတွေက ဆွေမျိုးသားချင်းတွေ၊ အသိတွေဆီမှာ ပူးပေါင်းနေထိုင်နေရတာတွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ အရေးပေါ်ဆောင်ရွက်ပေးရပါမယ်။ ပြန်လည်နေရာချထားတဲ့အခါမှာ ပိုစိတ်ချရတဲ့ပုံစံနဲ့ တိုင်းရင်းသားလူနည်းစုတွေကို စုစုစည်းစည်းဖြစ်အောင် သူတို့နေရာတွေကို ပြန်လည်ဆောက်လုပ်ပေးပါမယ်။

**မေး။ အားလုံးပါဝင်ဆောင်ရွက်ရေးဆိုတာနဲ့ ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်နေသလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ဒါနဲ့ပတ်သက်ပြီး ပြည်ထောင်စုစီမံကိန်းကြီးဆိုတာ ပေါ်ပေါက်လာပါတယ်။ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ပြည်သူလူထုနဲ့ သက်ဆိုင်ရာတာဝန်ရှိတဲ့ အကြီးအကဲတွေ အားလုံး ဦးဆောင်ပြီးတော့ ပါဝင်ဆောင်ရွက်လာတာ တွေ့ရပါတယ်။ အခုစီမံကိန်းမှာ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက် ရှိပါတယ်။ ညှိနှိုင်းရေးမှူးချုပ်က ပြည်သူထဲကနေ လှူဒါန်းချင်တဲ့ ဆန္ဒရှိတဲ့လူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ဖောင်ဒေးရှင်းတွေ၊ ပါဝင်ဆောင်ရွက်မယ့်သူတွေ၊ ပြည်သူ ပြည်သားတွေ၊ ပြည်တွင်းလုပ်ငန်းရှင်တွေ၊ ပြည်တွင်းမှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေ၊ ဆောင်ရွက်ချင်တဲ့ လူတွေကို စုစည်းညှိနှိုင်းပေးပါတယ်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေလုပ်တာ၊ နေရာချဖို့အတွက် စီစဉ်တဲ့နေရာမှာ အားလုံးက ဝိုင်းဝန်းပြီး ဒီကိစ္စကို စတင်ဆောင်ရွက်နေပါတယ်။ စတင်တဲ့အခါမှာ အဖွဲ့တွေဖွဲ့ပါတယ်။ ဆွေးနွေးတိုင်ပင်တာတွေလုပ်ပါတယ်။ လိုအပ်ချက်တွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ကျွန်တော်တို့ စီမံကိန်းမှာ တာဝန်ရှိတဲ့သူတွေ ညှိနှိုင်းပါတယ်။ ပြည်သူတွေကလည်း အရေးကြီးပါတယ်။ ဒေသခံပြည်သူတွေနဲ့လည်း ညှိနှိုင်းဖို့လိုပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၈ ရက်နဲ့ ၂၉ ရက်မှာ ဒေါက်တာအောင်ထွန်းသက်နဲ့ ကျွန်တော် ရခိုင်ဒေသကို ရောက်တယ်။ လူမှုအဖွဲ့အစည်းတွေနဲ့ တွေ့ပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ငန်းမှာ အဓိကပါဝင်မယ့်သူတွေက လူငယ်ထုတွေဖြစ်တယ်။ မြန်မာနိုင်ငံမှာက အင်မတန်မှ ကောင်းတဲ့ တက်ကြွတဲ့ လူငယ်ထုအင်အားတွေရှိပါတယ်။ လူငယ်တွေ ပါဝင်ဆောင်ရွက်လို့ရအောင် လူမှုအဖွဲ့အစည်းတွေလည်း ဒီကိစ္စကို သိအောင်ဆိုပြီး လူမှုအဖွဲ့အစည်းတွေနဲ့ တွေ့တာရှိပါတယ်။ ဒီလိုတွေ့ဆုံတဲ့အခါမှာ ဘယ်လိုဖြစ်ချင်တယ်ဆိုတဲ့ သူတို့ရဲ့ဆန္ဒတွေ၊ ခံစားချက်တွေ၊ ယုံကြည်မှုတွေကို သိရတဲ့အခါ အင်မတန်မှ ကောင်းပါတယ်။ ကျွန်တော်တို့ ဒါတွေအကုန်လုံးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ဖြစ်ချင်တဲ့ ဆန္ဒတွေ၊ လိုလားချက်တွေနဲ့ တကယ်လက်တွေ့မြေပြင်မှာ ဖြစ်နေတဲ့ အဖြစ်အပျက်တွေကို စဉ်းစားဆောင်ရွက်ရမယ်။ ပြောရမယ်ဆိုရင် ရခိုင်ဒေသရဲ့ ကိစ္စဟာ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်ရုံသာမက တစ်ကမ္ဘာလုံးနဲ့ ပတ်သက်လာတယ်။ ဒါကြောင့်မို့ ဆက်စပ်ပြီး စဉ်းစားဆောင်ရွက်ရမယ့် ကိစ္စတွေအများကြီးရှိလာတယ်။ ဒါတွေကို ပွင့်ပွင့်လင်းလင်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**တွေ့ဆုံမေးမြန်း - မျိုးမြင့်၊ မီမီဖြိုး(သတင်းစဉ်)**

## မြန်မာကင်းထောက် ဂီတပွဲတော်နှင့် စပ်လျဉ်းသည့် စာနယ်ဇင်း ရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ ကင်းထောက်ရာပြည့် အထိမ်းအမှတ် အခမ်းအနား အောင်မြင်မှုကို ဂုဏ်ပြုသည့် "မြန်မာကင်းထောက် ဂီတပွဲတော်"နှင့် စပ်လျဉ်းသည့် စာနယ်ဇင်း ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကင်းထောက် ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်တို့က ဂီတပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ကင်းထောက်ကြီး အလင်္ကာကျော်စွာ ဂီတစာဆို ဟသ်ာတဦးမြင့်ဌေးက ဂီတပွဲတော်နှင့် စပ်လျဉ်း၍ အနုပညာပိုင်းဆိုင်ရာ တင်ဆက်ရန် စီစဉ်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာကင်းထောက် ဂီတပွဲတော် ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ကင်းထောက်ကြီး ဦးအေးကြိုင်က ဂီတပွဲတော်တွင် နိုင်ငံကျော် တေးသံရှင်များနှင့်အတူ တက္ကသိုလ်ကင်းထောက်မောင်မယ်များနှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်မောင်မယ်များ ငြိမ်းချမ်းရေးတေးသီချင်းများနှင့် ကင်းထောက်တေးသီချင်းများ သီဆိုမည့် အစီအစဉ်များကိုလည်းကောင်း၊ Myanmar Media Management မှ တာဝန်ရှိသူများနှင့် တေးသံရှင်များက သီဆိုဖျော်ဖြေမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာနယ်ဇင်းသမားများ၏ မေးမြန်းမှုများကို မြန်မာနိုင်ငံ ကင်းထောက် ဂီတပွဲတော်ကျင်းပရေး ကော်မတီဝင်များက ရှင်းလင်းဖြေကြားသည်။

မြန်မာကင်းထောက် ဂီတပွဲတော်ကို နိုဝင်ဘာ ၁၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပမည်ဖြစ်ရာ တေးသံရှင် ဟန်ထွန်း၊ အာဇာနည်၊ ဂျီလတ်၊ သအို၊ ဝေလ၊ ဖြိုးပြည့်စုံ၊ သားငယ်၊ နီနီခင်ဇော်၊ ဆိုဖီယာ၊ ဘီလီလမင်းအေး နှင့် တေးသံရှင်များက တေးသီချင်းများ သီဆိုဖြေဖျော်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးကို ဦးတည်သော တေးသီချင်းများ၊ ကင်းထောက်တေးသီချင်းများဖြစ်သည့် "ငြိမ်းချမ်းရေး၏ သံတမန်များ" နှင့် "ကင်းထောက် ဂုဏ်ရည်" တေးသီချင်းများကို တက္ကသိုလ်ကင်းထောက်မောင်မယ်များနှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်မောင်မယ်များက တေးသီချင်းများ သရုပ်ဖော်သီဆိုကြမည်ဖြစ်သည်။

ထို့အပြင် ကင်းထောက်မောင်မယ်များ ဆောင်ရွက်ခဲ့သည့် ပြည်တွင်းပြည်ပလှုပ်ရှားမှုများကို ပြသထားမည့် ပြခန်းများ၊ သရုပ်ပြအစီအစဉ်များ၊ ကင်းထောက် အမှတ်တရ ပစ္စည်းများပြခန်းနှင့် အရောင်းဆိုင်များလည်း ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ သတင်းရရှိသည်။ **သတင်းစဉ်**




**မြန်မာကင်းထောက် ဂီတပွဲတော်နှင့်ပတ်သက်သည့် စာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်မြို့ တော်ဝင်ဂါးဒင်း ဟိုတယ်ခန်းမ၌ ကျင်းပစဉ်။ (မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်)**

# World Vision မှ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ရေသန့်ဆေးထုပ်တစ်သန်း လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၆**

World Visionမှရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် မြန်မာငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ ရေသန့်ဆေးထုပ်တစ်သန်းအား UEHRD သို့ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်လှူဒါန်းခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်ကလက်ခံသည်။

ထို့နောက် World Visionအနေဖြင့် မြန်မာနိုင်ငံအတွင်းဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့် မြို့နယ်နှင့်ကျေးရွာများတွင် အကောင်အထည်ဖော်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အသေးစားချေးငွေစီမံကိန်းကိစ္စရပ်များအား ဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဦးစိုးအောင်က ယခုလိုရေသန့်ဆေးပြားများ လာရောက်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ပါကြောင်းပြောကြားပြီး ဝန်ကြီးဌာနနှင့်ရှေ့ဆက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်နေသော လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့ပေးရေးလုပ်ငန်းများတွင် World Visionအနေဖြင့် ပူးပေါင်းပါဝင်နိုင်မည့်ကဏ္ဍများအား အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# မောင်တောမြို့ ရွှေဇားကျေးရွာတွင် National Verification Card များ ပြုလုပ်ပေးလျက်ရှိ

**မောင်တော နိုဝင်ဘာ ၆**

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ၁၉၄၉ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေအရ National Verification Card (NVC) မရရှိသေးသူ အမျိုးသား အမျိုးသမီး ၁၁၅ ဦးအား မောင်တောမြို့ ရွှေဇားကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ယနေ့မွန်းလွဲမှစတင်၍ NV ကတ်ပြားများကို မောင်တောမြို့နယ် လူဝင်မှုကြီးကြပ်ရေး ပြည်သူ့အင်အားဦးစီးဌာနက နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မင်းက "မောင်တောမြို့နယ် ရွှေဇားအနောက်ရွာက ဘင်္ဂါလီတွေ အများစုနေထိုင်တဲ့ရွာပါ၊ ဒီမှာရွှေဇားရွာအုပ်စု သုံးစု ရှိပါတယ်၊ အလယ်ရွာ၊ အနောက်ရွာ၊ မြောက်ရွာပါ၊ ဒီနေ့က အမျိုးသား အမျိုးသမီး ၁၁၅ ဦးလာလုပ်တယ်။ ကျွန်တော်တို့ အခုလုပ်ပေးနေတာက National Verification Card (NVC) ရဲ့ ပထမခြေလှမ်းပါ"ဟု ပြောသည်။

မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စုတွင် အောက်တိုဘာ ၁၂ ရက်မှ စတင်၍ National Verification Card (NVC) များကို စတင်လုပ်ဆောင်ပေးခဲ့ပြီး ယနေ့အထိကတ်လုပ်ပြီးသူ ၅၂၄ ဦးရှိကြောင်း သိရသည်။



"၁၉၄၉ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေအရ သူတို့ဟာ ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင်ရမယ်၊ သူတို့ရဲ့ အချက်အလက်ကို ကျွန်တော်တို့က တောင်းဆိုရမယ်၊ တောင်းဆိုတဲ့အခါ မငြင်းဘဲနဲ့ ဒီဥပဒေတွေကို လိုက်နာပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ဥပဒေအရ ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင်ရမယ်၊ အထောက်အထား တစ်မျိုးမျိုးမရှိဘဲ နေလို့ရတဲ့နိုင်ငံဆိုတာ ကမ္ဘာမှာ ဘယ်နိုင်ငံမှ မရှိပါဘူး၊ သူတို့ကို ဒါတွေနဲ့ ပတ်သက်ပြီး ပညာပေးစည်းရုံးလှုံ့ဆော်ဟောပြောနေပါတယ်၊ မီဒီယာက နေတစ်ဆင့်လည်း ပြောပြနေပါတယ်"ဟု ဦးအောင်မင်းက National Verification Card လုပ်ဆောင်ပေးရခြင်း၏ ရည်ရွက်ချက်ကို ရှင်းပြသည်။

National Verification Card လာရောက်လုပ်ဆောင်သူ ဟိန္ဒူဘာသာဝင် ဂေါရာဇ်ကုမာရ် (အသက် ၁၈ နှစ်)က "သွားလာလို့ရအောင် ကတ်လာလုပ်တာပါ၊ ကတ်မရှိရင် ဘယ်မှသွားလို့မရဘူး၊ အိမ်မှာရှိတဲ့ မိသားစုဝင် ငါးဦးစလုံး NV ကတ်လာလုပ်ကြတယ်၊ NV ကတ်လာလုပ်တဲ့အတွက် အခကြေးငွေ ပေးစရာမလိုဘဲ နေ့ချင်းပြီး လုပ်ဆောင်ပေးပါတယ်"ဟုပြောသည်။

National Verification Card ရရှိထားသူများသည် နိုင်ငံခြားသားအဖြစ် ထုတ်ပေးခြင်းမဟုတ်ဘဲ NV ကတ်ကိုင်ဆောင်ထားသူများအား သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက်နှင့် ဝန်ကြီးဘုတ်အဖွဲ့က အဆင့်ဆင့် စိစစ်အတည်ပြုပြီးပါက နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားအသိအမှတ်ပြုခွင့်ကတ်ပြားများ ထုတ်ပေးမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သိရသည်။

**သတင်းအဖွဲ့**

**■ မောင်တောမြို့နယ်မှ**

လိုဏ်ဂူတစ်ခုအား ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါလိုဏ်ဂူသည် အပေါက်ဝမှ ပေ ၃၀ ခန့်ဝင်ရောက်သွားပါက လမ်းခွဲနှစ်ခုရှိကာ ယာဘက်လမ်းခွဲ၏ အရှည်သည် ပေ ၄၀ ခန့်ရှိပြီး ဘေးဝဲ၊ ယာနံရံများ၌ နှစ်ပေခန့်ရှိ လူနေထိုင် အိပ်စက်နိုင်ရန်နေရာများနှင့်အဆုံး၌ ငါးပေပတ်လည်အကျယ်ရှိ မြေလွတ်နေရာတစ်ခုရှိကြောင်း၊ ဝဲဘက်လမ်းခွဲ၏ အရှည်သည်လည်း ပေ ၄၀ ခန့် ရှည်လျားပြီး ဘေးဝဲ၊ ယာနံရံများ၌ နှစ်ပေခန့်ရှိ လူနေထိုင် အိပ်စက်ရန်နေရာများနှင့် လမ်းအဆုံး၌ ထွက်ပေါက်တစ်ခုတို့ကို ပြုလုပ်ထားကြောင်းနှင့် ၎င်းလိုဏ်ဂူသည် ယခင်က အကြမ်းဖက်သမားအင်အား ၂၀ မှ ၂၅ ဦးခန့် နေထိုင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပြီး လိုဏ်ဂူအတွင်းမှ ဆန်အိတ်ပိုင်း ငါးပိုင်း၊ ဆီပုံးခွံ တစ်ခု၊ သဘော်ကွေ့ကျေးရွာနေ မာမတ်တူဆောင်း(ဘ)မိုဟာမတ်ကာလာမျာနှင့် ကျောက်ပန္တကျေးရွာနေ အဒူဟာလိပ်(ဘ)အာဘူဟာရှိန်းတို့၏ အမည်များပါရှိသည့် ကျောင်းသားကတ် နှစ်ခု၊ ကိုရမ်ကျမ်းစာအုပ် သုံးအုပ်နှင့် ဟောင်းနွမ်းနေသည့် အကျီသုံးထည်တို့ကို ရှာဖွေတွေ့ရှိရကြောင်း သိရသည်။

အဆိုပါလိုဏ်ဂူများတွေ့ရှိခဲ့သည့် ကျေးရွာများနှင့် အနီးတစ်ဝိုက်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စစ်ဆေးရှာဖွေလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **သတင်းစဉ်**





# ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှုဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးဝင်း ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြောက်ဦးခရိုင် မြေပုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ရောက်ရှိ၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကျွဲ၊ နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ၊ မျိုးမြှင့်တင်ခြင်းဆိုင်ရာများနှင့် ဌာန၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားနှစ်ကောင်၊ ဆိတ်ခြောက်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဆိတ်သုံးကောင်နှင့် ငါးခူရပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားသုံးကောင်၊ ဆိတ်နှစ်ကောင် စုစုပေါင်းစခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၅၈ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၀၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

## UEHRD ပြည်ထောင်စုစီမံကိန်းလုပ်ငန်းစဉ်တွင် ပြည်သူမှ ပြည်သူသို့ အကူအညီပေးရေး လူငယ်ထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်မည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စုစီမံကိန်း (UEHRD) လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်း လူငယ်များအတွက် လုပ်ငန်းခွင်အကြို သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် ကျင်းပရာ UEHRD ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက UEHRD စီမံကိန်းသည် ပြည်သူ့အားဖြင့် ဆောင်ရွက်မည့် ပြည်ထောင်စုတစ်ခုလုံး ပါဝင်သော စီမံကိန်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ဘေးဒဏ်ခံစားရသည့် ရခိုင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်း အပါအဝင် ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပဋိပက္ခကင်းဝေးရေး စသည့် လုပ်ငန်းစဉ် သုံးရပ်ပါဝင်ပါကြောင်း၊ ပြည်သူ့အင်အားဖြင့် ဆောင်ရွက်ရာတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီကို လူငယ်ထု၏ အင်အားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လူငယ်များသည် အလားအလာကောင်းများကို ပိုင်ဆိုင်ပြီး နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ဆင့်ကမ်း တာဝန်ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူငယ်များ၏ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးမှု အနာဂတ်အလားအလာကောင်းများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မဟာဗျူဟာလမ်းညွှန်ချက်များကို ချမှတ်ပေးနိုင်ရေး တာဝန်ယူ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်တွင် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို နည်းမျိုးစုံဖြင့် စီစဉ်ဆောင်ရွက်ပေးအပ်လျက်ရှိကြောင်း၊ ပိုမိုထိရောက်စေရန် ပြည်ထောင်စုစီမံကိန်း UEHRD အဖြစ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဤစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းလူငယ်များကို လုပ်ငန်းခွင်အကြို သင်တန်းအဖြစ် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်ရန် အခွင့်အရေးကောင်းတစ်ခုဖြစ်သကဲ့သို့ လူငယ်များ၏ စည်းလုံးညီညွတ်မှု၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်ကို ဖော်ပြရာလည်း ရောက်ပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် ဒီမိုကရေစီကျကျ ရေးဆွဲခဲ့သော လူငယ်မူဝါဒကို အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ဖော်ဆောင်ရန် အားထုတ်ကြိုးပမ်းမည့် အစီအစဉ်များအတွက် အထောက်အကူဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ယခုဆောင်ရွက်နေသော လုပ်ငန်းသည် နိုင်ငံရေးအတွက် လူငယ်များကို အသုံးချခြင်းမဟုတ်သည်ကို ပွင့်ပွင့်လင်းလင်း ပြောထားလိုကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေချိန်တွင် လူငယ်များ၏ ပါဝင်မှု၊ ရပ်တည်မှုနှင့် စွမ်းပကားမြင့်မားရေး၊ အရည်အချင်း တိုးတက်ကောင်းမွန်ရေးများသည် နိုင်ငံတော်၏ အနာဂတ်အကောင်းအဆိုးကို ဖော်ညွှန်းမည်ဖြစ်ပါကြောင်း၊ လူမျိုးဘာသာ ဓလေ့ထုံးတမ်းစဉ်လာမတူညီသော်လည်း နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံးကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိသော၊ သာတူညီမျှဖြစ်သော၊ လိုအပ်ချက်အမှန်ကို ဖြည့်ဆည်းပေးနိုင်သော၊ ကူညီထောက်ပံ့မှုမျိုးဖြစ်စေရန် ကြိုးစားဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့်လည်း ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏အရည်အသွေးကို ပိုမိုမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ဖြစ်ပေါ်နေသော ရခိုင်ပြည်သူများ၏အရေးသည် အမျိုးသားရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု ထိပါးရေးအထိ ရောက်ရှိခဲ့သော အခြေအနေဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုစီမံကိန်း UEHRD သည် ပြည်သူတစ်ရပ်လုံးပါဝင်မည့် စီမံကိန်းတစ်ခုဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးဟူသော ရည်ရွယ်ချက် သုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဒေသတွင်း ဘေးဒဏ်ခံပြည်သူများကို အကူအညီပေးရေးတွင် လူငယ်များ၏ ထက်သန်သောရည်မှန်းချက်ဖြင့် မိမိတို့၏ စွမ်းရည်များကို ပြသခွင့်ရသည့် အခြေအနေတစ်ရပ်ပင်ဖြစ်ကြောင်း၊ ထိုသို့ ပါဝင်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းသည် ဒီမိုကရေစီကူးပြောင်းရေးကာလအတွက် ထူးခြားမှုရှိကြောင်း၊ အစိုးရဦးဆောင်သည့် ပြည်ထောင်စုစီမံကိန်းသည် ပြည်သူမှ ပြည်သူသို့ ထောက်ပံ့ကူညီမှုပြုခြင်းဖြစ်ကြောင်း၊ ဘေးဒုက္ခကြုံတွေ့ရသော ပြည်သူများကို ငြိမ်းချမ်းစွာ နေထိုင်နေရသော ပြည်သူများက ကူညီဆောင်ရွက်မှုတွင် လူငယ်များ၏ ပါဝင်မှုအတွက် အစိုးရသည် ဆက်ထုံးအဖြစ် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသည်။




သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ UEHRD ကော်မတီ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ သတင်းနှင့်ဆက်သွယ်ရေး ဒါရိုက်တာ ဦးကျော်မြိုင်၊ ရခိုင်ဒေသခံ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ပထမအကြိမ်သင်တန်းသို့ ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသား စုစုပေါင်း ၈၃ ဦး တက်ရောက်လျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်းရှိ ဘေးဒုက္ခခံစားရသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို မိသားစုလက်ဝယ်အရောက် အဖွဲ့တစ်ဖွဲ့လျှင် ၂၀ စီပါဝင်သော လူငယ်အဖွဲ့များ ဖွဲ့စည်း၍ တစ်ကြိမ်လျှင် ရက် ၂၀ ကြာ အလှည့်ကျ သွားရောက်လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား လုပ်ငန်းများနှင့် လျှပ်စစ်လုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူ-ရမ်းဗြဲလမ်း လေးတောင်ဒေသရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၈)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကင်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တံတားရေလယ်တိုင်များ စတင်တူးဖော်ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရမ်းဗြဲမြို့နယ် အောင်လှပြင်ကျေးရွာသို့ သွားရောက်၍ မာန်အောင်ကျွန်းသို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် မောင်းတက် မောင်းဆင်း ဇက်ရေယာဉ်ဆင်းဆိပ်ကမ်း တည်ဆောက်နိုင်ရေး သွားရောက်ကြည့်ရှုသည်။ တာဝန်ရှိသူများနှင့် ဒေသခံများက နယ်မြေအခြေအနေနှင့် ရေလမ်းကြောင်း အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မောင်းတက် မောင်းဆင်း ဇက်ရေယာဉ်ဆင်းဆိပ်ကမ်း တည်ဆောက်နိုင်ရေးအတွက် ဖြစ်နိုင်စွမ်းရှိသည့် အခြားနေရာများကိုလည်း ဆက်လက်စူးစမ်းရှာဖွေ လေ့လာတင်ပြရန်နှင့် အောင်လှပြင်နှင့်အနီးပတ်ဝန်းကျင် ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း လျာထားဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် အောင်လှပြင်-ရမ်းဗြဲ-ပိန်းနဲ့တောင်လမ်းနှင့် ရန်ကုန်-ကျောက်ဖြူလမ်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ကျောက်ဖြူလမ်းမကြီး (ကျောက်ဖြူ-မအီ) လမ်းပိုင်းပေါ်ရှိ မင်းကြောင်းချောင်းတံတားသို့ ရောက်ရှိကာ ရေလယ်တိုင်များ ဆားငန်ရေတိုက်စားမှုကြောင့် သံကူကွန်ကရစ်များ ပျက်စီးနေ၍ ခေတ်မီကာဗွန်ဖိုက်ဘာနည်းဖြင့် ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ မင်းကြောင်း ချောင်းတံတားနှင့် ရန်ကုန်-ကျောက်ဖြူလမ်းပေါ်ရှိ တံတားများ၏ ကြံ့ခိုင်မှုအခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာရန်နှင့် ဖြစ်တတ်သော နေရာများကို အမှတ်အသားများထားရှိ၍ စောင့်ကြည့်တင်ပြရန် မှာကြားသည်။

ယင်းနောက် မအီ-ပဒဲကြော-အမ်း လမ်းအပိုင်းအား ကြည့်ရှုစစ်ဆေး၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အမ်းပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ခွဲရုံမှူးက ဓာတ်အားခွဲရုံအခြေအနေ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၄၅ အမ်ဗွီအေ အမ်းပင်မဓာတ်အားခွဲရုံမှ ဓာတ်အားချိတ်ဆက်မှု၊ ဓာတ်အားလက်ခံမှုနှင့် ဓာတ်အားဖြန့်ဖြူးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး Control Room နှင့် Switch Yard တို့ကို ကြည့်ရှုစစ်ဆေးသည်။ အမ်းပင်မဓာတ်အားခွဲရုံမှာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရေး ရည်ရွယ်တည်ဆောက်ထားပြီး ဓာတ်အား အထွက်လိုင်း ၃၃ ကေဗွီ အမ်းမြို့တွင်းလိုင်းဖြင့် အမ်းမြို့နယ်နှင့် ကျောက်ဖြူခရိုင်တို့ကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ညနေပိုင်းတွင် မင်းဘူး-အမ်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၈၀/၂ နှင့် ၈၀/၃ ကြားတွင် သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းအနီး မြေပြိုကျနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ပွင့်လင်းရာသီတွင် အပြီးပြင်ဆင်ထိန်းသိမ်းသွားရန် မှာကြားသည်။ ဆက်လက်၍ မင်းဘူး-အမ်း လမ်းအခြေအနေနှင့် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား- မကွေးလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

# စပါးတွေက ဒီ အတိုင်းထားရင် အမှည့်လွန် ကြွေကျမှာပါ

## ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာန အနေနဲ့ ဒီအချိန်မှာ အတတ်နိုင်ဆုံး လာရောက်ဖြည့်ဆည်းပေးတာပါ

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ
သတင်းအဖွဲ့

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနသည် ဘူးသီးတောင်၊ မောင်တောဒေသရှိ ရင့်မှည့်နေသောမိုးစပါးများကို နိုဝင်ဘာလဆန်းမှစတင်၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းသွားမည်ဖြစ်သည်။ ထို့ကြောင့် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်အား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**



ဦးစိုးလှိုင် (ညွှန်ကြားရေးမှူးချုပ်)
စက်မှုလယ်ယာဦးစီးဌာန

**မေး။ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ မောင်တောဒေသမှာ ဘာတွေအကောင်အထည်ဖော် ဆောင်ရွက်နေပါသလဲ။**

ဖြေ။ အခု ဘူးသီးတောင်၊ မောင်တောဒေသမှာ စပါးတွေက ရင့်မှည့်နေပြီး ရိတ်မယ့်သူမရှိဘဲ ပိုင်ရှင်မဲ့နေတာကြောင့် စပါးတွေလေလွင့် ဆုံးရှုံးမှုမရှိအောင် ကျွန်တော်တို့မှာရှိတဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ တတ်နိုင်သရွေ့ ဆောင်ရွက်နေတာပါ၊ အခုဆိုရင် နိုင်ငံတော်ပိုင် ရိတ်သိမ်းခြွေလှေ့စက် ၁၄ စီး၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေနဲ့ဝယ်ထားတဲ့ ရိတ်သိမ်းခြွေလှေ့စက် ၁၈ စီး စုစုပေါင်း ၃၂ စီးနဲ့ ရင့်မှည့်နေတဲ့စပါးတွေ အလေအလွင့်မရှိအောင် အတတ်နိုင်ဆုံး ရိတ်သိမ်းနေပါတယ်၊ စပါးတွေရိတ်သိမ်းတဲ့အခါမှာလည်း ရိတ်သိမ်းတဲ့ ကွင်းအလိုက်၊ ကွင်းနံပါတ်နဲ့ အကွက်လိုက် အကွက်လိုက် ပိုင်ဆိုင်မှုပေါ်မှာ မူတည်ပြီးတော့ ထွက်လာတဲ့စပါးရဲ့ပမာဏကို မြေစာရင်းဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်၊ ပိုင်ဆိုင်မှု ထွက်လာတဲ့စပါးပမာဏကို တွဲပြီးတော့ စာရင်းဇယားတွေ လုပ်ထားပါတယ်၊ ရိတ်သိမ်းပြီးစပါးတွေကို ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ရိတ်သိမ်းပြီးစပါးများ ထိန်းသိမ်းလက်ခံရေးကော်မတီကို ကျွန်တော်တို့ စာရင်းဇယားနဲ့ စနစ်တကျ အပ်နှံနေပါတယ်။

**မေး။ ရင့်မှည့်နေတဲ့စပါးတွေကို ဘယ်ကာလအထိ လူအင်အား၊ စက်အင်အား ဘယ်လောက်အသုံးပြုပြီး ရိတ်သိမ်းခြွေလှေ့ပေးသွားမလဲ၊ ရိတ်သိမ်းနိုင်တဲ့ စပါးဧကအရေအတွက် ဘယ်လောက်ရှိနိုင်မလဲဆိုတာ ဖြေပေးပါခင်ဗျာ။**

ဖြေ။ ရိတ်သိမ်းတဲ့ကာလကို သတ်မှတ်ထားတာကတော့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ ကိန်းဂဏန်းတွေအရဆိုရင် ဘူးသီးတောင်နဲ့ မောင်တောမှာရှိတဲ့ လယ်ဧက ၇၀၀၀၀ ကျော်အနက်မှာ မဖြစ်မနေ ရိတ်သိမ်းပေးရမယ်လို့ ယူဆရတဲ့ လယ်ဧက ၄၀၀၀၀ ပတ်ဝန်းကျင်လောက်ရှိတာပေါ့၊ အဲဒီ ၄၀၀၀၀ ကျော်မှာ ကျွန်တော်တို့ ကွင်းဆင်းကြည့်တဲ့အခါမှာတော့ ကျွဲ၊ နွားတွေ စားသွားတဲ့ စပါးခင်းတွေရှိတယ်။ အချို့စပါးခင်းတွေကျတော့ ချောင်းကူးမြောင်းကူးနဲ့ ကျွန်တော်တို့ စက်ကြီးတွေ ဘယ်လိုမှ မဝင်နိုင်တဲ့ စပါးခင်းတွေရှိတယ်။ ကျွန်တော် မျှော်မှန်းတာကတော့ ရိတ်သိမ်းခြွေလှေ့စက် ၃၂ စီးနဲ့ အခုနိုဝင်ဘာကနေ ဇန်နဝါရီအထိ သုံးလအတွင်း ဧက ၂၀၀၀၀ ကိုတော့ ရိတ်သိမ်းပြီး အပ်နှံသွားမယ်လို့ စီစဉ်ထားပါတယ်၊ ဝန်ထမ်းကတော့ ရခိုင်ပြည်နယ်မှာရှိတဲ့ ဝန်ထမ်းအရေအတွက်နဲ့ မလုံလောက်လို့ နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းနဲ့ ပဲခူးတိုင်းဒေသကြီးတွေကနေ ထပ်မံခေါ်ယူပြီး စက်မောင်း၊ စက်ပြင် စက်မှုလယ်ယာဝန်ထမ်း ၁၀၀ နီးပါးလောက်နဲ့ အလှည့်ကျ မောင်းနှင်နိုင်အောင် ရိတ်သိမ်းပေးနေပါတယ်။

**မေး။ အခုရိတ်သိမ်းပြီးစပါးတွေကို ဘယ်လိုဆက်လက်ဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ကျွန်တော်တို့က ရိတ်သိမ်းလိုက်တဲ့ အကွက်လိုက် အကွက်လိုက်ကို စပါးဘယ်လောက်ရတယ်ဆိုတာ စနစ်တကျ ကိန်းဂဏန်းနဲ့ နိုင်ငံတော်က စီမံခန့်ခွဲနိုင်အောင် တင်ပြမှာပါ၊ စပါးတွေက ဒီအတိုင်းထားရင် အမှည့်လွန် ကြွေကျမှာပါ၊ ကျွန်တော်တို့ စက်မှုလယ်ယာ ဦးစီးဌာန အနေနဲ့ ဒီအချိန်မှာ အတတ်နိုင်ဆုံးလာရောက် ဖြည့်ဆည်းပေးတာပါ။

**မေး။ ဒီဒေသမှာ လာရောက်ပြီး တာဝန်ထမ်းဆောင်နေထိုင်တဲ့ ဝန်ထမ်းတွေအတွက် ဘယ်လိုများ စီစဉ်ဆောင်ရွက်ပေးထားပါသလဲ။**

ဖြေ။ ဝန်ထမ်းတွေအတွက် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးကလည်း မှာပါတယ်၊ အဓိကကတော့ အန္တရာယ်မဖြစ်ဖို့ မောင်တောမှာ စက်ခန်းတစ်ခန်း ဖွင့်ပါတယ်၊ ကွင်းထဲမှာဆိုရင်တော့ ဦးစီးအရာရှိ ခေါင်းဆောင်တဲ့ ကွင်းအဖွဲ့တွေနဲ့ ကျွန်တော်တို့က စခန်းတွေဖွင့်ပြီး ဆောင်ရွက်ပါတယ်၊ ဝန်ထမ်းတစ်ယောက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ဆောင်ရွက်ပေးနေတဲ့အပြင် နိုင်ငံတော်ကိုလည်း တင်ပြဖို့လုပ်နေပါတယ်၊ ဝန်ထမ်းတွေ ပျော်ပျော်ရွှင်ရွှင် ဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ဌာနအနေနဲ့ အတတ်နိုင်ဆုံး လုပ်ဆောင်နေပါတယ်။

**မေး။ အခု ရိတ်သိမ်းနေတဲ့စက်တွေကို ဘယ်လိုဆက်လက်ဆောင်ရွက်မှာပါလဲ။**

ဖြေ။ အခု ရိတ်သိမ်းနေတဲ့ စက်တွေက ထားခဲ့မှာပါ၊ နောက်ပိုင်း ရခိုင်ပြည်နယ်မှာ အခက်အခဲတစ်ခုခုဖြစ်ရင် ဆောင်ရွက်နိုင်အောင် ဖြည့်ဆည်းထားတဲ့ စက်တွေဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်မှာ ရိတ်သိမ်းစက် ၁၄ စီးလုံး ထားခဲ့မှာပါ။

**မေး။ ရှေ့ဆက်ပြီး စက်မှုလယ်ယာကဏ္ဍကို ဆက်လက်အကောင်အထည်ဖော်သွားမယ့်အကြောင်း ပြောပြပေးပါဦး ခင်ဗျာ။**

ဖြေ။ ဟိုးအရင်တုန်းကတော့ ကျွန်တော်တို့ စက်မှုလယ်ယာက ထွန်စက်တို့၊ ရိတ်သိမ်းခြွေလှေ့စက်တို့ကို တောင်သူက ငှားရမ်းရင် ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းကို လုပ်ပါတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ပုဂ္ဂလိကပိုင် ထွန်စက်ကြီးတွေနဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေကို ကိုယ်ပိုင်ဝယ်ယူပြီး အငှားလိုက်တဲ့ လုပ်ငန်းတွေက တော်တော်များများ ဖြစ်ထွန်းလာပါတယ်၊ ကိုယ်ပိုင်စက် ဝယ်ယူသုံးတဲ့ တောင်သူတွေရှိသလို အငှားဝန်ဆောင်မှုလုပ်တဲ့သူတွေလည်း ရှိလာပါပြီ၊ ဒါကြောင့် ကျွန်တော်တို့ စက်မှုလယ်ယာက ဒါတွေကို ဦးစားပေးမလုပ်တော့ဘဲ တောင်သူလိုအပ်ချက်ကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းနိုင်အောင်လုပ်ပါမယ်၊ ဒါပေမယ့် ပုဂ္ဂလိက ကဏ္ဍပိုင်းမှာ ကျွန်တော်တို့ စိတ်ပူတာက လယ်ယာသုံးစက်ကိရိယာတွေ ဝယ်ယူသုံးစွဲပေမယ့် ပြင်ဆင်မှုလုပ်ငန်းအပိုင်းက သိပ်မရှိပါဘူး၊ စက်အသစ်မှာ ပြဿနာမရှိပေမယ့် နှစ်ကြာလာတာနဲ့အမျှ တာဝန်ယူဆောင်ရွက်ပေးမယ့်သူတွေ လိုလာပါပြီ၊ အဲဒီအတွက် စက်မှုလယ်ယာ လုပ်ငန်းတွေ အနေနဲ့ နဂိုမူလက လုပ်ဆောင်တဲ့အရာတွေကို တဖြည်းဖြည်း လွှဲပြောင်းပြီး တောင်သူတွေ မျှော်လင့်တဲ့ စက်ပြင်ဆင်ရေးအပိုင်းကို အဓိကထားလုပ်ဆောင်ဖို့ မျှော်မှန်းပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စက်မှုလယ်ယာ နည်းပညာရပ်တွေက အခြားဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ စက်ကိရိယာ အသုံးပြုမှုထက်စာရင် တော်တော်များများ လိုအပ်ပါတယ်၊ ဒါကြောင့် လယ်ယာသုံး စက်ကိရိယာ ဝယ်ယူထားတဲ့ တောင်သူတွေနဲ့ အခြားပုဂ္ဂလိကပိုင်းက သူတွေကို နည်းပညာဖြန့်ဖြူးပေးဖို့ ဆောင်ရွက်ပါမယ်၊ နောက်တစ်ချက်လိုအပ်တာက ကျွန်တော်တို့ ရေမြေသဘာဝနဲ့ ကိုက်ညီတဲ့ စက်မှုလယ်ယာ သုတေသနနဲ့ သုတေသနလုပ်ငန်းရပ်ပိုင်းကို ဆောင်ရွက်သွားပါမယ်၊ နောက် ကျွန်တော်တို့ စက်မှုလယ်ယာမှာ ဗဟိုသင်တန်းကျောင်းတွေ ရှိပါတယ်၊ မိတ္ထီလာနဲ့ ပဲခူးဘုရားကြီးမှာ ရှိပါတယ်၊ အဲဒီသင်တန်းကျောင်းတွေက ယခင်က ဝန်ထမ်းအတွက်ပဲ ဖွင့်ပေမယ့် အခုတောင်သူတွေ အားလုံးအတွက် သူတို့တက်ချင်တဲ့ စက်မောင်း၊ စက်ပြင် ပညာရပ်တွေကို အဓိကထားပြီး တောင်သူတွေကို လေ့ကျင့်မှုအပိုင်းတွေ တိုးမြှင့်ဆောင်ရွက်ပေးသွားဖို့ ကျွန်တော့်အနေနဲ့ ရည်မှန်းထားပါတယ်။

**ကျေးဇူးတင်ပါတယ်**



မောင်တော တောင်ပိုင်းဒေသ ကျောင်းတောင်ကျေးရွာ၌ ရင့်မှည့်စပါးများကို ရိတ်သိမ်းပေးနေစဉ်။

## စက်မှုလယ်ယာမှ ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မောင်တော နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသည့် ဒေသများတွင် စက်မှုလယ်ယာဦးစီးဌာနမှ စပါးရိတ်သိမ်းခြွေလှေ့စက်ကိရိယာများ အသုံးပြု၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မောင်တောမြို့နယ်အတွင်းရှိ ကံပူး၊ ကျောင်းတောင်၊ မြို့သူကြီး၊ အုန်းတော၊ အလယ်သံကျော်၊ နွားရုံတောင်ကျေးရွာများတွင် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ စုစုပေါင်း ၄၆၁ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။ ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ သင်္ဂနက်၊ ချောင်းနွယ်၊ ကြို့တေးကျေးရွာများတွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ စုစုပေါင်း ၄၄ ဒသမ ၅ ဧကကို ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်ဖြူမြို့၌ မီးလောင်ခဲ့သော အိမ်ထောင်စုများအား မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**စစ်တွေ နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြစ်နားတန်းရပ်ကွက်၌ နိုဝင်ဘာ ၅ ရက် နံနက် ၁ နာရီခွဲတွင် လျှပ်စစ်မီးဖိုမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်ရာတွင် ပါဝင်သွားသည့် အိမ်ထောင်စုများအတွက် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ယနေ့နံနက် ၈ နာရီခွဲတွင် တပ်ဖွဲ့မှူး ဦးစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်ထောက်ပံ့ပေးအပ်သည်။

ကျောက်ဖြူမြို့၌ မီးလောင်ရာတွင်ပါဝင်သွားသည့် ငါး၊ ပုစွန်အဝယ်ဒိုင် ၁၁ ဒိုင်၊ လူနေအိမ် ၁၆ လုံး(လူဦးရေ ၇၀) အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့်အတွက် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းပုံး၊ အမျိုးသား အမျိုးသမီး တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ ခြင်ထောင်၊ စောင်၊ တာပေါ်လင်စ၊ ငါးသေတ္တာဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ အိပ်ရာခင်း၊ အရေးပေါ်အိမ်ဆောက်ပစ္စည်းများ၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် အဝတ်အထည်များကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# ရဲတပ်ဖွဲ့ဝင် လေးဦးအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်သို့ ကန့်ကွက်စာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၆**


မောင်တောမြို့နယ် နယ်စပ်မှတ်တိုင် (၄၅)နှင့် (၄၆) အကြား၌ ယမန်နေ့ ညနေပိုင်းတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေပြီး နယ်စပ်ခြံစည်းရိုးများအား လိုက်လံစစ်ဆေးနေသည့် ရဲတပ်ဖွဲ့ဝင် လေးဦး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှု ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲရေးမှူးက ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့ အရှေ့တောင်ပိုင်းတိုင်းဒေသကွပ်ကဲမှု စစ်ဌာနချုပ် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် ဒေသကွပ်ကဲရေးမှူးထံ ကန့်ကွက်ကြောင်း အကြောင်းကြားစာကို ယနေ့ရက်စွဲဖြင့် ပေးပို့ထားကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် နယ်စပ်မှတ်တိုင် (၄၅) ကင်းစခန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များက နယ်စပ်ခြံစည်းရိုးများအား လိုက်လံစစ်ဆေးနေစဉ် မိုင်တိုင် (၄၅) နှင့် (၄၆)အကြား အရောက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း ကိုက် ၁၀၀ ခန့်အကွာရှိ တောင်ကုန်းတစ်ခုပေါ်မှ လက်နက်ငယ်များဖြင့် အချက် ၂၀၊ ၃၀ ခန့် ပစ်ခတ်ခံခဲ့ရသည်။

ထိုသို့ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရမှုကြောင့် မိမိတို့တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်အခြမ်းမှ လက်နက်ကိုင်အဖွဲ့အစည်းများက ယခုကဲ့သို့ သေနတ်ဖြင့် ပစ်ခတ်ခြင်းသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိပြီးသား နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်အချင်းချင်း ရေရှည်ဆက်ဆံရေး ထိခိုက်စေနိုင်သည့်အပြင် နိုင်ငံတကာ၏ ပြယုဂ်အတွက်လည်း မကောင်းနိုင်ကြောင်း၊ သို့ဖြစ်၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍လည်းကောင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်အချင်းချင်း ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံ၍လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မိမိတို့ တပ်ဖွဲ့ဝင်များအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သော လက်နက်ကိုင်များကို စိစစ်ဖော်ထုတ်ပေးနိုင်ပါရန်နှင့် နှစ်နိုင်ငံအပြန်အလှန် သတင်းဖလှယ်၍ အခြေအနေ ပြန်ကြားပေးနိုင်ပါရန် အကြောင်းကြားစာ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှတ်တိုင် (၄၅)နှင့် (၄၆)ကြား ထိတွေ့မှုဖြစ်ပွားသည့် နေရာပြမြေပုံ




# ARSA အစွန်းရောက်အကြမ်းဖက်သမား တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်လှေခါးကျေးရွာတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားတစ်ဦး နိုဝင်ဘာ ၁ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

မောင်တောမြို့နယ် ကျောက်လှေခါးကျေးရွာအတွင်း မသင်္ကာဖွယ်ရာလူတစ်ဦး ရောက်ရှိနေကြောင်း နိုဝင်ဘာ ၁ ရက် ညနေ ၄ နာရီခွဲတွင် သတင်းရရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းရာ မိကျောင်းတက်ကျေးရွာနေသူ အလ်နာ (၂၃)နှစ်အား ဖုန်းတစ်လုံးနှင့် တစ်ဖက်နိုင်ငံသုံး Robi တံဆိပ်ပါ ဆင်းကတ်တစ်ခုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် အလ်နာ (၂၃)နှစ်သည် ဇွန် ၃၀ ရက်က မောင်တောမြို့နယ် ပြင်ဖြူကျေးရွာ ဈေးတန်းရှိ ပုစွန်ဒိုင်၌ ထိုင်နေသော ပေါင်းဇာရွာနေ ရာအိမ်မှူး မာမွတ်တာမောက် မာမတ်အာရပ်ဖ်ပါ ငါးဦးအား လဘော်ဇား ကျေးရွာဘက်မှ ဓားများဖြင့် လာရောက်တိုက်ခိုက်ခဲ့ကြသည့် ၁၅ ဦးထဲမှ လွတ်မြောက်သွားသည့် တရားခံဖြစ်ကြောင်း သိရသည့်အတွက် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ရခိုင်အမျိုးသား တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပချီးယားတန်းကျေးရွာတွင် နိုဝင်ဘာ ၂ ရက်က ဓား၊ ရဲတင်း၊ သံတုတ်များဖြင့် ဝိုင်းဝန်းတိုက်ခိုက်မှုတွင် ပါဝင်သူ ARSA အစွန်းရောက်အကြမ်းဖက်သမား သုံးဦးအား နိုဝင်ဘာ ၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ ပချီးယားတန်းကျေးရွာ(လူမနေ) ပုစွန်ကန်အနီး တောစပ်၌ နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီတွင် သရေကုန်းဘောင်ကျေးရွာနေသူ ဦးလှသန်းမောင် (၅၃)နှစ်ပါ ခုနစ်ဦးတို့သည် လူစုခွဲပြီး ငါးရှာရန်သွားရောက်စဉ် ဘင်္ဂါလီ လေးဦးက ဓား၊ ရဲတင်း ၊ သံတုတ်များဖြင့် ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် ဦးလှသန်းမောင်၏ ကျောကုန်း၊ ဝဲနံ၊ ခြေသလုံး၊ ဝဲ/ယာပေါင် ထိုးသွင်းဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

ယင်းအမှုနှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၃ ရက်တွင် တရားခံများ ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရာ နေရာတစ်ဝိုက်တွင် လိုက်လံရှင်းလင်းစဉ် မှိုဝင်ချောင်းဝကင်းစခန်းနှင့် ဂေါ်ဒူသာရချောင်းဝကြား ပင်လယ်ကမ်းခြေတွင် ရောက်ရှိသော နေရပ်စွန့်ခွာသူများထဲမှ ဘူးသီးတောင်မြို့နယ် ပြိုင်းတောင်ရွာနေ မာမွတ်ရှုကူ (၂၇)နှစ်၊ မာမွတ်ရော်ဖိ (၂၂)နှစ်နှင့် ဇူဘိုင်(၁၅)နှစ်တို့ သုံးဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေနှင့်အညီ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဓာတ်ပုံ-မသင်းမာ ဘိုကလေး(ပြန်/ဆက်)

# ဘိုကလေးမြို့နယ်တွင် တစ်ရက်တည်းမီးလောင်မှု နှစ်ကြိမ်ဖြစ်

**ဘိုကလေး နိုဝင်ဘာ ၆**

ဖျာပုံခရိုင် ဘိုကလေးမြို့ ၁ ရပ်ကွက် ရွှေငါးကြီးဆိပ်အနီးတွင် နိုဝင်ဘာ ၆ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၀ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ ဘိုကလေးမြို့ ဗိုလ်တေဇလမ်း ရွှေငါးကြီးဆိပ်အနီးရှိ ဦးသံချောင်းလေး ဆီဆိုင်မှ အလုပ်သမားဖြစ်သူ အောင်ဖြိုးဦးက ပလတ်စတစ်ပုံးများအတွင်းသို့ အောက်တိန်းဆီ ဖြည့်နေစဉ် တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်ပြီး မီးစတင်လောင်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ ကနဦးသိရသည်။

မီးလောင်မှုဖြစ်စဉ်ကြောင့် နေအိမ် ၁၀ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၃ စု မီးဘေးသင့်ခဲ့ကြောင်း သိရသည်။ မီးဘေးသင့်ပြည်သူများကို သက်ဆိုင်ရာ ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ ဖျာပုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီသီချို၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများနှင့် ဒေသခံများ ပူးပေါင်း၍ ဘိုကလေးမြို့ ညောင်ပင်လေးကျောင်းတိုက်၌ နေရာချထားကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာတွင်လည်း ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၇ လုံး ဆုံးရှုံးသွားကြောင်း သိရသည်။

**ဌေးနိုင် (ဘိုကလေး)**

# သွင်းကုန်ကြေညာလွှာထက် ပိုမိုတင်ဆောင်လာသော စားသောက်ကုန်ပစ္စည်းများ သယ်ဆောင်လာမှု မရမ်းချောင်စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် နိုဝင်ဘာ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ သွင်းကုန်ကြေညာလွှာထက် ပိုမိုတင်ဆောင်လာသော စားသောက်ကုန်ပစ္စည်းများ သယ်ဆောင်လာမှုကို မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက နိုဝင်ဘာ ၅ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ရန်ကုန်သို့ သွားရောက်မည့် တွဲယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ID/IL တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော Energy Drink M-150 2000L၊ Chili Sauce 910g (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၃၀ သန်း) တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား




စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၁၂ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ နိုဝင်ဘာ ၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၄၃ စီး၊ သွင်းကုန် ၇၁၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **၀၀၁**

## မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# တစ်ပတ်အတွင်း အားကစားသတင်း သုံးသပ်ချက်

***ချန်ပီယံလိဂ်မှာ ရှုံးပွဲတိုးခဲ့လို့ ဝေဖန်ခံနေရတဲ့ ချယ်လ်ဆီးနဲ့ ရီးယဲလ်မက်ဒရစ်တို့ဟာ ပြည်တွင်းလိဂ်ပွဲစဉ်တွေမှာတော့ ပြိုင်ဘက်တွေကို အနိုင်ယူပြီး ဝေဖန်မှုတွေကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဒီတစ်ပတ်မှာတော့ ပရီမီယာလိဂ်မှာ ပွဲကြီးပွဲကောင်းနှစ်ပွဲ (မန်စီးတီး-အာဆင်နယ်၊ ချယ်လ်ဆီး-မန်ယူ)ကစားခဲ့ပြီး နှစ်ပွဲလုံးကလည်း အရှုံး၊ အနိုင်ပြတ်သားတဲ့ရလဒ်တွေသာ ထွက်ပေါ်ခဲ့တာကြောင့် ပရိသတ်တွေအတွက်တော့ ပိုပြီးစိတ်ကျေနပ်စရာ ဖြစ်စေမှာပါ။***



မေလှဲ့သင်း
စုစည်းသည်

### ရပ်တန့်ဖို့ခက်မယ့် မန်စီးတီး

မန်စီးတီးအသင်းက ဒီနှစ်မှာ ရလဒ်ပိုင်း အထူးတည်ငြိမ် ကောင်းမွန်နေပြီး လက်ရှိအနေအထားဟာ စမ်းသပ်ခံမှုတွေ အမျိုးမျိုး ကျော်ဖြတ်ပြနေတာ တွေ့ရပါတယ်။ ခုနောက်ဆုံးကစားခဲ့တဲ့ အာဆင်နယ်နဲ့ ပွဲမှာလည်း အာဆင်နယ် နည်းပြ ဝင်းဂါးက စတာလင်း ဒိုင်ဗင်ပစ်ပြီး ပင်နယ်တီ ရယူသွားတယ်လို့ စွပ်စွဲမှုရှိသလို ဂျီးဆပ်ဇ် သွင်းယူခဲ့တဲ့ ပွဲသိမ်းဂိုးဟာ လူကျွံဘော ဖြစ်နေပေမယ့် တစ်ပွဲလုံး အခြေအနေကို ခြုံပြီးသုံးသပ်ရရင်တော့ မန်စီးတီးရဲ့ လက်ရှိအနေအထားကို အာဆင်နယ်မှ မဟုတ်ဘူး၊ ဘယ်အသင်းမဆို ရပ်တန့်ဖို့ ခဲယဉ်းတယ်ဆိုတာကိုတော့ အသိအမှတ်ပြုရပါမယ်။

မန်စီးတီးဟာ ပရီမီယာလိဂ် ၁၁ ပွဲ ကစားပြီးတဲ့အချိန်မှာ ၁၀ ပွဲနိုင် တစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး ဒီ ၁၁ ပွဲထဲမှာ လီဗာပူး၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့လို အသင်းကြီးတွေပါဝင်ပါတယ်။ မန်စီးတီးဟာ အိမ်ကွင်းမှာ လီဗာပူးကို ငါးဂိုးပြတ်၊ အာဆင်နယ်ကို သုံးဂိုး-တစ်ဂိုးဆိုတဲ့ ရလဒ်ထွက်အောင် ကစားပြခဲ့သလို ချယ်လ်ဆီးကို အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူခဲ့တာဖြစ်ပါတယ်။ မန်စီးတီးရဲ့ နောက်ထပ်အားသာချက်က အဖွဲ့ရိုးကို ပြိုင်ဘက် နောက်ခံလူတွေ ထိန်းချုပ်ထားလို့ လှုပ်မရရင်တောင် ဒီဘရိုင်းရဲ့ ပါးနပ်မှုတွေက ပွဲကို အလှည့်အပြောင်းဖြစ်အောင် ခဏခဏ စွမ်းဆောင်ပြနေခြင်းပါ။ ဒီဘရိုင်းဟာ အာဆင်နယ်နဲ့ပွဲမှာ ပွဲဦးထွက်ဂိုးကို သွင်းယူခဲ့တာဖြစ်သလို ချယ်လ်ဆီးနဲ့ ပွဲမှာလည်း တစ်လုံးတည်းသော ဂိုးကို သွင်းယူပေးခဲ့သေးတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုကစားသမားကို ပိုင်ဆိုင်ထားတဲ့ မန်စီးတီးဟာ အခြားပရီမီယာလိဂ်အသင်းတွေထက် ခေါင်းတစ်လုံး အသာရနေတာတော့ အမှန်ပဲဖြစ်ပါတယ်။

မန်စီးတီးဟာ ၄-၃-၃ ကစားကွက်ကို ပုံမှန်အသုံးပြုနေပြီး တိုက်စစ်ပိုင်းအတွက် အတွေ့အကြုံရင့် အဂွဲရိုး၊ တောင်ပံနှစ်ဖက်မှာ ဆာနေး၊ စတာလင်း၊ ကွင်းလယ်ပိုင်းအတွက် ဒေးဗစ်ဆေးလ်ဗား၊ ဖာနန်ဒင်ဟိုနဲ့ ဒီဘရိုင်း တို့ကို သုံးစွဲလေ့ရှိပြီး မနှစ်က အမှားများတဲ့ ခံစစ်ပိုင်းက ဒီနှစ်မှာတော့ အတော်လေးကို ပြည့်စုံကောင်းမွန်တဲ့ အနေအထားဖြစ်အောင် ဆောင်ကြဉ်းနိုင်တာတွေ့ရပါတယ်။ နောက်ထပ် ချီးကျူးဖို့ကောင်းတာတစ်ခုက ဂွါဒီယိုလာဟာ မနှစ်က ကွန်တီ အလုပ်ဖြစ်ခဲ့တဲ့ နောက်တန်း သုံးယောက်တွဲခံစစ်ဗျူဟာ ပုံတူကူးချတာမျိုးမလုပ်ဘဲ ကိုယ့်လမ်းကိုယ်လျှောက်တဲ့ပုံနဲ့နည်းစနစ်ကို အသေချမှတ်ထားတာကြောင့်လည်း ရလဒ်တွေဟာ ထင်ထားတာထက် ပိုမိုတည်ငြိမ်နေတာဖြစ်ပါတယ်။

အာဆင်နယ်ကလည်း သူ့အနေအထားနဲ့သူ ကောင်းမွန်တယ်လို့ပြောလို့ရပေမယ့် မန်စီးတီးက ကောင်းလွန်းနေတာကြောင့်သာ မယှဉ်နိုင်တာဖြစ်ပါတယ်။ အာဆင်နယ်အနေနဲ့ အခုပွဲမှာ အိုဇေးလ်၊ အီဝိုဘီတို့ရဲ့ ဘောလုံးထုတ်ယူမှု၊ ဖြန့်ဝေမှုတွေဟာ အတော်လေး သေသပ်သလို ရသအပြည့်ဖြစ်အောင် ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီပွဲမှာ ဝင်းဂါးရဲ့ လူစာရင်း ခင်းကျင်းမှုဟာ အရင် ပွဲတွေနဲ့ အတော်လေး ကွဲပြားသလို ကစားခိုင်းတဲ့နေရာ၊ နည်းဗျူဟာပိုင်း ဒါတွေမှာလည်း အများကြီး ပြောင်းလဲထားပါတယ်။ အထူးသဖြင့် ဒီပွဲမှာ ဝင်းဂါးအသုံးပြုခဲ့တဲ့ ၃-၄-၂-၁ ကစားကွက်မှာ နောက်တန်းခံစစ်က ဘယ်လာရင်နဲ့ ကိုလာစီနစ်ကို ကွင်းလယ်တောင်ပံမှာ ထွက်ကစားခိုင်းပြီး ဗဟိုကွင်းလယ်က ကိုကွီလင်ကို ဗဟိုနောက်တန်းနေရာမှာ ဆင်းကစားခိုင်းတာစတဲ့ အပြောင်းအလဲတွေ အများကြီးလုပ်ထားတာ တွေ့ရပါတယ်။ ကွင်းလယ်တိုက်စစ်ကို ဦးဆောင်ကစားတဲ့ အိုဇေးလ်ရော အီဝိုဘီတို့ရဲ့ ရှေ့နောက် ချိတ်ဆက်၊ ဖန်တီးမှုကောင်းကောင်းတွေ ပံ့ပိုးပေးတာတွေကလည်း မန်စီးတီးသာ ပြည့်စုံလွန်းတဲ့အခြေအနေမဟုတ်ရင် အလစ်အငိုက်ဖြစ်စေမှာပါ။ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီကစပြီး အခုထိ အာဆင်နယ်ဟာ ထိပ်သီးအသင်းကြီးတွေဖြစ်တဲ့ စပါး၊ မန်ယူ၊ မန်စီးတီး၊ လီဗာပူးနဲ့ ချယ်လ်ဆီးအသင်းကြီးတွေကို ထိပ်တိုက်ရင်ဆိုင်တဲ့ နောက်ဆုံးကစားခဲ့တဲ့ ၁၈ ပွဲမှာ ၁၀ ပွဲရှုံး၊ ခုနစ်ပွဲသရေ၊ တစ်ပွဲသာ အနိုင်ရရှိခဲ့မှုဟာ အသင်းကြီးတစ်သင်းဖြစ်ရမယ့် အနေအထားတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဂွါဒီယိုလာ ကလည်း အာဆင်နယ်ကို မထင်မှတ်ဘဲ ရှုံးနိမ့်မှုမျိုး ကြုံခဲ့ရဖူးတော့ ဝင်းဂါးရဲ့ အကွက်ချမှုကို သူ့ရဲ့ အတည်ငြိမ်ဆုံး အခင်းအကျင်းနဲ့ ချေဖျက်ပြီး သူတို့အသင်းဟာ ဒီနှစ် ဘောလုံးရာသီမှာ ပရီမီယာလိဂ်ရဲ့ အတောင့်တင်းဆုံးအသင်း ဖြစ်တယ်ဆိုတာကို ဆက်လက် သက်သေပြသွားပါတယ်။

### ကစားပုံမကောင်းတဲ့ အသင်းကြီးနှစ်သင်း

ချယ်လ်ဆီးနဲ့ မန်ယူတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်ဟာ ပြိုင်ပွဲမတိုင်မီ စကားလုံးစစ်ထိုးမှုတွေနဲ့ ဝေဝေဆာဆာရှိခဲ့ပေမယ့် တကယ်ကစားချိန်ကျ ပရိသတ်တွေအတွက် ဖျော်ဖြေမှုပေးနိုင်ခြင်းမရှိခဲ့ပါဘူး။ ကွန်တီက ၃-၁-၄-၂ ကစားကွက်ကိုသုံးချိန်မှာ မော်ရင်ဟိုကလည်း ခပ်ဆင်ဆင် ကစားကွက် ၃-၄-၁-၂ ကို ခင်းကျင်းခဲ့ပါတယ်။

မန်ယူအသင်းကို ကမ္ဘာတစ်ဝန်းက အကြီးအကျယ်အားပေးကြပေမယ့် ဖာဂူဆန် ခေတ်လွန်ကာလကတည်းက ခံစစ်ဦးစားပေးဗျူဟာတွေနဲ့ ပရိသတ်ကို ရသဆန်ဆန် ကစားပြနိုင်တဲ့ပွဲက အတော်ကို နည်းတယ်လို့ ဆိုရပါမယ်။ နည်းပြ မိုယက်စ်လက်ထက်က ရလဒ်ပိုင်း မကောင်းပေမယ့် ကစားပုံကောင်းမွန်ပါတယ်။ ဗန်ဟားလ် လက်ထက်မှာတော့ မန်ယူအသင်းရဲ့ကစားပုံဟာ အတက်အကျ အတော်များခဲ့တာကိုတွေ့ရပြီး နည်းပြ မော်ရင်ဟို လက်အောက်မှာတော့ ကစားကွက် တည်ငြိမ်ပေမယ့် အသင်းကြီးတွေကို ရင်ဆိုင်တဲ့အခါ အလုပ်ဖြစ်အောင် စွမ်းဆောင်နိုင်ခြင်းမရှိတာ အခုထိပါပဲ။ မန်ယူဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်က စပါးကို အနိုင်ရခဲ့ပေမယ့် မာရှယ်လ်ရဲ့ဂိုးဟာ ကံကောင်းလို့ စွတ်ရွတ်ဝင်သွားတဲ့ အနေအထားပါပဲ။

နှစ်သင်းကို နှိုင်းယှဉ်ပြောရရင်တော့ ဘာပဲဖြစ်ဖြစ် ချယ်လ်ဆီးက ဒီပွဲမှာ ပိုကောင်းခဲ့တာတော့ အမှန်ပါပဲ။ ဒီပွဲဟာ မာတစ်ရဲ့ အသင်းဟောင်းကို ပြန်လည်ရင်ဆိုင်တဲ့ပွဲ ဖြစ်သလို ဟာဇက်နဲ့ ဟာရဲရား၊ မိုရာတာနဲ့ လူကာကူတို့ကြား အားပြိုင်တဲ့ ပွဲလို့တောင် ပြောရပါမယ်။ မန်ယူတိုက်စစ်က လူကာကူကြီး လေးလေးပင်ပင် ရှိနေပေမယ့် ချယ်လ်ဆီးရဲ့ မိုရာတာဟာ တစ်ပွဲလုံးကစားပုံ မကောင်းခဲ့ရင်တောင် သူ့ရဲ့ ခေါင်းတိုက်သွင်းယူခဲ့တဲ့ ဂိုးက အတော့်ကိုကောင်းမွန်တာကို တွေ့ရပါတယ်။ မနှစ်က ချယ်လ်ဆီးနဲ့ မန်ယူတို့ တွေ့တဲ့ပွဲမှာ ဟာရဲရား မထင်မှတ်တာတွေ အများကြီးလုပ်ပြခဲ့သလို ယခုနှစ်မှာလည်း သူ့ရဲ့ပုံစံကောင်းကို ဆက်လက်ပြသနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးရဲ့ ဗဟိုကွင်းလယ်မှာ ကစားတဲ့ ဖာဘရီဂတ်စ်နဲ့ ဘာကာယိုကိုတို့အတွဲက တစ်ဦးလိုအပ်ချက်ကို တစ်ဦး ဖြည့်ကစားနိုင်မှုမရှိတာကလည်း ရလဒ်ပိုင်းကို ပြတ်ပြတ်သားသားမထွက်စေခဲ့လို့ ဆိုရပါမယ်။

ဒီပွဲမှာ မော်ရင်ဟိုက သူကိုင်တွယ်စဉ်က ချယ်လ်ဆီးမှာ ကစားခဲ့တဲ့ ကော်တိုရစ်၊ ဖာဘရီဂတ်စ်တို့ကို လက်ဆွဲနှုတ်ဆက်ပေမယ့် ဟာဇက်အလှည့်အရောက်မှာ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲထည့်ပြီး ဘာသိဘာသာ လုပ်ပစ်ခဲ့တာ၊ နည်းပြ ကွန်တီနဲ့ လက်ဆွဲနှုတ်ဆက်ခဲ့ခြင်းမရှိတာတွေက တစ်ဦးကို တစ်ဦး လေးစားမှုရှိရမယ့် ဘောလုံးယဉ်ကျေးမှုနဲ့တော့ မဆိုသလောက် သွေဖည်နေတာကို တွေ့ရပါတယ်။

### စိတ်တိုင်းမကျမှုတွေနဲ့ စီရိုနယ်လ်ဒို

ရီးယဲလ်က လက်စ်ပါးမက်စ်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပေမယ့် ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုရဲ့ အသင်းအပေါ် အလိုကျမှုမရှိခြင်းက သူ့ရဲ့မျက်နှာမှာ ပေါ်လွင်နေပါတယ်။ ရီးယဲလ်အနေနဲ့ ပထမပိုင်းမှာ ကစားပုံအတော်လေး ကောင်းမွန်ခဲ့ပေမယ့် ကက်ဆီမီရိုရဲ့ သွင်းဂိုးတစ်ဂိုးသာ ဂိုးအဖြစ်ပြောင်းနိုင်ပြီး အဆန်စီယိုရဲ့ ဒုံးကျည်လို လျင်မြန်တဲ့ ဒုတိယဂိုး ရရှိသွားပြီးနောက်ပိုင်း လက်စ်ပါးမက်စ် ဘယ်လိုမှပြန်မလာနိုင်တော့ပါဘူး။

ဒီပွဲမှာ ရီးယဲလ်တိုက်စစ်မှူးတွေဖြစ်တဲ့ ဘင်ဇီမာနဲ့ စီရိုနယ်လ်ဒိုတို့ သေချာပေါက်ဂိုးရနိုင်မယ့် အခွင့်အရေးအချို့ကို လွဲချော်ခဲ့ပေမယ့် စီရိုနယ်လ်ဒိုက ခုထိ ဂိုးဖန်တီးမှုပိုင်း နည်းပါးနေတဲ့ အနေအထားအပေါ် ဒေါသထွက်နေတဲ့ပုံစံကို ပြသခဲ့ပါတယ်။ စီရိုနယ်လ်ဒိုဟာ ဒီနှစ်ဘောလုံးရာသီမှာ လာလီဂါသွင်းဂိုး အံ့အားသင့်ဖွယ် ကောင်းလောက်အောင် နည်းပါးနေပြီး ဒဏ်ရာပြဿနာတွေကြောင့် အချိန်အတော်ကြာမကစားနိုင်တဲ့ ဂါရတ်ဘေးလ် ထက်တောင် အရေးအတွက်လျော့နည်းနေတာ ဖြစ်ပါတယ်။

## ရှမ်းယူနိုက်တက်အသင်း ချန်ပီယံဆုဖလားများ အပ်နှံ

၂၀၁၇ ရာသီ MNL ပြိုင်ပွဲများတွင် ချန်ပီယံဆုသုံးခုရ ရှမ်းယူနိုက်တက်အသင်း၏ ဆုဖလားအပ်နှံပွဲကို နိုဝင်ဘာ ၅ ရက် ညနေပိုင်းက တောင်ကြီးမြို့ရှိ အဝေရာမီးပုံးပျံကွင်း၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် တက်ရောက်လက်ခံသည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၇ ရာသီတွင် စီနီယာအသင်းနှင့် လူငယ်အသင်းများက အောင်မြင်မှုများ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဆုဖလား အပ်နှံပွဲသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေနှင့် အသင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှမ်းယူနိုက်တက်အသင်းမှ တာဝန်ရှိသူများက ၂၀၁၇ ရာသီတွင် ဆွတ်ခူးရရှိခဲ့သည့် MNL အမှတ်ပေး ချန်ပီယံဆု၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ချန်ပီယံဆုနှင့် MNL ယူ-၁၉ အမှတ်ပေးချန်ပီယံဆုတို့ကိုအပ်နှံရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ အခမ်းအနားအပြီးတွင် အောင်ပွဲရ ရှမ်းယူနိုက်တက် အသင်းအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ရှမ်းယူနိုက်တက်အသင်းသည် အသင်းအား အစဉ်တစိုက်အားပေးနေသည့် ဒေသခံပရိသတ်များအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် အိုင်းရင်းခရော့စ် တီးဝိုင်းနှင့်အတူ လေးဖြူ၊ အငဲ၊ မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၇ ရာသီတွင် စီနီယာအသင်း၊ ယူ-၂၁ အသင်း၊ ယူ-၁၉ အသင်းသုံးသင်းဖြင့် ပြိုင်ပွဲလေးခုတွင် ယှဉ်ပြိုင်ခဲ့ရာ ချန်ပီယံဆု သုံးဆုနှင့် ဒုတိယဆု တစ်ခုရရှိခဲ့သည်။ ရှမ်းယူနိုက်တက် စီနီယာအသင်းသည် MNL အမှတ်ပေး ချန်ပီယံဆုနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ချန်ပီယံဆု၊ ယူ-၁၉ အသင်းက MNL ယူ-၁၉ အမှတ်ပေးချန်ပီယံဆု၊ ယူ-၂၁ အသင်းက MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုတို့ ရရှိခဲ့သည်။

**ရှိုင်းထက်ဇော်**

## စတာလင်း ဒိုင်ဗင်ပစ် ကောင်းခဲ့ဟု ဝင်းဂါး ဝေဖန်

အာဆင်နယ်နည်းပြ ဝင်းဂါးက ရီဟမ်စတာလင်း ဒိုင်ဗင်ပစ် ကောင်းခဲ့သဖြင့် ဒုတိယဂိုးကို ခွင့်ပြုခဲ့ရခြင်းဖြစ်သလို တတိယဂိုးမှာလည်း လူကျွံဘောသာဖြစ်သဖြင့် မန်စီးတီးကို ရပ်တန့်လိုလျှင် ဒိုင်များ၏ ဆုံးဖြတ်ချက်လည်း မှန်ရန် လိုအပ်ကြောင်း ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။ ဝင်းဂါးက "ဒါက ပင်နယ်တီမဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်၊ ရီဟမ်စတာလင်း ဒိုင်ဗင်ပစ်ကောင်းခဲ့တယ်ဆိုတာကို ကျွန်တော်တို့သိပါတယ်၊ သူကောင်းကောင်း လုပ်ပြသွားခဲ့ပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် ဝင်းဂါးက ပြီးခဲ့သည့်နှစ် မန်စီးတီးအသင်းသို့ လာရောက်ကစားခဲ့ရစဉ်ကလည်း လူကျွံဘောနှစ်ဂိုးကို ခွင့်ပြုခဲ့ရသလို ယခုနှစ်တွင်လည်း လူကျွံဘော တစ်ဂိုးနှင့် မပေးသင့်သည့် ပင်နယ်တီတစ်ဂိုးဖြင့် ထပ်မံ အရေးနိမ့်ခဲ့ရပြန်ပြီဖြစ်ကြောင်း ညည်းတွားခဲ့သည်။

# လူငယ်တွေကို ယုံကြည်ပါ

သိုက်စိုးထွန်း(နတ်ရွာ)

လူငယ်တွေနှင့် ပတ်သက်လာရင် လူကြီးတွေက စိတ်ပူတတ်ကြတယ်။ ဖြစ်ပါ့မလား။ ဒီကလေးတွေ လုပ်နိုင်ကြပါ့မလား။ ပြဿနာတွေများ ကြုံလေမလား ဆိုပြီး အမျိုးမျိုးအဖုံဖုံ စိုးရိမ်စိတ်ဝင်တတ်ကြပါတယ်။ တာဝန်တွေ မပေးရဲဘူး၊ အလုပ်တွေ မခိုင်းရဲဘူး၊ မှားသွားမှာ စိုးရိမ်တယ်။ လွဲသွားမှာစိုးနေတယ်။ စိုးရိမ်တဲ့ အလျောက်ပဲ အလုပ်တွေခိုင်းတဲ့နေရာ၊ တာဝန်တွေပေးတဲ့နေရာမှာ၊ အထူးသဖြင့် တာဝန်ကြီးကြီး ပေးဖို့လိုအပ်လာပြီဆိုရင် အသက်ကြီးတဲ့သူ၊ အတွေ့အကြုံများတဲ့သူကိုပဲ ရွေးချယ်လာခဲ့ကြတာက ဒီနေ့လက်ရှိ နေရာကဏ္ဍ တော်တော်များများမှာ ကျင့်သုံးနေကြတဲ့မူ ဖြစ်နေပါတယ်။ တကယ်တမ်းကတော့ အဲ့ဒီလို လူငယ်တွေကို စိတ်မချဖြစ်နေတာက လက်တွေ့အလုပ်ဖြစ်တဲ့ မူတစ်ခုဟုတ်ရဲ့လား ဆိုတာ အပြန်ပြန်အလှန်လှန် သုံးသပ်ကြည့်ဖို့ လိုနေပါပြီ။

လူငယ်တွေမှာ အားနည်းချက်တွေ ရှိနိုင်ပါတယ်။ လက်တွေ့သိပ်မဆန်တဲ့ ရည်မှန်းချက် အကြီးကြီးတွေ ချမှတ်ထားတာ၊ အလုပ်လုပ်ရင် အလုပ်လောဘကြီးလွန်းပြီး စိတ်မြန်ကိုယ်မြန် ဒုန်းစိုင်းလုပ်ကိုင်တတ်တာ၊ ပျာယာခတ်အောင်လုပ်ကြလို့ အမှားအယွင်း၊ အတိမ်းအစောင်း ဖြစ်ပေါ်တတ်တာ၊ အရေးအကြောင်းတစ်ခုကြုံလာရင် သွေးအေးအေး မထားတတ်လို့ ထစ်ခနဲ၊ လှစ်ခနဲ ပြန်လှန်တုံ့ပြန်တတ်ကြတာတို့၊ သည်းခံနိုင်စိတ်နည်းတာတို့။ ဒါတွေကလည်း လူငယ်တွေဘက်မှာ ရှိနေပါတယ်။ ဒါပေမယ့် လူငယ်တွေမှာ အားနည်းချက်တွေချည်း ရှိနေကြတာမဟုတ်ပါဘူး။ သူတို့ရဲ့ အားသာချက်ကိုလည်း ပြန်ကြည့်ဖို့လိုမှာပါ။

**တိုင်းပြည်ရဲ့အနာဂတ်**

လူငယ်တွေက ဘာပဲလုပ်လုပ် ဖျတ်ဖျတ်လတ်လတ်၊ တက်တက်ကြွကြွ လုပ်နိုင်ကြတယ်။ စိတ်ပါဝင်စားတဲ့ အလုပ်တစ်ခုကို မရပ်မနား၊ မအိပ်မနေ တရစပ်လုပ်နိုင်ကြတယ်။ အရာရာမှာ လမ်းရိုးလမ်းဟောင်းကြီး အတိုင်းလုပ်မနေဘဲ စမ်းသပ်တီထွင်လိုစိတ်ရှိကြတယ်။ ကိစ္စတစ်ခုကို သမားရိုးကျနည်းနှင့် ဖြေရှင်းဖို့ထက် ရှုထောင့်ပေါင်းစုံကနေ ချဉ်းကပ်ပြီးဖြေရှင်းလိုစိတ်ရှိကြတယ်။ ဒီနေရာမှာ ငါ လုပ်နိုင်တယ်ဆိုတဲ့ အချက်ကို ပြချင်တဲ့စိတ်နဲ့ အထူးအားသွန်ခွန်စိုက် လုပ်ကိုင်လေ့ရှိကြတယ်။ အထက်ကရော၊ ဘေးကရော စောင့်ကြည့်ဝေဖန်အကဲဖြတ်နေမယ့်သူတွေအတွက် ငါတို့ဒီလိုတွေ လုပ်နိုင်ကိုင်နိုင်ရှိကြပါတယ် ဆိုတာကို ပြချင်နေကြတယ်။

လူကြီးတွေအမြင်ကျတော့ ဒီလိုမဟုတ်ဘူး။ ကလေးတွေကိုတာဝန်ပေးလိုက်ရင် ဝန်နှင့်အား၊ မြားနှင့်လေး၊ မမျှမတဖြစ်ပြီး ကလေးတွေအတွက် ဝန်ပိသွားမှာစိုးကြတယ်။ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး နာလန်မထူနိုင်ဖြစ်သွားမှာကို စိုးရိမ်ကြတယ်။ တာဝန် သေးသေးလေးတွေ၊ လုပ်ငန်းသေးသေးလေးတွေပဲ ပေးထားပြီး နောင်အတွေ့အကြုံရင့်ကျက်လာတော့မှ၊ လုပ်ငန်းကျွမ်းကျင်မှုကို စိတ်ချရတဲ့ အနေအထားတစ်ခုရောက်တော့မှ လုပ်ငန်းကြီးတွေချပေးဖို့၊ တာဝန်ကြီးကြီးတွေအပ်နှင်းဖို့ စဉ်းစားကြတယ်။ ဒါက တစ်နည်းအားဖြင့်လည်း လူငယ်လေးတွေ အမှားအယွင်းအကြီးကြီး မဖြစ်ကြရအောင်၊ ပန်းကောင်းအညွန့်လေးတွေ မကျိုးကြရအောင် ထိန်းသိမ်းစောင့်ရှောက်ပေးကြတဲ့ ကရုဏာသဘောဆန်တဲ့ စောင့်ရှောက်မှုတစ်ခုပါပဲ။ သင်ယူမှုဆိုတာက မြင်သိ၊ ကြားသိတွေ၊ စာတွေ့တွေထက် ငါတွေ့တွေ့လိုက်ရမှ၊ တစ်နည်းအားဖြင့် ကိုယ်တိုင် ကြုံလိုက်ရမှသာ ထိထိရောက်ရောက် သင်လွယ်၊ တတ်လွယ်၊ သဘောပေါက်လွယ်တာမို့ အတွေ့အကြုံနုနယ်သူတွေကို လူကြီးတွေက စိတ်မချနိုင်ဖြစ်ကြဟန်တူပါရဲ့။ ဒီလို မြင်တာကလည်း မလွဲတဲ့အမြင်တစ်ခုပါပဲ။ ပြည့်စုံတဲ့ အမြင်တစ်ခုလို့တော့ မဆိုနိုင်သေးဘူးပေါ့လေ။

စိတ်မချလို့ တာဝန်မပေး၊ တာဝန်မပေးလို့ ထဲထဲဝင်ဝင် လေ့လာသင်ယူခွင့်မရ၊ သင်ယူခွင့်မရလို့ မကျွမ်းကျင်၊ မကျွမ်းကျင်တော့ အရည်အချင်း မတက်၊ အရည်အချင်း မတက်လာတော့ နောင်လည်း သုံးမရ ဖြစ်ကြပြီး ဒီလိုသာခရီးဆက်နေကြရင်တော့ လူကြီးအားလုံးထက် လူငယ်အားလုံးက အတွေ့အကြုံနည်း၊ သင်ယူမှုနည်း၊ ကျွမ်းကျင်မှုနည်း၊ အရည်အချင်း နည်းပြီး တစ်စတစ်စနဲ့ လူငယ်တွေရဲ့အနာဂတ်က မှုန်ဝါးသွားနိုင်ပါတယ်။ လူငယ်တွေရဲ့ အနာဂတ်ဟာ ဒီလူငယ်တွေ ပါဝင်ဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ နယ်ပယ်တစ်ခုရဲ့ အနာဂတ်၊ တစ်နည်းအားဖြင့် လူငယ်တွေရဲ့ အနာဂတ်ဟာ တိုင်းပြည်ရဲ့အနာဂတ်ပါပဲ။ ဒီလူငယ်တွေ မထက်မြက်ရင် တိုင်းပြည်တိုးတက်မှာ၊ မတိုးတက်မှာကို ဗေဒင်မေးပြီး ခန့်မှန်းနေစရာမလိုပါဘူး။ တဖြည်းဖြည်းနဲ့ ထိုးကျသွားမှာပါပဲ။

**ပျိုးထောင်ပေးနိုင်ဖို့လို**

ဒါ့ကြောင့် လူငယ်တွေကို ထက်မြက်သည်ထက် ထက်မြက်လာအောင်၊ ထူးချွန်သည်ထက် ထူးချွန်လာအောင်၊ တော်သည်ထက်တော်၊ တတ်သည်ထက်တတ်လာအောင် ပျိုးထောင်ပေးနိုင်ဖို့လိုပါတယ်။ လူငယ်တွေတော်ကြမှ တိုင်းပြည်ရဲ့အနာဂတ် လင်းလက်တောက်ပနိုင်မှာဖြစ်ပါတယ်။

ကိစ္စတစ်ခုကိုစဉ်းစားကြရင်၊ လုပ်ငန်းတစ်ခုကို လုပ်ကိုင်ကြရင် လူကြီးကပဲ အမြဲတမ်း လူငယ်တွေထက် ပိုစဉ်းစားနိုင်တယ်၊ ပိုသုံးသပ်ဝေဖန်နိုင်တယ်၊ ပိုပြီး အမှားအမှန် ခွဲခြားနိုင်တယ်လို့ချည်း တထစ်ချမှတ်ယူလို့ မဖြစ်ပါဘူး။ တစ်ခါတစ်ခါမှာ လူကြီးတွေမကြည့်လိုက်ဖြစ်တဲ့ရှုထောင့်ဘက်ကနေ လူငယ်တွေက မြင်လိုက်နိုင်တာမျိုးလည်းရှိတတ်ပါတယ်။ တကယ်တော့ ဒီလိုဖြစ်နေမှုလည်း ကောင်းမှာပါ။

**အပေါင်းလက္ခဏာကို ဆောင်**

မြန်မာ့ဆိုရိုးမှာ အဖေ့ထက်သားတစ်လကြီးချင်လို့ မရဘူးလို့ အဆိုတစ်ခုရှိပါတယ်။ ဒီဆိုရိုးရဲ့ ဆိုလိုရင်းကို အတိအကျမညွှန်းဆိုပြနိုင်ပေမယ့် အမှန်ကတော့ အဖေ့ထက် သားကတော်နေမှ၊ သားထက် မြေးကတော်နေ၊ တတ်နေမှသာလျှင် ဒီမိသားစုရဲ့အနာဂတ်က အပေါင်းလက္ခဏာကို ဆောင်သွားမှာဖြစ်ပါတယ်။ ပညာရေးလောကမှာလည်း အဆိုတစ်ခုရှိပါတယ်။ ဆရာထက်တပည့် လက်စောင်းထက်ရမယ်တဲ့။ ဒါ အလွန်မှန်ပါတယ်။ ဆရာတွေထက် တပည့်တွေကတော်၊ တပည့်တွေထက် သူတို့တပည့်တွေကတော်လာမှ ဒီပညာရေးလောကက ရေရှည်တိုးတက်မှုကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဖေ့ထက် သားကညံ့၊ သားထက် မြေးကညံ့၊ ဆရာထက် တပည့်ကညံ့၊ တပည့်ထက် သူ့တပည့်ကညံ့သွားကြရင်တော့ဖြင့် တဖြည်းဖြည်းနဲ့ မြေကြီးအောက်စိုက်ဆင်းပြီး အဝိစိထိဆင်းကြရုံရှိတော့တာပါ။ တကယ်တော့ လူကြီးတွေကသာ စိတ်ပူနေကြတာပါ။

**လူငယ်တွေရဲ့အစွမ်းအစကို ဖော်ထုတ်ပြသခဲ့**

ဒီနေ့ခေတ်လူငယ်တွေက တွေ့ကြုံလာတဲ့ ပြဿနာအရပ်ရပ်ကို သူတို့နည်းသူတို့ဟန်နဲ့သူ အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်းတွေရှိနေကြပါတယ်။ ယုံယုံကြည်ကြည်နဲ့ တာဝန်တွေ ပေးအပ်လိုက်ဖို့သာ လိုပါတယ်။ လူငယ်တွေ ဦးဆောင်လို့ ရှေ့တန်းရောက်ခဲ့ကြတဲ့ သက်သေသာဓကတွေလည်း ပြောမဆုံးပေါင်၊ တောသုံးတောင်အထိ ရှိနေပါတယ်။

ကျွန်တော်တို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဆိုရင် အသက်သုံးဆယ်စွန်းစွန်းလေးမှာပဲ တိုင်းပြည်ရဲ့ ကြီးလေးတဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်ခဲ့ပြီးတော့ တိုင်းပြည်ရဲ့အနာဂတ်အတွက် ရေရှည်လမ်းစဉ်တွေတောင်မှ ချမှတ်သွားနိုင်ခဲ့ပါတယ်။ ဒါက လူငယ်တွေရဲ့အစွမ်းအစကို ဖော်ထုတ်ပြသခဲ့တဲ့ အဓိက သက်သေကြီးတစ်ခုပါ။ ဒီလိုပါပဲ၊ မြန်မာ့သမိုင်းမှာပဲ ဖြစ်ဖြစ်၊ ကမ္ဘာ့သမိုင်းမှာပဲဖြစ်ဖြစ် လူငယ်တွေ ဦးဆောင်လို့ ရှေ့တန်းရောက်ခဲ့တာတွေ၊ အောင်မြင်မှုရခဲ့တာတွေက ဒုနဲ့ဒေးရှိနေပါတယ်။

ပြီးတော့ တစ်ချက်စဉ်းစားဖို့ရှိတာက အတွေ့အကြုံဆိုတာမျိုးက ကိုယ်တွေ့ကြုံမှ၊ ကိုယ်တိုင်ကြုံမှ သင်လွယ်တတ်လွယ်တယ်ဆိုတဲ့အချက်ကလည်း တထစ်ချမှတ်ယူလို့ရတဲ့ အမှန်တရားတစ်ခု မဟုတ်ပါဘူး။ အသက်ဆိုတာ အလိုလိုကြီးလာတဲ့အရာဖြစ်ပါတယ်။ လုပ်ငန်းခွင်အတွေ့အကြုံဆိုတာကလည်း အချိန်နာရီတွေ လည်ပတ်ပြီး ရက်ကိုလစား၊ လကိုနှစ်စားလာတာနဲ့ သူ့ဟာသူ အလိုအလျောက် ရလာတာမို့ အတွေ့အကြုံရင့်ရုံ၊ အရွယ်ကြီးရုံမျှနဲ့ ပိုတော်၊ ပိုတတ်၊ ပိုရင့်ကျက်နေမယ်လို့ မဆိုနိုင်ပါဘူး။ ဒီလိုပြောလို့ ငယ်တဲ့သူကပဲ ပိုတော်တယ်လို့ ဆိုလိုရင်းမဟုတ်မှန်းတော့ သိကြမှာပါ။

**အတွေ့အကြုံတွေ**

လူတစ်ယောက်ကို သုံးသပ်ဝေဖန်ရင် သူ့ရဲ့အသက်အရွယ်၊ အတွေ့အကြုံတွေကို လေ့လာနိုင်းယှဉ် သုံးသပ်ဖို့လိုမှာဖြစ်သလို သူဘာတွေလုပ်ခဲ့သလဲ၊ သူဘာတွေ လေ့လာခဲ့သလဲဆိုတာ တွေကိုပါ ထည့်သွင်းစဉ်းစားဖို့ လိုမှာပါ။

ကိုယ်တွေ့ အတွေ့အကြုံချည်းသက်သက်သာ သင်ယူနေတဲ့သူတစ်ယောက်က စာပေလေ့လာမှု၊ သူတစ်ပါးဆီကသင်ယူမှု စတာတွေပါ ပေါင်းစပ်သင်ယူနေတဲ့သူထက် တိုးတက်မှုအလွန်တရာ နှေးကွေးနိုင်ပါတယ်။

**ဝေဖန်ပိုင်းခြားပေးဖို့လို**

ထင်သာမြင်သာအောင်ပြရရင် လူနှင့်တိရစ္ဆာန်ဆိုပါတော့။ ခွေးတစ်ကောင်က မီးခဲတစ်ခုကို တက်နင်းလိုက်မယ်။ ပူသွားလို့ ကိန်ခနဲအော်မယ်၊ ထွက်ပြေးမယ်။ ဒါပဲ။ သူ့သင်ယူမှုက ဒီမှာပဲရပ်သွားတယ်။ နောက်တစ်ခါ မီးတွေ့ရင် တက်မနင်းတော့ဘူး။ သူ ပူမှန်းသိသွားပြီ။ ဒါပေမယ့် သူတို့က ကိုယ့်သင်ယူမှုကို တစ်ကောင်နှင့် တစ်ကောင် လက်ဆင့်ကမ်းလို့မရဘူး။ တစ်ခြားခွေးကိုသွားပြီး "ဟေ့ကောင်ရေ၊ မီးခဲတော့တက်မနင်းနဲ့၊ ပူသဟ" လို့ လက်တို့မပြောနိုင်ဘူး။ ဒါ့ကြောင့် သူ့အတွေ့အကြုံ၊ သူ့သင်ယူမှုက သူတစ်ကောင်တည်းမှာတင် ရပ်တန့်သွားပြီးတော့ တခြားသူကို လက်ဆင့် မကမ်းနိုင်တဲ့အတွက် တခြားခွေးကလည်း မီးခဲပူမှန်းမသိဘူး။ ပူမှန်းမသိတော့ မတော်တဆတက်နင်းမိ၊ တက်နင်းမိမှ သူကလည်း ပူမှန်းသိ၊ ထွက်ပြေး။ ဒီလိုနဲ့သံသရာလည်နေကြတော့တာပါ။

လူတွေကတော့ ဒီလို မဟုတ်ဘူး။ မီးက ဘယ်လိုသဘောသဘာဝ ရှိတယ်။ ရေက ဘယ်လိုဓာတ်သတ္တိတွေ ရှိတယ်ဆိုတာကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့၊ ဘာသာစကားအကူအညီနဲ့ လက်ဆင့်ကမ်းလာရုံသာမက စာပေကိုပါ တီထွင်ပြီးတော့ မှတ်တမ်းမှတ်ရာတွေ ချန်ထားရစ်ခဲ့တော့ နောက်လူတွေက ကိုယ်တွေ့ကြုံမှ၊ ကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ တွေ့မှ ပူမှန်း၊ အေးမှန်း သိရတာမျိုးမဟုတ်တော့ဘဲ ဘာသာစကားအကူအညီ၊ စာပေအကူအညီ၊ နည်းပညာအကူအညီတွေကြောင့် တခြားလူတွေရဲ့ အတွေ့အကြုံ၊ တခြားလူတွေရဲ့ ဉာဏ်ပညာတွေကို ကိုယ်ကပါ ထပ်ဆင့်မျှဝေခံစား သိရှိခွင့်ရကြပါတယ်။ ဒီဘာသာစကားနှင့် စာပေကြောင့်ပဲ သမိုင်းမှာ လူနှင့် တိရစ္ဆာန်ရဲ့ ခြားနားမှုကြီးက ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်သွားတာလို့ဆိုရင်လည်း မှားနိုင်မယ်မထင်ပါဘူး။

လူ့သမိုင်းက ဘာသာစကားနှင့် စာပေကြောင့်၊ နည်းပညာကြောင့် အဓိက တိုးတက်လာတာ ဖြစ်လို့ လက်တွေ့နယ်ပယ်မှာလည်း ဒီဟာကို ကောင်းကောင်း အသုံးချနိုင်တဲ့သူတွေသာလျှင် တိုးတက်အောင်မြင်မှုကို ပိုမို ရရှိကြတာဖြစ်ပါတယ်။ မသိလိုက် မသိဘာသာ၊ ဘာသိဘာသာနေတဲ့သူများအဖို့ကတော့ တက်နင်းမိမှ ပူမှန်းသိကြရမှာပါ။

ဆိုလိုရင်းကတော့ လူတွေက သင်ယူလေ့လာတဲ့နေရာမှာ ဘာသာစကားအကူအညီ၊ စာအုပ်စာပေ အကူအညီ၊ နည်းပညာအကူအညီတွေကြောင့် တိုးတက်လာကြတာဖြစ်တဲ့အတွက် လက်တွေ့နယ်ပယ်မှာလည်း လုပ်ငန်းအတွေ့အကြုံ၊ အသက်အရွယ်တို့သာမက လူတစ်ယောက်ဟာ ဘယ်လိုတွေ လေ့လာသင်ယူနေသလဲ၊ သူတစ်ပါးမျှဝေထားတဲ့ အတွေ့အကြုံ ဗဟုသုတတွေကို ဘယ်လိုပုံ၊ ဘယ်လိုနည်းတွေနဲ့ ချဉ်းကပ်လေ့လာနေသလဲဆိုတဲ့အချက်ကိုလည်း ထည့်သွင်းစဉ်းစားပြီးမှ သင့်မသင့်၊ တော်မတော် ဝေဖန်ပိုင်းခြားပေးဖို့လိုမယ်လို့ တင်ပြလိုရင်းဖြစ်ပါတယ်။

အချုပ်အားဖြင့် တင်ပြလိုတာကတော့ ကိုယ့်ရဲ့ အဖွဲ့အစည်းတစ်ခု၊ နယ်ပယ်တစ်ခု အတွင်းမှာ ဦးဆောင်ဦးရွက်ပြုကြသူတွေအနေနဲ့ ကိုယ့်အဖွဲ့အစည်း ရေရှည်တိုးတက်ဖို့အတွက်၊ ဆရာထက် တပည့် လက်စောင်းထက်လာနိုင်ဖို့အတွက် လူငယ်တွေကို ယုံယုံကြည်ကြည်နဲ့ တာဝန်တွေပေးပါ၊ အလုပ်တွေခိုင်းပါ၊ သူတို့ရဲ့ လျင်မြန်သွက်လက်မှု၊ တက်ကြွလန်းဆန်းမှုတွေကို အသုံးချပါ၊ ရှေ့ကို တွန်းပို့ကြည့်ပါ၊ စမ်းကြည့်ခွင့်ပေးပါ။ လွဲသွားရင် တည့်ပေးပါ၊ မှားသွားရင်ပြင်ပေးပါ၊ ဒီလိုနည်းနဲ့ပဲ လူငယ်တွေကို ပိုမို ထက်မြက်လာအောင်၊ ပိုမို ထူးချွန်လာအောင် မြေတောင်မြှောက်ပေးရင်းက တစ်ဆင့် ကိုယ့်အဖွဲ့အစည်းရဲ့ အနာဂတ်ကို လင်းလက်တောက်ပလာအောင် မဟာဗျူဟာ ချမှတ်ကြပါလို့ အကြံပြု တင်ပြလိုက်ရကြောင်းပါ ခင်ဗျာ။ ။



# ချင်းတွင်းမြစ်အတွင်း ဓာတုအဆိပ် ပါဝင်မှုကို စမ်းသပ်တိုင်းတာ



**မုံရွာ နိုဝင်ဘာ ၆**

အင်္ဂလန်နိုင်ငံ ကိန်းဗရစ်ချ်တက္ကသိုလ်နှင့် အောက်စဖို့တက္ကသိုလ်နှစ်ခုနှင့် စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ပူးပေါင်း၍ဘူမိဗေဒကြေကွဲမှုဖြစ်စဉ်ကြောင့် ချင်းတွင်းမြစ်အတွင်း ဓာတုအဆိပ်မည်မျှပါဝင်နေသည်ကို စမ်းသပ်စစ်ဆေးမှုများကို လေးနှစ်တာဆောင်ရွက်မည့် အစီအစဉ်ကိုစတင်နေပြီဖြစ်ကြောင်း စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမျိုးသူထံမှ သိရသည်။

"အင်္ဂလန်နိုင်ငံ တက္ကသိုလ်နှစ်ခုက ဟိမဝန္တာတောင်တန်းတွေမှာဖြစ်တဲ့ ဘူမိဗေဒဖြစ်စဉ်တွေ လူတွေကြောင့်ဖြစ်တဲ့သဘာဝဖြစ်စဉ်စတဲ့ ဘူမိဗေဒကြေမွမှုဖြစ်စဉ်တွေက ဘယ်လောက်ထိ ဓာတုအဆိပ်တွေအနေနဲ့ လူတွေ သုံးနေတဲ့ မြစ်တွေ၊ ချောင်းတွေထဲ ပါဝင်နေပြီလဲဆိုတာကို စမ်းသပ်မှာပါ၊ ကိန်းဗရစ်ချ်ယူနီဗာစီတီကတော့ ဒါကိုကြည့်ပြီးတော့ ရာသီဥတုပြောင်းလဲတာနဲ့ ဆက်စပ်ပြီး ဘူမိဗေဒဖြစ်စဉ်ကို သုံးသပ်ဆွေးနွေးမှာ ဖြစ်သလို အောက်စဖို့ ယူနီဗာစီတီကတော့ လက်ရှိအနေအထားမှာ မြစ်တွေထဲမှာ ဘယ်လောက်အထိ လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေတဲ့ ဓာတုအဆိပ်တွေရှိနေပြီလဲဆိုတာကို ဖော်ထုတ်ဖို့ဖြစ်ပါတယ်" ဟု ပြောပြသည်။

စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းအနေဖြင့် ဓာတ်ခွဲခန်းရှိသည့်အတွက် ယူနီဗာစီတီနှစ်ခုကလုပ်မည့် အလုပ်ကို ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်သလို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ချိတ်ဆက်ထားသော အရပ်ဘက်အဖွဲ့အစည်းများနှင့် လေးနှစ်လုံးလုံး မြစ်ရေအခြေအနေကို စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်အနေဖြင့် သတ်မှတ်ထားသည့်နေရာတွင် သုံးလတစ်ကြိမ် ရေနမူနာကို ကောက်ယူမည်ဖြစ်ပြီး ကောက်ပြီးလျှင် စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ပတ်ဝန်းကျင်ရေးရာဓာတ်ခွဲခန်းတွင် စမ်းမည်ဖြစ်သည်။ ဥပမာ၊ ဟုမ္မလင်းအောက်ရေနှင့် ဟုမ္မလင်းအထက်ရေအဖြစ် ပုံမှန်သတ်မှတ်ထားသည့် နေရာတွင် ရေနမူနာကို ကောက်ယူပြီး ဓာတ်ခွဲခန်းတွင် စစ်ဆေးမည်ဖြစ်သလို အောက်စဖို့ ယူနီဗာစတီကိုလည်း ပေးပို့စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အဓိက ကျွန်တော်တို့ သိချင်တဲ့အချက်က မြစ်တွေရဲ့ ညစ်ညမ်းမှုကိုသာမက ကျွန်တော်တို့ဓာတ်ခွဲခန်းကလည်း ဘယ်လောက်ထိ စံချိန်မီစမ်းသပ်နိုင်တယ်ဆိုတာကို အောက်စဖို့ယူနီဗာစီတီက ရလဒ်တွေကို နှိုင်းယှဉ်ပြီးတော့ အခြေအနေကို မြှင့်တင်သွားဖို့ပါ၊ လက်ရှိအခြေအနေအရ ပတ်ဝန်းကျင်ရေးရာ၊ ပြဿနာတက်နေချိန်မှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ခွဲခန်းတွေကရော ဘယ်လောက်ယုံကြည်ရလဲဆိုတဲ့ မေးခွန်းကရှိလာတဲ့အတွက်ပါ၊ ဘာနဲ့ အလားတူလဲဆိုတော့ ကျန်းမာရေးမကောင်းလို့ဆေးခန်းမှာ သွားဓာတ်ခွဲစမ်းသပ်တဲ့ ပြဿနာလို ဖြစ်နေပါတယ်၊ ကိုယ်က နေမကောင်းလို့ ဓာတ်ခွဲခန်းတစ်ခန်းသွားပါတယ်၊ ကင်ဆာမရှိဘူး အဖြေထွက်လို့နိုင်ငံခြားသွားစစ်ရင်ရှိတယ်၊ အဖြေထွက်တာကြုံရသလို ဘယ်သူမှန်လဲဆိုတဲ့ ပြဿနာက တော်တော်ဆိုးပါတယ်၊ လူမှုအဖွဲ့အစည်းတွေက ပတ်ဝန်းကျင်ညစ်ညမ်းတယ်၊ ဝိုင်းပြောကြတယ်၊ အစိုးရဌာနတွေရော ပုဂ္ဂလိကလုပ်ငန်းရှင်တွေရော ဓာတ်ခွဲခန်းတွေ သွားစမ်းကြတယ်၊ စမ်းတော့ ထွက်လာတဲ့ ရလဒ်တွေကို ဘယ်သူမှန်လဲဆိုတဲ့ နည်းပညာပြဿနာ အခက်အခဲတွေရှိနေပါတယ်" ဟု ဦးဝင်းမျိုးသူက ရှင်းပြသည်။

"ကျွန်တော်တို့မှာ ဓာတ်ခွဲခန်းပိုင်ဆိုင်ထားတဲ့အတွက် အရည်အသွေးတွေ တိုးတက်အောင်ယူနီဗာစီတီနှစ်ခုနဲ့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်၊ ပိုမိုတိကျမှန်ကန်တဲ့ သိပ္ပံရလဒ်ကို ရတယ်ဆိုရင်တော့ မှန်မှန်ကန်ကန် မူဝါဒပိုင်း ဆိုင်ရာ ပြည်သူလူထုကျန်းမာရေးဆိုင်ရာ ကိစ္စရပ်တွေမှာ တတ်နိုင်သမျှ ပံ့ပိုးဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ရည်ရွယ်ပြီး သုတေသနလုပ်ငန်းကို လေးနှစ်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ပတ်ဝန်းကျင်ရေးရာ ဓာတ်ခွဲခန်းတာဝန်ရှိသူက ပြောပြသည်။

ထို့အပြင် အချို့နေရာများတွင် ပတ်ဝန်းကျင်အရ အရေးကြီးသည့်နေရာများတွင်လည်း တိုင်းတာရန်ရှိပြီး သဘာဝဘူမိဖြစ်စဉ်အရ ကြေမွဖြစ်စဉ်အရ ထွက်လာသည့် အာဆင်းနစ်ဟု ခေါ်သော စိန်ခေါ်ပြဿနာသည် ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ ဦးနှောက်ပိုင်းဆိုင်ရာ၊ အူလမ်းကြောင်းဆိုင်ရာပြဿနာများရှိရာ အာဆင်းနစ်သည် မြန်မာပြည်မှ ထွက်သည့်စပါးများတွင် အာဆင်းနစ်များ တွေ့သည်ဆိုပြီး ပြည်ပက ငြင်းပယ်ခြင်းများ ရှိလာကြောင်း သိရသည်။ စပါးစိုက်သည့်ရေမှ တစ်ဆင့် စပါးထဲသို့ရောက်သွားပြီး သီးလာသည့် စပါးမှာ အာဆင်းနစ်ပါလာခြင်းဖြစ်ရာ နိုင်ငံ၏ ကျန်းမာရေးကဏ္ဍ၊ ပို့ကုန်ကဏ္ဍ ကိုပါ ပြဿနာရှိလာနေသောကြောင့် အာဆင်းနစ် အနေအထားကို လေ့လာရာတွင် စမ်းသပ်စစ်ဆေးခြင်းမှာ အရေးပါသည့်အတွက် စပါးလည်း ဓာတ်ခွဲဆန်းစစ်ရန်စီစဉ်နေကြောင်းသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မကွေးတိုင်းဒေသကြီး၏ မွေးမြူရေးကဏ္ဍ အကျိုးစီးပွား များစွာဖြစ်ထွန်း

**မကွေး နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးကဏ္ဍဆိုင်ရာလုပ်ငန်းစဉ်များအပေါ် ဒေသတွင်းအစိုးရမှ အားပေးမှုများရှိနေပြီး နောက်ဆက်တွဲ အကျိုးရလဒ်များအဖြစ် ဒေသတွင်းတိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဌာနဆိုင်ရာ ဝင်ငွေများရရှိလျက်ရှိသည့်အပြင် မွေးမြူရေးတောင်သူများနှင့် ကုမ္ပဏီများလည်း အကျိုးစီးပွားဖြစ်ထွန်းနေကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

"ပြီးခဲ့တဲ့ နှစ်လအတွင်းမှာကို ကုမ္ပဏီ ငါးခုကနေ ဆိတ်နဲ့ပတ်သက်ပြီး တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၁၀၀ လောက်ဝင်တယ်။ တစ်ကောင်ကို ၅၀၀ ကျပ်နှုန်းနဲ့ကောက်တာ၊ နိုင်ငံတော်ကလည်း ဆိတ်တန်ဖိုးရဲ့ နှစ်ရာခိုင်နှုန်း ကုန်သွယ်ခွန်ရတယ်၊ ဌာနအနေနဲ့လည်း တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခဆိုပြီး တစ်ကောင်ကို ကျပ် ၂၀၀၀ နှုန်း ဌာနငွေစာရင်း ခေါင်းစဉ်ကနေ နိုင်ငံတော်ကိုဝင်တယ်၊ ပခုက္ကူခရိုင်ထဲက ရွာတွေမှာဆို ဆိတ်မွေးမြူရေးနဲ့ပဲကြီးပွားနေကြတာအများကြီးပဲ"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်စိုးဦးက ဆိုသည်။

မကွေးတိုင်းဒေသကြီးတွင် မွေးမြူထုတ်လုပ်ရေးကုမ္ပဏီ ၁၁ ခုရှိပြီး ပြီးခဲ့သည့် ဘတ်ဂျက်နှစ်က ဆိတ်အကောင်ရေ ၉၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အစိုးရမှ လက်ခံထားရှိပြီးဖြစ်သည့် ကျွဲ၊ နွားအရှင်များ ပြည်ပသို့ တင်ပို့ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းမူကြမ်းကို ဆက်လက်အကောင်အထည်ဖော်ရန်ရှိနေပြီး မွေးမြူရေးကဏ္ဍအတွက် ချေးငွေများလည်းပေးရန် အစီအစဉ်ရှိနေကြောင်း ဒေါက်တာမောင်မောင်စိုးဦးထံမှ သိရသည်။

"တစ်နှစ်ကို မှောင်ခိုထွက်တဲ့ နွားတစ်သိန်းခန့်ရှိတယ်လို့ တိမွေးကုကပြောတယ်၊ သယ်ဆောင်ခအနေနဲ့ မျှောစာပေးတာ တစ်ကောင်ကို ၃၀၀၀ ပဲကောက်ဦး၊ တစ်နှစ်ကို သိန်းပေါင်း ၃၀၀၀ လောက် နစ်နာနေတယ်၊ နွားမှောင်ခိုကိစ္စတင်၊ တရားဝင်တင်ပို့နိုင်အောင်၊ ထုတ်လုပ်နိုင်အောင် အစိုးရကိုယ်တိုင်က ဒါကိုကြိုးစားနေတယ်၊ အရင်တုန်းကတော့ ဝက်မွေးတို့၊ နွားမွေးတို့ကို ပက်မြန်မာတို့ဘာတို့က ထောက်ပံ့ကြေးပေးတာတွေရှိတယ်၊ ဒီအသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေကို ငွေချေးမယ်၊ ကျွန်တော်တို့ ကြိုးစားနေတယ်" ဟု မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ဆိတ်မွေးမြူရေးလုပ်ငန်းကောင်းမွန်မှုကြောင့် ပြည်ပထွက်ခွာ အလုပ်လုပ်ကိုင်မှုကျဆင်းနေသည့် ဒေသများရှိလာပြီး ကျွဲ၊ နွားများ တရားဝင်သယ်ဆောင်ခြင်းဖြင့် မွေးမြူရေးတောင်သူများ ထိုက်တန်သောဈေးနှုန်းရရှိခြင်း၊ တိုင်းဒေသကြီး ဖွံ့ဖြိုးရန်ပုံငွေတိုးတက်ခြင်း ရလဒ်ကောင်းများ ပိုင်ဆိုင်လာမည်ဖြစ်ကြောင်း၊ ကောင်းမွန်သောမွေးမြူရေးဆိုင်ရာ ကျင့်စဉ်များက မွေးမြူရေးကဏ္ဍကိုတိုးတက်စေကာ ရာသီဥတုဖောက်ပြန်ခြင်းနှင့်ဆက်နွယ်နေကာ စိုက်ပျိုးရေးလုပ်ငန်းနစ်နာမှုများကို ကုစားပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

**ဧယျတု(မကွေး)**

# ပထမအကြိမ် အိမ်ထောင်ရှင် အမျိုးသမီး အလှမယ် ရွေးချယ်ပြိုင်ပွဲ ပခုက္ကူမြို့၌ကျင်းပ

**ပခုက္ကူ နိုဝင်ဘာ ၆**

မြန်မာနိုင်ငံရှိ အမျိုးသမီးများ၊ အိမ်ထောင်ရှင် အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ မိမိဝါသနာပါသောလုပ်ငန်းများ လုပ်ကိုင်နိုင်ခွင့်၊ ဖန်တီးနိုင်ခွင့်များ ရရှိစေရန် ရည်ရွယ်၍ ပခုက္ကူမြို့နယ် တော်ဝင်နန်း ဟိုတယ်၌ ပထမအကြိမ် အရည်အချင်းပြည့်မီသော အိမ်ထောင်ရှင် အမျိုးသမီးအလှမယ် ရွေးချယ်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်ညနေ ၄ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ တေးသီချင်း၊ အကများဖြင့် ပြိုင်ပွဲကို ဖွင့်လှစ်ကြပြီး ပထမအကြိမ် အရည်အချင်းပြည့်မီသော အိမ်ထောင်ရှင်အမျိုးသမီး အလှမယ်ပြိုင်ပွဲဝင် ၁၁ ဦးကို တစ်ဦးချင်း အမည်များ၊ ခါးနံပါတ်စဉ်များအလိုက် မိတ်ဆက်ပေးကြသည်။ ဆက်လက်၍ ပထမဆုံးအဆင့်အနေဖြင့် ပြိုင်ပွဲဝင်အိမ်ထောင်ရှင်အမျိုးသမီးများက ရိုးရိုးဝတ်စုံ၊ မြန်မာဝတ်စုံ၊ ညထွက်ဝတ်စုံတို့ဖြင့် ယှဉ်ပြိုင်ကြသည်။ ထို့နောက် ပြိုင်ပွဲဝင် ၁၁ ဦးမှ ရှစ်ဦးကို ရွေးချယ်ကြပြီး မေးခွန်းမေးမြန်းမှုအပေါ် ဖြေဆိုနိုင်ခြင်းအစီအစဉ်ဖြင့် ဒုတိယအဆင့် ငါးဦး ရွေးချယ်ကြသည်။

၎င်းတို့မှ Mrs Winner ဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အခြားဆုပိုင်ရှင်များကို ရွေးချယ်ကြရာ ဒေါ်သန္တာလွင်က အရည်အချင်းပြည့်မီသော အိမ်ထောင်ရှင် အမျိုးသမီးအလှမယ် (Mrs Pakokku Winner) ဆုကိုရရှိပိုင်ဆိုင်ခဲ့သည်။ ထိုပြိုင်ပွဲ၏ အကဲဖြတ်ဒိုင်လူကြီးများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ Mrs Winner ဆုရှင်တို့က တာဝန်ယူအမှတ်ပေးဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ အလှမယ်ပြိုင်ပွဲအတွက် Main Sponsor အနေဖြင့် အောင်မြင့်မိုရ် (Mobile)နှင့် အောင်မြင့်မိုရ် ဆန်ရောင်းဝယ်ရေး၊ Cosponsor အနေဖြင့် သဇင်မြင့်စတိုးနှင့် သဇင်မြင့် အိတ်အမျိုးမျိုးရောင်းဝယ်ရေး၊ Make up Sponsor အနေဖြင့် ကိုလင်း(ညောင်ဦး)နှင့် ထိုက်ထိုက်(ပုဂံ) တို့ဖြစ်ပြီး အခြား Sponsor များအနေဖြင့် တော်ဝင်နန်း ဟိုတယ်၊ ရွှေဝတ်လွှာ၊ Sai Lon Studio တို့ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် အရည်အချင်းပြည့်မီသော အိမ်ထောင်ရှင်အမျိုးသမီး အလှမယ်ရွေးချယ်ပြိုင်ပွဲသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ပခုက္ကူတက္ကသိုလ်ပါမောက္ခချုပ်၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ Mrs Winner ဆုရှင်များ၊ ပြိုင်ပွဲဝင် အိမ်ထောင်ရှင် အမျိုးသမီး များနှင့် မိသားစုများ၊ အနုပညာစိတ်ဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# အင်းဝ ဒေသရှိ ဆင်ကျုံးခံတပ်သို့ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက် လေ့လာမှု များပြား

**တံတားဦး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဆင်ကျုံးခံတပ်အား ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြားလျက်ရှိကြောင်း သိရသည်။

"ဆင်ကျုံးခံတပ်ကို ပြည်တွင်းပြည်ပခရီးသွားတွေ လာရောက်လေ့လာတာ ဒီနှစ်မှာ သိသိသာသာ များလာပါတယ်၊ ပြီးခဲ့တဲ့ တန်ဆောင်မုန်းလပြည့်ကဆို တိုးမပေါက်အောင် စည်ကားခဲ့ပါတယ်၊ ဒီခံတပ်ကို လာရောက် လေ့လာကြတာ ပြည်တွင်း ခရီးသွားတွေ ပိုမို များပြားပါတယ်၊ ခံတပ်က ဧရာဝတီမြစ်ကမ်းဘေးမှာ ဆိုတော့ ခံတပ်ကိုလည်းလေ့လာလို့ရတယ်၊ ဧရာဝတီမြစ်ရဲ့ သဘာဝအလှကိုလည်း လေ့လာလို့ရသလို ခံတပ်အတွင်းမှာရှိတဲ့ အမြောက်ကြီးတွေ၊ လက်နက်တိုက်တွေကိုလည်း အနီးကပ် လေ့လာခွင့်ရတယ်၊ ရှေးခေတ်မြန်မာလူမျိုးများရဲ့ ခံတပ်တည်ဆောက်ပုံကိုလည်း လေ့လာလို့ရတယ်၊ ဒါကြောင့် ဒီခံတပ်ကို လာရောက်လေ့လာတာ ပြည်တွင်း ခရီးသွားတွေ ပိုမိုများပြားပါတယ်"ဟု ဆင်ကျုံးကျေးရွာမှ ဒေသခံတစ်ဦးကပြောပြသည်။



အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်အား မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ် မင်းတုန်းမင်းကြီးလက်ထက်တွင် အိမ်ရှေ့စံ ကနောင်မင်းသားကြီး၊ ကင်းဝန်မင်းကြီးဦးကောင်း၊ ယောမင်းကြီးဦးဘိုးလှိုင်တို့၏ စီမံမှုဖြင့် အီတလီလူမျိုး ကွန်မိုတိုက ဦးဆောင်ကြီးကြပ်၍ ဆောက်လုပ်ခဲ့သည်။ ဧရာဝတီမြစ်ကြောင်းမှ ဆန်တက်လာမည့် နယ်ချဲ့တို့အား ခုခံတိုက်ခိုက်ရန် ရတနာပုံနေပြည်တော်အနီး အင်းဝတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းတွင် အစေခံခံတပ်၊ အမရပူရတွင် သပြေတန်းခံတပ်ဟူ၍ သုံးပွင့်ဆိုင်တည်ဆောက်ခဲ့သော ခံတပ်စခန်းဖြစ်သည်။ ဆင်ရိုင်းများကို ကျော့သောကျုံးကို ပြုပြင်ဆောက်လုပ်ထားသောကြောင့် ဆင်ကျုံးခံတပ်ဟု ခေါ်ဆိုသည်။

ခံတပ်၏တည်ဆောက်ပုံမှာ စတုရန်းပုံဖြစ်ပြီး အုတ်တံတိုင်း သုံးထပ် ပါရှိသည်။ ခံတပ်ပတ်လည်တွင် ကျုံးရှိပြီး အုတ်ရိုးများဖြင့် တည်ဆောက်ထားသည်။ အပြင်တံတိုင်းမှာ ၃၅၅ ပေ ပတ်လည်ရှိပြီး အလယ်တံတိုင်းမှာ ၂၉၃ ပေ၊ တံတိုင်းနှစ်ခုကြားတွင် ၃၁ ပေ ကျယ်သော ကျုံးရှိသည်။ အတွင်းဘက်တွင် တစ်ဖက်လျှင် ၂၁၃ ပေရှည်လျားသော အုတ်တံတိုင်း ရှိပြီး အပြင်ဘက်မှ မြေကြီးများဖြည့်ကာ ကတုတ်သဖွယ် ပြုလုပ်ထားသည်။ ခံတပ်၏ မြောက်ဘက်သရဲပြေးပေါ်၌ ဆုံလည် အမြောက်များ၊ စိန်ပြောင်းများ၊ သေနတ်များထားရာ စက်ဝိုင်းပုံသဏ္ဌာန် အုတ်စီအဝိုင်းပေါက်များ ပြုလုပ်ထားသည်။ အတွင်း၌ လက်နက်တိုက်နှင့် ယမ်းတိုက်များ ပါဝင်ကြောင်း မှတ်တမ်းများအရသိရသည်။

ဆင်ကျုံးခံတပ်အား ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိရာ ယခုနှစ် ခရီးသွားရာသီတွင် ပိုမိုများပြားလာကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## (၉၇) နှစ်မြောက် အမျိုးသားနေ့အကြို စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲ ဖားကန့်၌ကျင်းပ

**ဖားကန့် နိုဝင်ဘာ ၆**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် (၉၇) နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖားကန့်မြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူး၍ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲ ကျင်းပမှုနှင့်ပတ်သက်၍ မြို့နယ်ပညာရေးမှူးဆရာကြီးဦးဖုန်ဆားရ်က "ပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးတာပါ။ ဒီနှစ်အတွက်ကတော့ အဆင့်လိုက် ပြိုင်ပွဲတွေမှာ ခေါင်းစဉ်အသီးသီးပေးထားပါတယ်၊ မူလတန်းအဆင့်မှာ 'အမျိုးသားနေ့ ဒို့မမေ့' ခေါင်းစဉ်နဲ့ ပန်းချီပြိုင်ပွဲမှာ ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး၊ စာစီစာကုံးပြိုင်ပွဲမှာ ၃၂ ဦး၊ အလယ်တန်းအဆင့်မှာတော့ 'အမျိုးသားနေ့နှင့် လူငယ်တာဝန်' ခေါင်းစဉ်နဲ့ ပန်းချီပြိုင်ပွဲမှာ ၁၉ ဦး၊ စာစီစာကုံး ပြိုင်ပွဲမှာ ၃၂ ဦး၊ ကဗျာနဲ့ ကာတွန်းပြိုင်ပွဲများမှာ ၁၂ ဦးစီနဲ့ ပိုစတာပြိုင်ပွဲမှာ ၁၄ ဦး၊ အထက်တန်းဆင့်မှာတော့ 'အမျိုးသားနေ့ဟူသည်' ခေါင်းစဉ်နဲ့ ပန်းချီ ပြိုင်ပွဲဝင် ခုနစ်ဦး၊ စာစီစာကုံးပြိုင်ပွဲဝင် ၂၅ ဦး၊ ကဗျာပြိုင်ပွဲဝင် ၁၂ ဦးနဲ့ ကာတွန်းနဲ့ ပိုစတာပြိုင်ပွဲတွေမှာ ၁၀ ဦးစီ ပါဝင်ယှဉ်ပြိုင်တာကြောင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၉၉ ဦး ပါဝင်ယှဉ်ပြိုင်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြိုင်ပွဲကို မြို့နယ်ပညာရေးမှူးဆရာကြီးဦးဖုန်ဆားရ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ဆုရကျောင်းသား၊ ကျောင်းသူများအား နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပမည့် (၉၇) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**အောင်မြေသာစံ နိုဝင်ဘာ ၆**

လင်းရောင်ခြည်စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာမှ ကြီးမှူး၍ (၉၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၇ နာရီမှ ၈ နာရီအထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်း၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်ရှိ လင်းရောင်ခြည်စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာ၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲသို့ အောင်မြေသာစံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက 'သမိုင်းတွင်သည့်အမျိုးသားနေ့' ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

စာစီစာကုံးပြိုင်ပွဲကျင်းပရာသို့ လင်းရောင်ခြည်စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမောင်မောင်လွင်နှင့် ကော်မတီဝင်များက ကူညီဆောင်ရွက်ပေးကြပြီး နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီတွင်ကျင်းပမည့် အမျိုးသားနေ့အထိမ်းအမှတ်စာပေဟောပြောပွဲတွင် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

# ချင်းပြည်နယ်ကို ခရီးစဉ်ဒေသသစ်အဖြစ်ဖော်ဆောင်၍ နိုင်ငံတကာ ခရီးသွားများ ညအိပ်လည်ပတ်နိုင်ရန်စီစဉ်



**ရိခေါဒါရ် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနသည် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များဖြင့်ပူးပေါင်းကာ ယခုနှစ်အတွင်း ချင်းပြည်နယ်ကို ခရီးစဉ်ဒေသသစ် တစ်ခုအဖြစ်ဖော်ဆောင်လျက်ရှိသည့်အပြင် ချင်းပြည်နယ်သို့ နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံတကာခရီးသွားဧည့်သည်များ ညအိပ်လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ သိရသည်။

မြန်မာနိုင်ငံတွင် ခရီးစဉ်ဒေသများစွာ ပေါ်ထွန်းလာလျက်ရှိနေသော်လည်း သဘာဝအလှအပများဖြင့် သဘာဝအတိုင်းတည်ရှိနေပြီး ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားနိုင်မည့်ဒေသများစွာရှိနေသေးသည်ဖြစ်ရာ နိုင်ငံတကာခရီးသွားများ စိတ်ဝင်စားဖွယ်ဖြစ်စေမည့် ခရီးစဉ်များကို ရှာဖွေဖော်ထုတ်ရာတွင် မြန်မာနိုင်ငံ၏ ပြည်နယ်ဒေသများတွင် စိတ်ဝင်စားဖွယ် ရေမြေတောတောင် သဘာဝအလှအပများအပြင် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များရှိနေပြီး ဒေသခံတိုင်းရင်းသားများ၏ ဓလေ့စရိုက်သဘာဝများ၊ ဒေသထွက်ကုန်များမှာလည်း နိုင်ငံတကာ ခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ဖြစ်နေကြောင်း သိရသည်။

"ချင်းပြည်နယ်က နိုင်ငံတကာခရီးသွားတွေ စိတ်ဝင်စားမယ့် သဘာဝအခြေအနေ အများကြီး ရှိနေပါတယ်။ ဒါ့အပြင် ဖွံ့ဖြိုးမှုနောက်ကျတဲ့ ဒေသလည်းဖြစ်တော့ ဒီလိုခရီးစဉ်ဒေသတွေ ဖော်ဆောင်ပြီး ပြည်တွင်းပြည်ပခရီးသွားတွေ လာရောက်လည်ပတ်ကြရင် ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေပါ တိုးတက်လာပြီး ဝင်ငွေတွေပါ တိုးတက်ရရှိလာကြမှာပါ" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အပြင် လူနေကျဲပါးသော တောင်ပေါ်ဒေသဖြစ်နေသော်လည်း ချင်းတောင်တန်းတွင် အမြင့်ဆုံးတောင်ထိပ်ဖြစ်သည့် ဝိတိုရိယတောင် (ခေါ်) ခေါ်နူးစုမ်၊ အသည်းနှလုံးပုံသဏ္ဌာန်ရိရေကန်၊ နတ်မတောင်အမျိုးသားဥယျာဉ်နှင့် မြန်မာ-အိန္ဒိယနယ်စပ်ဖြစ်သည့် အမှတ် (၂) ရိနယ်စပ် ကုန်သွယ်ရေးစခန်းတည်ရှိနေခြင်းတို့ကြောင့် နိုင်ငံတကာခရီးသွားများ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်မှု တိုးတက်များပြားလာခြင်းဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များမှာ အိန္ဒိယနယ်စပ်မှ ချင်းပြည်နယ်သို့ နေ့ချင်းပြန်ခရီးဖြင့် လာရောက်လည်ပတ်မှုများရှိပြီး နယ်စပ်မှတစ်ဆင့်လာရောက်လည်ပတ်နေသည့် နိုင်ငံတကာခရီးသွားဧည့်သည်များကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အထိ ညအိပ်ခရီးစဉ်များဖြင့် လာရောက်လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဖွံ့ဖြိုးမှုနောက်ကျပြီး သဘာဝအခြေအနေများစွာတည်ရှိနေသေးသည့်ဒေသများကို မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအဖြစ် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဦးရေ ၃ ဒသမ ၅ သန်းအထိ ဝင်ရောက်မည်ဟုခန့်မှန်းထားပြီး ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိမြန်မာနိုင်ငံသို့ ဝင်ရောက်သည့် ခရီးသွားဧည့်သည်အရေအတွက်မှာ ၂ ဒသမ ၂၇ သန်းရှိနေပြီဖြစ်ရာ ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ၂၂ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ချင်းတွင်းသား**

## လီဆူရိုးရာနှစ်သစ်ကူး(ခေါ့ရှိ) ရိုးရာဓားတက်ပွဲနှင့် အားကစားပွဲများ ကျင်းပမည်

**ပူတာအို နိုဝင်ဘာ ၆**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပရန်စီစဉ်လျက်ရှိသည့် လီဆူရိုးရာနှစ်သစ်ကူး (ခေါ့ရှိ)နှင့် ပူတာအိုဒေသလီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီ နှစ် (၆၀) ပြည့်ပွဲတော်တွင် ရိုးရာဓားတက်ပွဲနှင့် အားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်က ပြောကြားသည်။



"ကျွန်တော်တို့ အခုလိုပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ အမျိုးဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနဲ့ စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ထာဝစဉ်အတူလက်တွဲ နေထိုင်ရေးဆိုတဲ့ ရည်ရွယ်ချက်ကောင်းများနဲ့ ကျင်းပသွားမှာပါ။ ပွဲတော်ကို နိုင်ငံတော်အဆင့်တာဝန်ရှိသူများ၊ နိုင်ငံတွင်းရှိ လီဆူတိုင်းရင်းသားများအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာရှိတဲ့ လီဆူတိုင်းရင်းသားမျိုးနွယ်စုများလည်း ဖိတ်ကြားသွားမှာပါ။ ပွဲတော်မှာ လီဆူတိုင်းရင်းသားများရဲ့ ရိုးရာဓားတက်ပွဲကို အဓိကထားပြီး ထည့်သွင်းပြသသွားမှာပါ" ဟု ကချင်ပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်က ပြောကြားသည်။

အလားတူ ပွဲတော်ကျင်းပရေးကော်မတီဝင်၊ ကချင်ပြည်နယ် လီဆူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆာကီးက "ပွဲတော်ကို ပူတာအိုမြို့ လုံးစွတ်ရပ်ကွက်မှာရှိတဲ့ ရိုးရာကွင်းမှာ ကျင်းပမှာပါ။ ဓားတက်ပွဲကိုတော့ မြစ်ကြီးနားခရိုင်အတွင်းက ကန်ပိုက်တည်နဲ့ ထိန်ချုံးက လီဆူတိုင်းရင်းသားတွေကတာဝန်ယူတက်မှာပါ၊ ဒါ့အပြင် ရိုးရာဒူးလေးပစ်ပြိုင်ပွဲ၊ ဘောလီဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာအက၊ ဂေါက်သီးရိုက်နဲ့ တေးသီချင်းသီဆိုခြင်းပြိုင်ပွဲများလည်း ကျင်းပသွားမှာပါ၊ အနယ်နယ်အရပ်ရပ်က ဧည့်သည်တွေ ဖိတ်ကြားထားပြီး အင်အား ၃၀၀၀၀ ကျော်လာမယ်လို့ မျှော်လင့်ထားပါတယ်။ နေထိုင်စားသောက်ရေးအတွက် ငွေကျပ်သိန်း ၅၀၀၀ လောက် အကုန်အကျခံသုံးစွဲသွားဖို့ အလှူရှင်များကလည်း စုပေါင်းထည့်ဝင်လှူဒါန်းထားပါတယ်။ အခုကစပြီး အလျား ပေ ၄၀၊ အနံ ပေ ၈၀ ရှိတဲ့ ယာယီတည်းခိုဆောင် ခုနစ်ဆောင်ကို ဆောက်လုပ်နေပါပြီ၊ နောက်ပြီး ပူတာအိုမှာရှိတဲ့ ထူးဖောင်ဒေးရှင်းနဲ့ သော်တာဝင်းကုမ္ပဏီပိုင် ဟိုတယ်ကြီးများလည်း အခမဲ့တည်းခိုနိုင်ရေး ဆောင်ရွက်ထားရှိပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ပွဲတော်အား ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကာ ပွဲတော်ရက်အတွင်းတွင် လီဆူတိုင်းရင်းသားတို့၏ ရိုးရာအသုံးအဆောင်ပစ္စည်းများပြခန်း၊ စာပေနှင့် ယဉ်ကျေးမှုပြခန်း၊ ပူတာအိုဒေသထွက် ရိုးရာပရဆေးပြခန်းများပါဝင်မည်ဖြစ်ကာ လီဆူတိုင်းရင်းသားရိုးရာ(ဂွာချီ)အကများဖြင့် ဖျော်ဖြေတင်ဆက် ကပြသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## လယ်ယာသုံး စက်ကိရိယာကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်လှစ်

**မင်းဘူး နိုဝင်ဘာ ၆**

လယ်ယာသုံး စက်ကိရိယာကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု ၁/၂၀၁၇(အခြေခံ)သင်တန်း ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ အမှတ် ၈ စက်မှုလယ်ယာစခန်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းသို့ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ လက်ခုပ်ပင်၊ ကျောက်တန်း၊ ပင်လယ်သက်၊ ကျောက်စစ်ပုံ၊ ပန်းလှ၊ မကျီးစု၊ ပုဂံစစ်နှင့် မင်းရွာကျေးရွာတို့မှ သင်တန်းသား ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှ နိုင်ဝင်ဘာ ၆ ရက်မှ ၁၇ ရက်အထိ ထွန်စက်နှင့် ထွန်ယက်ကိရိယာထိန်သိမ်းမှု၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ ကောက်စိုက်စက်ပျိုးထောင်ခြင်းနှင့် စိုက်ပျိုးခြင်း၊ စက်မှု လယ်ယာ စနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်း၊ ထွန်စက်၊ လက်တွန်းထွန်စက်မောင်းနှင်မှု ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကိုဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။* *(စာတည်းအဖွဲ့)*

# ကြုံတွေ့ခဲ့ရတဲ့ပညာရေးအကြောင်း တစေ့တစောင်း–၂

အငြိမ်းစားပါမောက္ခတစ်ဦး

**ရာထူးဆိုတာ**

အခုရက်ပိုင်း ပညာရေး အသိုင်းအဝိုင်းမှာ ရာထူးတိုးနဲ့ ပတ်သက်ပြီး အသံတွေ တော်တော်ကြားနေရပါတယ်။ (ဖေ့စ်ဘွတ်မှာပဲပေါ့)။ ကိုယ်တိုင်က အငြိမ်းစားယူပြီး ပြီမို့ ကိုယ်နဲ့မဆိုင်ပေမယ့် သိချင်စူးစမ်းချင်တဲ့စိတ်ကတော့ ရှိနေသေးတော့ လေ့လာကြည့်မိတာပေါ့လေ။

ပညာရေးဝန်ကြီးဌာန (အဆင့်မြင့်ပညာဦးစီးဌာန) က ပွင့်လင်းမြင်သာတဲ့သဘောနဲ့ ရာထူးတိုးအတွက် တန်းစီဇယားဆိုပြီး ထုတ်ပြန်လိုက်တော့ ဝေဖန်ချက် ပေါင်းစုံ (မကျေနပ်တဲ့သူ ပိုများနေသလိုပဲ)ကြားရပါတယ်။ ရာထူးတိုးကိစ္စမှာ ဘာလို့ ဒီလောက်အာရုံစိုက်ကြ သလဲလို့ တွေးကြည့်ရင် ရာထူးတွေဖောင်းပွနေလို့ပဲလို့ ကျွန်မတော့ မြင်ပါတယ်။

(ဘာလို့ဖောင်းပွနေသလဲလို့ မေးရင်တော့ အရင်လ စက်တင်ဘာ ၂၅ ရက်၊ ၂၆ ရက် ကြေးမုံသတင်းစာက ကျွန်မရဲ့ဆောင်းပါးကို ပြန်ညွှန်းရမှာပါပဲ။)

ကျွန်မ အလုပ်မဝင်ခင် (၁၉၇၆-၇၇)လောက်ထိ တက္ကသိုလ်ပညာရေးအသိုင်းအဝိုင်းမှာ ရာထူးကိစ္စ၊ နယ်အပြောင်းအရွှေ့ကိစ္စတွေက ဘာသံမှမကြားရသလောက်ပါပဲ။ တက္ကသိုလ်တွေ အများကြီးမရှိသေးလို့ပါ)။ ရန်ကုန်တက္ကသိုလ်က ကျွန်မတို့ရဲ့ ဆရာ ဆရာမတွေက သရုပ်ပြရာထူးကနေ လက်ထောက်ကထိကဖြစ်ဖို့ အနည်းဆုံး ၁၅ နှစ်လောက် ကြာခဲ့ပါတယ်။ အပြောင်းအရွှေ့ဆိုတာလည်း တော်တော်နဲ့ မထွက်ရပါဘူး။

လုပ်သက် ခုနစ်နှစ်ရှိရင် သရုပ်ပြ/နည်းပြတွေကို လက်ထောက်ကထိကရာထူးကို တိုးပေးတဲ့မူကို ၁၉၈၅-၈၆လောက်မှာ စတင်ကျင့်သုံးတော့ လုပ်သက်ခုနစ်နှစ်မှာ လက်ထောက်ကထိက ဖြစ်သွားကြတာ ကျွန်မတို့ ဗွေဆော်ဦးပါပဲ။ Time scale နဲ့ ပေးတာမို့ ဘာမှ ယှဉ်ပြိုင်ရမှုမရှိပါဘူး။ အဲဒီအချိန်က ရာထူးတိုးအမိန့်ထွက်ချိန်လေးကို ခုထိသတိရနေမိပါတယ်။

**ရာထူးတိုးစာရင်း စောင့်ကြည့်ရ**

ခုခေတ်လို ဆက်သွယ်ရေးနည်းပညာတွေ မထွန်းကားသေးတဲ့အချိန်မို့ ရာထူးတိုးစာရင်းကို အဲဒီအချိန်က အဆင့်မြင့်ပညာဦးစီးဌာန (လိပ်ခုံး)မှာ သွားစောင့်ရပါတယ်။ စောင့်နေကြသူတွေထဲမှာ ကျွန်မတို့ရဲ့ ဆရာ ဆရာမတွေလည်းပါပါတယ်။ (ကျွန်မတို့တက္ကသိုလ်ကျောင်းသူဘဝ လက်တွေ့တန်းတွေမှာ အနီးကပ်သင်ပေးခဲ့ကြတဲ့သူတွေပါ)။

ရာထူးတိုး အမိန့်စာထွက်လာတဲ့အချိန်မှာ အားလုံး တစ်ပြိုင်နက် ရာထူးတိုးပါတယ်။ (ကျွန်မတို့ထက် အနည်းဆုံး လုပ်သက် ခုနစ်နှစ်ကြီးတဲ့ ဆရာ ဆရာမတွေနဲ့ သူတို့တပည့်ဖြစ်တဲ့ ကျွန်မတို့နဲ့ တစ်နေ့တည်း၊ တစ်ရက်တည်း ရာထူးတိုးတာပါ)။ ဒါကို သိပ်မကျေနပ်တဲ့ ဆရာမ အချို့ကတော့ သူတို့ကို ကျွန်မတို့ထက် တစ်ရက်လေးပဲစောပြီး တိုးပေးရင် ကျေနပ်ပါတယ်တဲ့။ အဲလောက်ပဲ သူတို့ ခံစားချက်ကိုပြောခဲ့တာပါ။ အခုခေတ်လို ဖေ့စ်ဘွတ်ပေါ်က ရေးကြတဲ့အချိန်မဟုတ်သေးလို့ ဘာသံမှမကြားရတာဖြစ်မှာပါ။

ဒါပေမယ့် ကိုယ့်တပည့်တွေအပေါ် မုဒိတာပွားနိုင်တဲ့ ဆရာစိတ်အပြည့်ရှိတဲ့ ကျွန်မရဲ့ဆရာရင်းတွေကတော့ ကျွန်မကို congratulations ဆိုပြီး လက်ဆွဲနှုတ်ဆက်ပါတယ်။ တကယ့်စိတ်ရင်းနဲ့ဆိုတာ ခံစားသိရှိခဲ့ပါတယ်။

အဲဒီနောက် ငါးနှစ်ကြာတဲ့အခါ Time scale နဲ့ပဲ အားလုံး ကထိကရာထူး တိုးခဲ့ကြပြန်ပါတယ်။ ကထိကရာထူးကနေ တွဲဖက်ပါမောက္ခရာထူးကို တိုးဖို့ကျတော့ ယှဉ်ပြိုင်မှုရှိလာပါပြီ။ ကိုယ့်နေရာမှာတင် မတိုးတော့ဘဲ ဝေးလံတဲ့အစွန်းအဖျား တက္ကသိုလ်တွေကို ဦးစားပေး လျှောက်တဲ့သူတွေကို ရာထူးတိုးပေးပါတယ်။ ဒီအချိန်က စစ်တွေတက္ကသိုလ်ကို သွားချင်သူမရှိလို့ စစ်တွေကို ဦးစားပေးလျှောက်ရင် ဒါမှမဟုတ် မည်သည့်တက္ကသိုလ်သို့မဆို သွားရောက်ပါမည် (စေလိုရာစေလို့ ပြောကြပါတယ်)ဆိုရင် တွဲဖက်ပါမောက္ခရာထူးတိုးပေးပါတယ်။

အဲဒီအချိန်အထိ အဆင့်မြင့်ပညာဦးစီးဌာနဟာ ရန်ကုန်မှာ တစ်ခုတည်းရှိပါသေးတယ်။ အဲဒီနောက်ပိုင်း မန္တလေးမှာ တစ်ခုထပ်ခွဲပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ဆိုပြီး နှစ်ခုခွဲကိုင်တဲ့အခါမှာတော့ မညီမမျှဖြစ်တဲ့ ကိစ္စလေးတွေနဲ့ တက္ကသိုလ်ဆရာ ဆရာမ အသိုင်းအဝိုင်းမှာ ကျိတ်ပြီးပွဲဆူလာပါတယ်။

**မရှိနေရာ ဖန်တီးပေး**

ရာထူးတိုးကိစ္စ၊ အပြောင်းအရွှေ့ကိစ္စတွေကို အရင်က ဘာမှကြိုမသိရ (မပေါက်ကြားခဲ့ဖူးတာ) ပေမယ့် အထက်မြန်မာပြည်မှာတော့ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်သူက၊ ဘယ်ကိုဆိုတာ ကြိုသိနေကြလို့ ကျွန်မတို့ အံ့သြနေကြရပါတယ်။ တစ်ခါတလေလည်း ကောလာဟလ၊ တစ်ခါတလေလည်း မှန်နေပါတယ်။ ကြိုသိလို့ ကြိုလိုက်ထားကြပြီး မသွားချင်တဲ့နေရာ မသွားရအောင် လုပ်လို့ရတယ်လို့လဲ ကြားရလို့ ကျွန်မအနေနဲ့ အံ့သြနေပေမယ့် ဟုတ်သင့်သလောက် ဟုတ်နေတာလည်း တွေ့ရပါတယ်။ ဝေးဝေးလံလံ တက္ကသိုလ်ကို posting ထွက်ပေမယ့် မသွားရဘဲ မူလတက္ကသိုလ်မှာပဲ မရှိသေးတဲ့နေရာတွေဖန်တီးပြီး နယ်တက္ကသိုလ်လေးမှာ တစ်ဌာနတည်း ပါမောက္ခသုံးယောက် ထားတာလည်းရှိရဲ့။

**နေတိုး**

နည်းပြ၊ သရုပ်ပြဘဝကနေ ပါမောက္ခဖြစ်တဲ့အထိ ဘယ်ကိုမှမပြောင်းရဘဲ ရာထူးတိုးနေကြလို့ "နေတိုး" ဆိုတဲ့အမည်လည်းပေးခဲ့ကြရဲ့။ (နေရင်းနဲ့ ရာထူးတိုးနေလို့လေ)။

အဲဒီအချိန်၊ အဲဒီအခြေအနေကစပြီး ရာထူးတိုးကိစ္စတွေမှာ မကျေနပ်တာတွေဖြစ်လာကြတာပါပဲ။

နှစ်ပြည့်လို့ ရာထူးတိုးချိန်ရောက်ပေမယ့် မတိုးကြသေးဘဲ နောက်က သုံးနှစ်လောက်နောက်ကျသူတွေနဲ့ အတူတူ ရာထူးတိုးလို့ မကျေနပ်ကြလို့ ပူညံ ပူညံတွေလည်းကြားရရဲ့။ (ကျွန်မတို့ ဆရာတွေရဲ့ EQ နဲ့တော့ ကွာပါ့)

တချို့ ကထိကလုပ်သက် ငါးနှစ်လောက်နဲ့ တွဲဖက်ပါမောက္ခဖြစ်သွားကြပေမယ့် ကျွန်မကတော့ ကိုးနှစ်ကြာမှဖြစ်ပါတယ် (စေလိုရာ မစေနိုင်လို့ပါ)။ ဒါပေမယ့် ကံကောင်းတာက တွဲဖက်ပါမောက္ခဖြစ်ပြီး တစ်နှစ်အကြာမှာ ပါမောက္ခဖြစ်ခဲ့တာပါပဲ။ အဲဒီအချိန်မှာ တက္ကသိုလ်ဆရာ ဆရာမများရဲ့ ဖွဲ့စည်းပုံကို တိုးမြှင့်ပြောင်းလဲလိုက်လို့ပါ။ ဟိုးအရင်တုန်းက ဘာသာရပ်ဌာနတစ်ခုမှာ ပါမောက္ခတစ်ဦးပဲရှိပြီး သူ့အောက်မှာ လုပ်သက်ရင့် ကထိကတွေ၊ လက်ထောက်ကထိကတွေပဲရှိပါတယ်။ နောက်ပိုင်း 'တွဲဖက်ပါမောက္ခ'ဆိုတဲ့ ရာထူးတစ်ခုပေါ်လာပါတယ်။ ပါမောက္ခကို ကူညီလုပ်ဆောင်နိုင်ဖို့ second man ထားတဲ့သဘောပါ။ ကျွန်မပြောခဲ့သလို Time scale နဲ့ တဖြည်းဖြည်း ရာထူးတွေတိုးလာတဲ့အခါ အပေါ်ပိုင်းမှာကျပ်လာတော့ ဒီလိုပဲ ဖြေရှင်းလိုက်တယ်ထင်ရဲ့။ ဒါပေမယ့်လည်း ရာထူးတိုးမှုမှာ နှစ်ကာလသတ်မှတ်ချက်ကလည်း နည်း၊ နောက်က တက်လာတဲ့သူတွေကလည်းများတော့ ပါမောက္ခ နှစ်ယောက်၊ တွဲဖက်ပါမောက္ခ လေးယောက်ဆိုပြီး ဖွဲ့စည်းပုံပြောင်းသွားပါတယ်။ အဲဒီတော့ ကျွန်မလည်း တွဲဖက်ပါမောက္ခလုပ်သက် တစ်နှစ်ပြည့်တော့ ပါမောက္ခရာထူးတိုးပါတယ်။ အဲဒီအချိန်ထိ ရာထူးတိုးခြင်းအပေါ် မကျေနပ်တာ၊ complaint တက်တာ သိပ်မရှိသေးပါဘူး။

**သေသေချာချာ မစိစစ်နိုင်**

ကျွန်မတို့ရဲ့ နောက်ကလူတွေက ကျွန်မတို့ batch ထက် အရေအတွက် ပိုများလာတဲ့အခါ ရာထူးနေရာလွတ်နည်းလာတော့ ရာထူးတိုးမှုတွေ ချမှတ်ရတော့တာပဲ။ Ph.D ပြီးမှတို့၊ နယ်လုပ်သက်တို့ 9 Platform လို့ခေါ်တဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်မှတ်တမ်း (သုတေသနစာတမ်းတွေ၊ ကျမ်းကြီးကြပ်သူလုပ်ခဲ့တဲ့မှတ်တမ်း၊ IT နည်းပညာတတ်မြောက်မှုတွေ၊ Publication တွေ အစရှိသဖြင့်ပေါ့)တွေကို ကြည့်ကြရတော့တယ်။ များပြားလှတဲ့ ဆရာ ဆရာမတွေကို ဦးစီးဌာန၊ ဝန်ကြီးဌာနက တာဝန်ရှိသူတွေက တစ်ဦးချင်းကို သေသေချာချာ မစိစစ်နိုင်တော့ သက်ဆိုင်ရာဌာနရဲ့ ပါမောက္ခ(ဌာနမှူး)ရဲ့ အမှတ်ပေးဇယားက စကားပြောလာတာပေါ့။

9 Platform မှာ သူများဖတ်တဲ့စာတမ်းတွေကို ခေါင်းစဉ်တွေကူးပြီး ကိုယ်လုပ်ခဲ့သယောင် ပုံမှားရိုက်သူ တချို့လည်းရှိလာရဲ့။

ရာထူးတိုးအတွက် အမှတ်တွေကို အရင်ဆုံး ပါမောက္ခ(ဌာနမှူး)က ပေးရပါတယ်။ အကဲဖြတ်မှတ်တမ်းမှာ အမှတ်ပေးရမယ့်အချက်တွေကို သတ်မှတ်ထားပါတယ်။ ရသင့်တဲ့ အမှတ်ထက် ပိုနည်းရင် ဒါမှမဟုတ် သိပ်များနေရင် ဘာကြောင့်ဆိုတာကို ရှင်းလင်းချက် သီးသန့်ရေးပေးရပါတယ်။ တစ်ခါ ဌာနအားလုံးက ရာထူးတိုးကိစ္စတွေကို ပါမောက္ခချုပ်က လျှို့ဝှက်အမှတ်ပေးရပါတယ်။ ပါမောက္ခ(ဌာနမှူး)ပေးတဲ့ အမှတ်တွေကို သိပ်ဆိုးဆိုးရွားရွားမဟုတ်ရင် ပါမောက္ခချုပ်ကလည်း သိပ်မပြင်ပါဘူး။ ဒီတော့ မူလအမှတ်ပေးတဲ့ ပါမောက္ခ (ဌာနမှူး)ရဲ့ သဘောထားအမြင်ဟာ ရာထူးတိုးဖို့ အရေးပါတာပေါ့။ သမာသမတ်ကျဖို့လည်း လိုတာပေါ့။ ကိုယ်နဲ့ ပလဲနံပသင့်သူကို အမှတ်ပိုပေး၊ ကိုယ်ကြည့်မရသူကို လျှော့ပေးဆိုရင် မှန်ကန်တဲ့ရွေးချယ်မှု မဖြစ်နိုင်တော့ပါဘူး။ အထူးသဖြင့် ယှဉ်ပြိုင်မှုရှိတဲ့ အဆင့်မြင့်ရာထူးတွေမှာပေါ့။

အခြားသောဝန်ကြီးဌာနတွေရဲ့ ရာထူးတိုးကိစ္စတွေကို ဘယ်လိုရွေးချယ်ခန့်ထားသလဲဆိုတာ အသေးစိတ်တော့ ကျွန်မ မသိပါဘူး။ ဝန်ကြီးဌာနတစ်ခုမှာ ညွှန်ကြားရေးမှူးအဆင့် ဝန်ထမ်းဦးရေ အများဆုံးရှိရင် ၂၀-၂၅ လောက်ရှိမယ်ထင်ပါတယ်။ ကျွန်မလေ့လာကြည့်မိသလောက်ပါ။

ပညာရေးဝန်ကြီးဌာနရဲ့ အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးအဆင့်နဲ့ တူညီတဲ့ ပါမောက္ခရာထူးဟာ တက္ကသိုလ်တစ်ခုမှာ ပျမ်းမျှ ၂၀ လောက်ရှိတော့ တက္ကသိုလ်၊ ကောလိပ်အားလုံးမှာ ဘာသာရပ်အားလုံးအတွက် ပါမောက္ခဦးရေဟာ အနည်းဆုံး ၅၀၀ ကျော်ရှိမယ်ထင်ပါတယ်။ (တက္ကသိုလ်တွေတိုးချဲ့ဖွင့်၊ ရာထူးတွေ တိုးချဲ့ပေးခြင်းရဲ့ ရလဒ်ပေါ့)။

**မကျေမနပ်အသံတွေ ကြားရ**

အဲဒီတော့ နှစ်စဉ် နှစ်တိုင်း မကျေမနပ်အသံတွေ အမြဲကြားနေရပါတယ်။ ဘယ်မူနဲ့ပဲသုံးသုံး အားလုံးကျေနပ်တယ်ရယ်လို့ မရှိကြပါဘူး။ မတရားဘူး၊ တရားတယ်ဆိုတာလည်း အောက်ခြေအထိ ဆင်းမကြည့်နိုင်တော့ ဒီလိုပဲဖြစ်နေမှာပါ။ (အခုနှစ်မှာ နည်းပြ/သရုပ်ပြတွေကို လက်ထောက်ကထိက ရာထူးတိုးဖို့ စာမေးပွဲဖြေရမယ်လို့ကြားတော့ ဒါလည်း မဆိုးဘူးလို့ ကျွန်မထင်ပေမယ့် အရင်လူတွေတုန်းက မစစ်ဘဲ အခုမှစစ်တာ မတရားဘူးလို့ အော်ကြပြန်ရော)

တက္ကသိုလ်တစ်ခုစီမှာ ဝန်ထမ်း နှစ်မျိုးရှိပါတယ်။ သင်ကြားရေးနဲ့ စီမံ(ရုံး)ဝန်ထမ်းတွေပေါ့။ စီမံဝန်ထမ်းတွေမှာတော့ Time scale နဲ့ ရာထူးတိုးတာသိပ်မတွေ့ရဘူး။ ရာထူးလစ်လပ်ရင် အဲဒီနေရာအတွက် ရေးဖြေ(သို့)လူတွေ့တစ်ခုခုနဲ့ ဖြေဆိုပြီးမှ တိုးကြရပါတယ်။ အဲဒီတော့ အရည်အချင်းကို အကဲခတ်ခွင့်ရတာပေါ့။

သင်ကြားရေးဆရာ ဆရာမတွေကိုတော့ နှစ်ပြည့်ရင် ကထိက လောက်တော့ အားလုံးဖြစ်ကြပြီး အဲဒီအထက် ရာထူးတွေကျမှ ယှဉ်ပြိုင်အရွေးခံရတာပါ။ ဒါလည်း On Paper ပါပဲ။ ဒါကြောင့် "ဘူးတောင်းနစ်ပြီး ဖားောင်းချမ်းပေါ်" နေတဲ့ကိစ္စ အများကြီးဖြစ်နေတာပေါ့။

**အရည်အချင်းမမီ**

ကျွန်မကိုယ်တိုင်လည်း Time scale နဲ့ ရာထူးတက်လာတာဖြစ်ပေမယ့် ကျွန်မကိုယ် ကျွန်မလည်း ဘဝင်မကျပါဘူး။ ကိုယ်ရဲ့ ဆရာကြီး ဆရာမကြီးတွေရဲ့ အရည်အချင်းကို မီတယ်လို့ မထင်ပါဘူး။ ဒါပေမယ့် ရာထူးအလိုက် တာဝန်တွေကိုတော့ အကောင်းဆုံး၊ အကျေပွန်ဆုံးဖြစ်အောင် ထမ်းဆောင်ခဲ့ပြီး မိမိစိတ်ဓာတ်ကိုလည်း အဖြောင့်မတ်ဆုံး ထားခဲ့ပါတယ်။ ပင်စင်ယူသည်ထိ အဂတိကင်းအောင် ကြိုးစားနေထိုင်ခဲ့တာမို့ လိပ်ပြာသန့်ပါတယ်။

ဒီနေရာမှာ ကျွန်မတစ်ဦးတည်းရဲ့ အမြင်ကို တင်ပြချင်ပါတယ်။

ရာထူးအသီးသီးကို Time scale နဲ့တက်လာတဲ့အခါ ရာထူးငယ်စဉ်မှာ မသိသာပေမယ့် အုပ်ချုပ်ရေးပိုင်း ရာထူးတွေရလာတဲ့အခါ အခြေမခိုင်ကြတဲ့ (အထူးသဖြင့် စိတ်ဓာတ်ရေးရာပေါ့) သူတွေရှိလာပါတယ်။ အနည်းဆုံး မောက်မာတာ၊ အာဏာပြချင်တာလေးတွေ ကြားသိလာရပါတယ်။

စာမျက်နှာ ၂၁ သို့

> "ဘယ်မူနဲ့ပဲသုံးသုံး အားလုံးကျေနပ်တယ်ရယ်လို့ မရှိကြပါဘူး။ မတရားဘူး၊ တရားတယ်ဆိုတာလည်း အောက်ခြေအထိ ဆင်းမကြည့်နိုင်တော့. . .
>
> ရာထူးအသီးသီးကို Time scale နဲ့ တက်လာတဲ့အခါ ရာထူးငယ်စဉ်မှာ မသိသာပေမယ့် အုပ်ချုပ်ရေးပိုင်း ရာထူးတွေရလာတဲ့အခါ အခြေမခိုင်ကြတဲ့ (အထူးသဖြင့် စိတ်ဓာတ်ရေးရာပေါ့)သူတွေ ရှိလာပါတယ်။ အနည်းဆုံးမောက်မာတာ၊ အာဏာပြချင်တာလေးတွေ ကြားသိလာရပါတယ်. . ."

# ဝိုင်းဝန်းကာကွယ်ရမည့်မီးဘေးအန္တရာယ်

သန်းဖြိုးနိုင်(ကညင်ကျိုး)



ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှုပေါင်းကို လေ့လာကြည့်ရာ ၁၅၈၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ၄၄၄,၉၆၅,၉၈၂,၇၉၅ ကျပ်ဖိုးထိရှိခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူပေါင်း ၁၅၈၀ ကို အမှုဖွင့် အရေးယူခဲ့ရကြောင်း ကြားသတင်းများတွင် ဖတ်ခဲ့ရသည်။

**မီးလောင်မှု အများဆုံး**

ထိုသို့ဖြစ်ပွားခဲ့သည့် မီးလောင်မှုအများဆုံးစာရင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခွဲကြည့်လျှင် ရန်ကုန်တိုင်းဒေသကြီးတွင် ၂၂၁ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၉၃ ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၈၇ ကြိမ်၊ ရှမ်းပြည်နယ်တွင် ၁၆၅ ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၄၇ ကြိမ်၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၃၇ ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် ၁၂၈ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၉၇ ကြိမ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တွင် ၆၉ ကြိမ်စီ၊ မွန်ပြည်နယ်တွင် ၅၉ ကြိမ်၊ နေပြည်တော်ကောင်စီနယ်မြေတွင် အကြိမ် ၅၀၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် ၂၄ ကြိမ်စီ၊ ကယားပြည်နယ်တွင် ၁၃ ကြိမ်တို့ အသီးသီး ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာမှ ထုတ်ပြန်ခဲ့သည့် စာရင်းများအရ သိရှိရသည်။ ထိုသို့ မီးလောင်မှုဖြစ်ပွားကြရသည့် အကြောင်းရင်းများကို လေ့လာကြည့်ရာတွင် ပေါ့ဆမီး၊ ဝါယာရှော့ဖြစ်၍ လောင်ကျွမ်းသောမီး၊ မီးကြွင်းမီးကျန်မှ လောင်ကျွမ်းသောမီး၊ ရှို့မီးတို့ပါဝင်ကြောင်း တွေ့ရသည်ဟု ဆိုထားသည်။

မီးလောင်ဆုံးရှုံးမှုများကို ကာကွယ်နိုင်ရေးအတွက် အစိုးရအနေဖြင့် ပိုလန်နိုင်ငံမှ ချေးယူငွေယူရိုသန်း ၅၀ ဖြင့် ကမ္ဘာ့အဆင့်မီ မီးငြိမ်းသတ်ရေးယာဉ်နှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် ၆၅ စီးကို ဝယ်ယူအားဖြည့်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ ဝယ်ယူရာတွင်လည်း မီးသတ်သမားများ ချဉ်းကပ်၍မရသည့် မီးလောင်မှုများ၊ မီးသတ်ကားဝင်ရန် ခက်ခဲသောလမ်းများတွင် အသုံးပြုနိုင်မည့် မီးသတ်စက်ရုပ် (Fire Fighting Robot(LUF.60) တစ်စီးကို လက်ဆောင်အဖြစ် ရရှိမည်ဖြစ်ကြောင်းလည်း သိခဲ့ရသည်။

**သင့်လေးသင့်**

ထို့အပြင် မီးသတ်ဦးစီးဌာနအနေဖြင့်လည်း မီးငြိမ်းသတ်ရေးအတွက် ခေတ်မီစက်ကိရိယာများ၊ ဝတ်စုံများနှင့်အတူ လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်ခဲ့ကြကြောင်း ယမန်နှစ်က သတင်းများတွင် ဖတ်ခဲ့ရဖူးသည်။ မီးလောင်မှုဖြစ်ပွားလာပါကလည်း အချိန်နှင့်အညီ သွားရောက်ငြိမ်းသတ်နိုင်ရေးအတွက် သင့်လေးသင့် ဟူသည့် ဆောင်ပုဒ်အတိုင်း ရေအသင့်၊ ကားအသင့်၊ ဆီအသင့်၊ လူအသင့်ဖြင့် အရန်သင့်စောင့်ဆိုင်းနေကြရသည်ဟု ဆိုသည်။

ယခုရက်ပိုင်းတွင် မီးလောင်သည့် သတင်းများကို အတော်များများ ကြားပြီးကြပြီးဖြစ်မည်ထင်သည်။ ယခုအချိန်အခါသည် မိုးရာသီကုန်၍ ဆောင်းရာသီသို့လည်း မကြာမီကျရောက်တော့မည်ဖြစ်ရာ အပူရှိန်မှာ တဖြည်းဖြည်း မြင့်တက်လာတော့မည်ဖြစ်သည်။ မြင့်တက်လာသည့် အပူရှိန်နှင့်အတူ ဒွန်တွဲပါလာတတ်သည်မှာလည်း မီးဘေးအန္တရာယ်ပင်ဖြစ်သည်။

ထိုအပူကြောင့်ပင်လျှင် အချို့သော လျှပ်စစ်ဝါယာကြိုးအဟောင်းများမှ ကြာမြင့်ပြီ ဖြစ်သည့်အတွက် ပေါက်ပြဲကာ ထိုနေရာမှ လျှပ်စစ်ကူးလျက်ရှော့ဖြစ်ပြီး မီးလောင်တတ်သည်။ ၎င်းအပြင် အိမ်များအတွင်း ချက်ပြုတ်စားသောက်ကြရသည့် လျှပ်စစ်မီးဖိုများ၊ ထင်းမီးဖို၊ မီးသွေးမီးဖိုများမှတစ်ဆင့် အပူလွန်ကူးစက်ပြီးလည်း လောင်တတ်ပြန်သည်။ ထို့အပြင် အိမ်သုံး လူ့အသုံးအဆောင်လျှပ်စစ်ပစ္စည်းများဖြစ်သည့် မီးပူများ၊ ပန်ကာများ၊ TVများမှလည်း အချိန်ကြာမြင့်၍သော်လည်းကောင်း၊ မီးအားများ၍သော်လည်းကောင်း၊ အပူလွန်ကဲကာရှော့ဖြစ်ပြီးလည်း လောင်တတ်ကြသည်။ တစ်ပါးသူက မနာလိုမရှုဆိတ်ဖြစ်ကာ မနာလိုမုန်းတီးမှုကြောင့် ရှို့သည့်မီးကြောင့်လည်း လောင်တတ်သည်။

**မိုးအကုန် ဆောင်အကူး**

ထို့ကြောင့်ပင် ယခုလို မိုးအကုန်ဆောင်းအကူးအချိန်ရောက်တိုင်း ရပ်ရွာ၊ မြို့များအတွင်း တာဝန်ရှိ မီးသတ်တပ်ဖွဲ့နှင့်အုပ်ချုပ်ရေးမှူးများက 'မီး' သတိပြုကြရန်၊ ရှောင်ရန်၊ ဆောင်ရန်အချက်များကို အသံချဲ့စက်များဖြင့် လှည့်လည် ကြေညာကြသည်။ မီးဘေးအသိ ကိုယ်စီရှိရန် သတိပေးဆော်ဩကြသည်။

မဆော်ဩ၍လည်း မဖြစ်ပေ။ သို့မဟုတ်ပါက ဆိုရိုးစကားပုံတစ်ခုရှိခဲ့ဖူးသည့်အတိုင်းပင် လူခိုးလျှင်ကျန်ဦးမည်။ မီးခိုးလျှင် အကုန်ပြောင်ရသည့်သဘော ရှိပြီး မြို့၊ ရွာ၊ ရပ်ကွက်အတွင်း တစ်အိမ်အိမ်မီးလောင်လျှင် ကျန်သည့် တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံး၊ တစ်မြို့လုံးက သူတို့အိမ်များပါ ကူးစက်လောင်ကျွမ်းမှာ အထူးစိုးရိမ်ကြသည်။ ပူပင်သောကပွားကြရသည်။ အချို့ဆိုလျှင် ငိုယိုကြသည်။ လူငယ်လူရွယ်များမှာ အကြောင်းမဟုတ်။ သက်ကြီးရွယ်အို ဘိုးဘွားများ အတွက်မူ အတော်စိတ်ပူရသည်။ စိုးရိမ်သောကပွားကြရသည်။ ယခင်ရက်ပိုင်းကဆိုလျှင် ရန်ကုန်မြို့အတွင်း နှစ်နေရာ မီးလောင်ကျွမ်းခဲ့သည်။ ထိုလောင်ကျွမ်းမှုတွင် မြန်မာနိုင်ငံ၏ ရှေးလက်ရာဖြစ်သည့် ကန်တော်ကြီးဟိုတယ် ပါဝင်ခဲ့သည်။

ထို့ပြင် ယခုနောက်ပိုင်း ကြားသိမြင်တွေ့နေရသည့် ထူးခြားသည့် ဖြစ်စဉ်များတွင် လူစီးမော်တော်ယာဉ်အကြီးအသေးများ မီးလောင်ကြသည့်ဖြစ်စဉ်များလည်း အတော်များလာခဲ့သည်။ ပေါက်ကွဲအားပြင်းထန်သည့် လောင်စာဆီသုံးစွဲမှုများကြောင့် သာမန်အပူချိန်ထက်ပိုလျှင် မီးလောင်သည့်အဆင့်အထိ ဖြစ်နေလေသည်။ မော်တော်ကားမီးလောင်သည့် သတင်းများမှာ ယခင်ကဆိုလျှင် မကြားဖူးခဲ့၊ ယနေ့ခေတ်တွင်မူ အသစ်အဆန်းဟုပင်မမြင်ကြတော့ချေ။ ထို့ကြောင့်ပင် ခရီးဝေးမောင်းနှင်သည့် ယာဉ်များတွင် မီးသတ်ဆေးဘူးများနှင့် အခြားမီးငြိမ်းသတ်နိုင်သည့်ပစ္စည်းများ အရန်သင့်ဆောင်ယူသွားကြရတော့သည့် ကာလဖြစ်လာသည်။

**မီးဘေးကြိုတင်ကာကွယ်**

၎င်းအပြင် မြို့ရွာရပ်ကွက်များအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဖိုအသုံးပြုလျှင် လူစောင့်ထားပါ။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။ မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။ မီးဖိုနှင့် အမိုးအကြား အပူခံကိရိယာ၊ အကာအရံများထားပါ။ ဆီအိုးတည်ပြီးမမေ့ပါနှင့် စသည်ဖြင့် မီးသတိပေးထုတ်ပြန်ချက်ကို မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားပေးသည်။

မီးဘေးနှင့်ပတ်သက်လာလျှင် ကျွန်ုပ်တို့ ပြည်သူများထဲတွင် အချို့က တွေ့ကြုံဖူး ခံစားဖူးကြပြီးသားဖြစ်မည် ထင်သည်။ ထို့အတွက် မီးဘေးနှင့်ပတ်သက်၍ အတွေ့အကြုံအရပြောရမည်ဆိုလျှင် မီးသတ်ကားများ မရောက်လာမီ ရှေးဦး ငြိမ်းသတ်ကြရေးသည် အထူးအရေးကြီးလေသည်။ ဖြစ်လေ့ဖြစ်ထရှိသည့် သဘောတရားအရဆိုလျှင် စတင်လောင်ကျွမ်းသည့်အိမ်ရှင်များအနေဖြင့်လည်း အမှုရင်ဆိုင်ကြရမည်ကို ကြောက်လန့်၍လည်းကောင်း၊ ကြောက်ကြောက်လန့်လန့်ဖြစ်ကာ စိုးရိမ်လွန်နေကြသဖြင့် လည်းကောင်း မိမိတို့ကိုယ်တိုင်ပင် ကျိတ်ပြီး ငြိမ်းသတ်နေကြလေ့ရှိသည်။

**ဝိုင်းဝန်း ငြိမ်းသတ်**

ထိုအခါ မနိုင်မနင်းဖြစ်လာပြီး လောင်ကျွမ်းအားကောင်းကာ မီးတောက်ကြီးဖြစ်လျက် မီးညွန့်တက်သည့်အခါတွင်မှသာ ဘေးပတ်ဝန်းကျင်အိမ်များမှ သိကြရသည်။ ထိုအချိန်မှပင် မီးသတ်ဌာနသို့ ဖုန်းဆက်သူက ဆက်ကြရသည်။ များသောအားဖြင့် ကြုံတွေ့ရလေ့ရှိတတ်သည်မှာ သူများအိမ်လောင်ကျွမ်းနေသည့် မီးကို ဝိုင်းဝန်းငြိမ်းသတ်ပြီး ကူညီကြရမည့် အရေးထက် ရပ်ကွက်အတွင်းနေသူများမှာ အများအားဖြင့် မိမိတို့အိမ်အတွင်းရှိ ပစ္စည်းများ မီးထဲမပါရေး၊ မိမိတို့အိမ် မလောင်ကျွမ်းရေးတို့ကိုသာ အာရုံထားတတ်ကြသည်။ ၎င်းအပြင် နီးကပ်နေလျက်ရှိသည့် အိမ်များအတွက်မူ ပို၍ စိတ်ပူပန်မှုဖြစ်ကြရပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရသည်။ ကလေးငယ်များဆိုလျှင် ငိုယိုအော်ဟစ်လျက် ထိုခဏသည် ကမ္ဘာပျက်သည့်အလား ထင်ရလေသည်။

မီးလောင်သည့်အခါ အိမ်ခြေ နီးစပ်ပြီး ခပ်စိပ်စိပ်ကပ်လျက်ရှိသည့် ရပ်ကွက်များဆိုလျှင် လေငြိမ်သည့်အချိန်နှင့် တိုက်ဆိုင်လျှင် ဆိုးဆိုးရွားရွားဘေးသို့ ကူးစက်သွားခြင်းမျိုး မရှိသော်လည်း လေတိုက်နေသည့်အခါတွင်မူ ဘေးအိမ်များသို့ ကူးစက်နှုန်းမြန်သည်။ ထိုအချိန်တွင် ရောက်ရှိလာသည့် မီးသတ်ကားများအနေဖြင့်လည်း အိမ်ရှေ့မျက်နှာစာဖက်မှသာ ရေဖြင့်ဖျန်းပက်ရသည့်အတွက် အတွင်းမှ လောင်ကျွမ်းနေသည့် မီးကို အလွယ်တကူ မငြိမ်းသတ်နိုင်ဖြစ်ရသည်။ တစ်ခါတစ်ရံ မီးသတ်ကားမှ ထိုးဖျန်းနေသည့် ရေများသည်မီးလောင်နေသည့်အိမ်မှ ရှေ့ဘက်နံရံတွင်သာ ကုန်သွားရခြင်းမျိုးလည်းတွေ့ရသည်။ မီးသတ်ကား ဝင်ရောက်ရန်ခက်ခဲသည့် ဘေးနောက်ဝဲယာများအတွက်မူ ထိရောက်သည့်ငြိမ်းသတ်မှုမျိုးကို အချိန်တိုအတွင်း လုပ်ဆောင်နိုင်ကြမည်မဟုတ်ပေ။

**မီးသတ်ဆေးဘူး ဆောင်ထား**

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် မီးဘေးရှောင်နိုင်ရေးအတွက်ဆိုလျှင် မလောင်ခင်မှ တားကြမှသာလျှင် ကာကွယ်နိုင်ပြီး ဆုံးရှုံးနစ်နာကြမည့်အရေး၊ ပူပန်သောက ပွားကြရမည့်အရေးမှ လွတ်မြောက်နိုင်မည်လည်းဖြစ်သည်။ ထို့အတွက် မလောင်ခင်ကကြိုတင်ကာကွယ်ကြရဖို့ဆိုလျှင် မိမိတို့ ကိုယ်စီ မိမိတို့အိမ်တိုင်းတွင် ကနဦးကြိုတင်ကာ နှစ်ကာလကြာရှည်နေပြီး ဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများကို လဲလှယ်ထားခြင်း၊ လျှပ်စစ်မီးကို ဝန်နှင့်အားမျှအောင် သုံးစွဲခြင်း၊ ချက်ပြုတ်သည့်နေရာနှင့် မီးစွဲလောင်နိုင်သည့်နေရာကို ခွာလျက်ကြားတွင် အပူခံကိရိယာများထားရှိခြင်း၊ မီးငြိမ်းသတ်ရေးအတွက် အလွယ်တကူငြိမ်းသတ်၍ ရနိုင်သည့် မီးသတ်ဆေးဘူးငယ်များ ဆောင်ထားခြင်း၊ ပက်ဖျန်းပုံ နည်းစနစ်များကို သင်ယူလေ့ကျင့်ထားခြင်း၊ မီးလောင်နိုင်သည့် လောင်စာများကို ရှင်းလင်းထားခြင်း၊ ရေနှင့်သဲများ အသင့်ထားရှိခြင်း၊ မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အပေါ်မှ အချက်များအပေါ် လိုက်နာကြခြင်းများကို မီးဘေးကာကွယ်ရေးအသိ မွေးလျက်ကြိုတင် စီမံဆောင်ရွက်ထားရှိကြရမည်ဖြစ်သည်။

၎င်းအပြင် ဘေးအိမ်များမှ လောင်ကျွမ်းလာသည့် မီးအပေါ် မိမိအိမ်သို့ မကူးစက်နိုင်ရေးအတွက်ဆိုလျှင် မိမိအိမ်ခေါင်မိုးများအပေါ်တွင် ရေဖျန်းနိုင်သည့် ရေပိုက်ခေါင်းငယ်များ တပ်ဆင်ထားခြင်း၊ မီးပျက်နေစဉ်မောင်းနှင်ကာ ရေပက်ဖျန်း၍ ရနိုင်သည့် မီးစက်ငယ်များ ဆောင်ထားခြင်း၊ ရေကန်များကို အမြဲပြည့်အောင်ရေဖြည့်ထားခြင်း၊ မိမိတို့နေအိမ်တွင် အရေးကြီးသည့် ပစ္စည်း၊ သာမန်ပစ္စည်းများ ခွဲခြားထားပြီး အလွယ်တကူရွှေ့ပြောင်း သယ်ယူရန် ပြင်ဆင်ထားခြင်း၊ မီးဘေးအတွက် သတိဝီရိယကြီးစွာထားလျက် အိပ်စက်နေထိုင်သွားလာ စားသောက် ချက်ပြုတ်ကြော်လှော်ခြင်းများကို အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့မှသာ ယနေ့အချိန်အခါတွင် မြန်မာပြည်အနှံ့အပြားတွင် မကြာခဏဆိုသလို ဖြစ်ပွားနေသည့် မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီးမီးသတ်ဦးစီးဌာနမှ မီးသတ်ကားများ မရောက်လာမီအချိန်နှင့် မီးသတ်ကား မဝင်ရောက်နိုင်သည့် နေရာများအတွက် မိမိတို့ကိုယ်စီအသိဖြင့်သာ ကြိုတင် ဝိုင်းဝန်းငြိမ်းသတ်ကြရေးဟူသည် အသိကိုယ်စီရှိကာ မိမိတို့တစ်အိမ်ချင်းအတွက်သော်လည်းကောင်း၊ ဘေးပတ်ဝန်းကျင်ရှိ မိမိတို့ မြို့ရွာရပ်ကွက်များအတွက် သော်လည်းကောင်း အရန်သင့်ပြင်ဆင်လျက် မီးလောင်မှုဘေးကို ကြိုတင်မျှော်တွေးထားကာ ကြိုတင်ကာကွယ်မှုများပြုလုပ်ကြစေလိုပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

> နှစ်ကာလကြာရှည်နေပြီး ဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများကို လဲလှယ်ထားခြင်း၊ လျှပ်စစ်မီးကို ဝန်နှင့်အားမျှအောင် သုံးစွဲခြင်း၊ ချက်ပြုတ်သည့်နေရာနှင့် မီးစွဲလောင်နိုင်သည့်နေရာကို ခွာလျက် ကြားတွင် အပူခံကိရိယာများထားရှိခြင်း၊ မီးငြိမ်းသတ်ရေးအတွက် အလွယ်တကူငြိမ်းသတ်၍ရနိုင်သည့် မီးသတ်ဆေးဘူးငယ်များ ဆောင်ထားခြင်း. . .

## ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူနိုင်ရေး လမ်းညွှန်လက်စွဲ(မူကြမ်း) ရှင်းလင်းပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၆**
ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် UNDP မှ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူနိုင်ရေး လမ်းညွှန်လက်စွဲ (မူကြမ်း) ရှင်းလင်းပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကား ပြောကြားပြီး UNDP မှ Ms. Anki Dellnas က စီမံကိန်းမြို့နယ်များတွင် အသုံးပြုမည့် ဝယ်ယူရေးလမ်းညွှန်လက်စွဲ(မူကြမ်း)ကို ရှင်းလင်းတင်ပြကာ UNDP တာဝန်ရှိသူတစ်ဦးက တိုင်းဒေသကြီးဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း၊ ကိန်းဂဏန်းအချက်အလက်များ အသုံးပြုခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ ဝယ်ယူရေးလမ်းညွှန်လက်စွဲ (မူကြမ်း)၌ ပစ္စည်းဝယ်ယူရန် နည်းလမ်းများ၊ ဝယ်ယူရေး အစီအစဉ်ရေးဆွဲခြင်း၊ တင်ဒါတင်သွင်းရန် အရည်အချင်းပြည့်မီခြင်း၊ တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း၊ ကြော်ငြာခြင်းနှင့် စာရွက်စာတမ်းများ ဖြန့်ဝေခြင်း၊ တင်ဒါများကို လက်ခံခြင်းနှင့် မှတ်ပုံတင်ခြင်း၊ တင်ဒါဖွင့်ဖောက်ခြင်း၊ တင်ဒါစိစစ်ခြင်း၊ စာချုပ်လက်မှတ်ရေးထိုးခြင်းနှင့် အများပြည်သူအား အသိပေးကြေညာခြင်း၊ စာချုပ်ကိုစီမံခန့်ခွဲခြင်းနှင့် ငွေပေးချေခြင်း၊ နစ်နာဆုံးရှုံးမှုများ ပြန်လည်စိစစ်ခြင်း၊ အကျင့်ပျက်ခြစားမှုနှင့် မသမာမှုကိုတားမြစ်ခြင်း၊ ဝယ်ယူမှုကို စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းစသည့် အခန်း(၁၃)ခန်း ပါဝင်ပြီး ၎င်းလမ်းညွှန်သည် မြို့နယ်ဖွံ့ဖြိုးမှု အထောက်အပံ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကန်ထရိုက်တာများ ရွေးချယ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖော်ပြပါရှိခြင်း၊ နိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထားသည့် ဆောက်လုပ်ရေးပစ္စည်းများ ဝယ်ယူမှုဆိုင်ရာဥပဒေ၊ နည်းဥပဒေများအတိုင်း ပြုစုထားခြင်းဖြစ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးများ၊ အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ပဲခူးခရိုင် အုပ်ချုပ်ရေးမှူးနှင့် UNDP မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(B.Ed)ငါးနှစ်သင်တန်းသို့ တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများအားတွေ့ဆုံ

**လှိုင်ကော် နိုဝင်ဘာ ၆**
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (B.Ed) ငါးနှစ်သင်တန်း အမှတ်စဉ်(၆) သို့တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုထံမှ သြဝါဒခံယူပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ပြုလုပ်သည်။

မိမိတို့နိုင်ငံ၊ မိမိတို့ပြည်နယ်၊ မိမိတို့လူမျိုးများသည် သီးခြားရပ်တည်၍ မရနိုင်ကြောင်း၊ အစုအဖွဲ့၊ အသင်းအဖွဲ့များဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်တတ်သည့်အလေ့အထကို မွေးမြူကြရမည်ဖြစ်ကြောင်း၊ ထိုသို့မွေးမြူနိုင်မှသာလျှင် ပြည်ထောင်စုစိတ်ဓာတ် ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်လာရန်အတွက် မြို့နယ်အလိုက် တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးရေးတက္ကသိုလ်ကို စေလွှတ်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး ကိုယ့်ပြည်နယ်၏ဂုဏ်ကို မြှင့်တင်စေလိုကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်ကြားပို့ချပေးမည့် ဘာသာရပ်များကို ကောင်းမွန်စွာ လေ့လာသင်ယူ မှတ်သားကြစေလိုကြောင်း၊ နောင်တွင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ဦးရွက်ပြုနိုင်သည့် လူတော်၊ လူကောင်းများဖြစ်အောင် အထူးကြိုးစားကြဖို့လိုအပ်ပါကြောင်း ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(B.Ed) ငါးနှစ်သင်တန်း အမှတ်စဉ်(၆)သို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူ ၂၆ ဦးအတွက် ထောက်ပံ့ငွေများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ သြဝါဒခံယူပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ပညာရေးညွှန်ကြားမှူးရုံးမှ တာဝန်ရှိသူများ၊ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကုန်စည်ပြပွဲ ဘားအံမြို့တွင် ကျင်းပ

**ဘားအံ နိုဝင်ဘာ ၆**
ကရင်ပြည်နယ် ဘားအံမြို့တွင် ကရင်တိုင်းရင်းသားလူမျိုးတို့၏ နေ့ထူးနေ့မြတ်ပွဲတော်အဖြစ် ကရင်ပြည်နယ်နေ့ပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ (၆၂) နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ စတိတ်ရှိုးပွဲများ၊ ဇာတ်သဘင်အနုပညာ၊ ဒုံးယိမ်းအကပြိုင်ပွဲများနှင့် ဈေးရောင်းပွဲတော်များဖြင့် နှစ်စဉ် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိရာ ယခုနှစ်တွင်လည်း အစဉ်အလာမပျက်၊ရိုးရာမပျက် စနစ်တကျဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

(၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်အခြေစိုက် Tin Ko Ko Business Group Co., Ltd. မှ ဦးဆောင်ခင်းကျင်းပြသသည့် ကုန်စည်ပြပွဲဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ပွဲတော်ကျင်းပသည့် ဘားအံမြို့ သီရိကွင်းအတွင်း၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပြည်နယ်စာရင်းစစ်ချုပ်ဦးစောလှထွန်း၊ Tin Ko Ko Business Group မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူလူထုများနှင့်အတူ ကုန်စည်ပြပွဲရှိ ပြခန်းနှင့်ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထိုကုန်စည်ပြပွဲတွင် အိုး၊ ခွက်၊ ပန်းကန်၊ မွေ့ရာ၊ ခေါင်းအုံးအစရှိသည့် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိုင်းရင်းဆေးအမျိုးမျိုး၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အစရှိသည့် ကုန်ပစ္စည်းများကို ဆိုင်ခန်းပေါင်း ၃၀၀ ကျော် ခင်းကျင်းပြသရောင်းချလျက်ရှိပြီး နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်ထိ ခြောက်ရက်တိုင်တိုင် ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## နိုင်ငံပေါင်း(၇)နိုင်ငံမှ နိုင်ငံခြားသားများပါဝင်သောအဖွဲ့ မြန်မာနိုင်ငံအတွင်း လည်ပတ်ပြီး မြဝတီ-မဲဆောက်ဝင်ထွက်ဂိတ်မှထွက်ခွာ

**မြဝတီ နိုဝင်ဘာ ၆**
ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ပေါ်တူဂီ၊ အင်္ဂလန်၊ စပိန်၊ ဆွစ်ဇာလန်နှင့် လူဇင်ဘတ်နိုင်ငံတို့မှ နိုင်ငံခြားသားခရီးသွား ၅၆ ဦးသည် မော်တော်ယာဉ် ၂၈ စီးနှင့်အတူ မြန်မာပြည်တွင်း၌ဝင်ရောက်လေ့လာလည်ပတ်ခဲ့ကြပြီးနိုဝင်ဘာ ၅ ရက်နံနက် ၉ နာရီတွင် ထိုင်း-မြန်မာနယ်စပ်၊ မြဝတီ-မဲဆောက်ဂိတ်ပေါက်မှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့ ခုနစ်နိုင်ငံက မိတ်ဆွေတွေအခုလို မြန်မာပြည်တွင်းမှာ လေ့လာလည်ပတ်ကြဖို့ အွန်လိုင်းက နေချိတ်ဆက်ကြပြီး အိန္ဒိယနိုင်ငံ ဘုံဘေမြို့မှာတွေ့ဆုံကြတယ်၊ ပြီးတော့ အိန္ဒိယနိုင်ငံအနှံ့လေ့လာကြပြီး မြန်မာပြည်တွင်းလည်ပတ်ဖို့ ဘုံဘေမြို့ကနေ အောက်တိုဘာ ၁ ရက်မှာ မော်တော်ယာဉ် ၂၈ စီးနဲ့ စတင်ထွက်ခွာခဲ့ကြတယ်၊ မြန်မာပြည်တွင်းက မန္တလေး၊ ကလေး၊ ပုဂံ၊ အင်းလေး၊ ရန်ကုန်၊ ကျိုက်ထီးရိုးစတဲ့ မြို့တွေကို ၁၂ ရက်ကြာလေ့လာလည်ပတ်ခဲ့ကြပါတယ်၊ မြန်မာပြည်ဟာ အလွန်သာယာလှပတဲ့ နိုင်ငံတစ်နိုင်ငံပါ။ အခုဒီနေ့မှာ ထိုင်းနိုင်ငံထဲ လေ့လာလည်ပတ်ကြပြီး ထိုင်းကနေတစ်ဆင့် လာအို၊ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားနိုင်ငံတွေကို နိုဝင်ဘာ ၂၄ ရက်မှာသွားရောက်လေ့လာကြဦးမှာပါ၊ နိုဝင်ဘာ ၂၈ ရက်မှာတော့ ကမ္ဘောဒီးယားနိုင်ငံကတစ်ဆင့် ကားတွေကို သင်္ဘောနဲ့ တင်ပေးလိုက်ပြီး လူတွေကတော့ မိမိတို့ နိုင်ငံတွေကို လေယာဉ်နဲ့ပြန်ကြမှာ ဖြစ်ပါတယ်" ဟု ပြင်သစ်နိုင်ငံမှ Mr.John Filish က ပြောသည်။

အဆိုပါ ခုနစ်နိုင်ငံမှနိုင်ငံခြားခရီးသွား ၅၆ ဦးသည် မြန်မာပြည်တွင်းဝင်ရောက်ရန် သက်ဆိုင်ရာဌာနများသို့ ခရီးစဉ်များတင်ပြခဲ့ကြပြီး သက်ဆိုင်ရာဌာနများ၏ခွင့်ပြုချက်များဖြင့် ယခုလိုသွားရောက်ခဲ့ကြောင်းသိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## ကျောင်းကုန်းမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ကျောင်းကုန်း နိုဝင်ဘာ ၆**
ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မိုးလုံလေလုံ အားကစားခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ထို့နောက် မီးသတ်ဦးစီးမှူး ဦးတင်ဝင်းက ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင်ရှိသော အရန်မီးသတ် တပ်ဖွဲ့ဝင်များကို လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း တစ်လကြာဖွင့်လှစ်ပို့ချပေးမှာဖြစ်ကြောင်း၊ သင်တန်းတွင် လက်နက်မဲ့စစ်ရေးပြ၊ မီးသတ်ပညာရပ် စာတွေ့/လက်တွေ့၊ ရှာဖွေကယ်ဆယ်ရေး၊ တားဆီးကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း စသည့်သင်ခန်းစာများကို ပို့ချပေးမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ထွေ/အုပ်မှ ဒုတိယဦးစီးမှူး၊ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# မြဝတီ-ကော့ကရိတ် အမြန်လမ်း ပြန်လည် ပြင်ဆင်ခြင်းများ ဆောင်ရွက်ရန်လိုကြောင်း ဂျပန် အင်ဂျင်နီယာ ပြောကြား

**မြဝတီ နိုဝင်ဘာ ၆**

မြဝတီ-ကော့ကရိတ်အမြန်လမ်းတွင် မော်တော်ယာဉ်များ မကြာခဏ တိမ်းမှောက်နေပြီး ယာဉ်တိုက်မှုများ နေ့စဉ်နီးပါး ဖြစ်ပေါ်နေမှုကြောင့် ဂျပန်နိုင်ငံမှ လမ်းပိုင်းဆိုင်ရာ ကျွမ်းကျင် ပညာရှင် အင်ဂျင်နီယာ နှစ်ဦးသည် နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ရန်ကုန်မြို့အခြေစိုက် Five Squares ကုမ္ပဏီမှ လမ်းပိုင်းဆိုင်ရာ အင်ဂျင်နီယာ Mr. Shimorenjyaku Mitakashi နှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းပိုင်း ပညာရှင် Mr.KazuhikoYoshino တို့နှစ်ဦးသည် နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီ၌ မြန်မာနိုင်ငံ ယာဉ်/လမ်းအန္တရာယ် ကင်းရှင်းရေး အဖွဲ့ (MORS) Myanmar Organization For Road Safety မှတာဝန်ရှိသူများ၏ ဖိတ်ခေါ်မှုကြောင့်လာရောက်ခဲ့ပြီး မကြာခဏ ယာဉ်တိမ်းမှောက်မှုများ ဖြစ်နေသော အဆိုပါလမ်းပိုင်းအား လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း သိရသည်။

ယခုလမ်းပိုင်းတွင် ကုန်းတက်ကုန်းဆင်းနေရာ၌ ကီလိုမီတာ ၄၀ သာမောင်းနှင်ရန် သတ်မှတ်ထားသော်လည်း မြန်မာယာဉ်မောင်းများမှာ ၎င်းနေရာ၌ ကီလို ၆၀ မှ ၈၀ အထိ မောင်းနှင်နေခြင်းကြောင့်လမ်း၏ အပြစ်မဟုတ်ဘဲ ယာဉ်မောင်းများ စည်းကမ်း မရှိခြင်းကြောင့်ဖြစ်ခြင်း၊ Slow Down များကိုရှောင်၍ မောင်းနှင်နေခြင်း၊ Slow Down များကို ကုန်းဆင်းနေရာမှ စတင်၍ပြုလုပ်သင့်သော်လည်း ယခုပြုလုပ်ထားသည်မှာ ကုန်းဆင်းအောက်ခြေတွင် ပြုလုပ်ထားခြင်း၊ အဆိုပါ လမ်းနေရာတွင်မြေနေရာရှိသေးသဖြင့် လမ်း၏ ဘေးဘယ်ညာတွင်ထပ်မံချဲ့ထွင်ရန် လိုအပ်ခြင်း၊ ဖြစ်နိုင်ပါက ၎င်းနေရာတွင်လမ်းမှာကွေ့အရှည်ကြီးဖြစ်နေသည့်အတွက် ၎င်းကွေ့အားဖြတ်၍ တစ်ဖြောင့်တည်း တံတားထိုးလိုက်လျှင် ပိုမိုအန္တရာယ်ကင်းစေမည်ဖြစ်ခြင်း၊ ယခုပြုလုပ်ထားသောSlow Down များကိုပြန်လည်ဖျက်သိမ်းကာ ယခင်မူလအတိုင်းထားပြီးဖြည်းဖြည်း မောင်းပါဟူသော ဆိုင်းဘုတ်များ စိုက်ထူရန်လိုအပ်ခြင်း၊ ၎င်းနေရာတွင် ကီလိုမီတာ ၄၀ ထက်ပိုမောင်းပါက ဒဏ်ငွေရိုက်သည့်စနစ်ကျင့်သုံးရမည်ဖြစ်ခြင်း၊ လမ်းဘေးဝဲယာအား သစ်ပင်များရှင်းလင်းခုတ်ထွင်ရန်လိုအပ်ခြင်း၊ တစ်ဖက်ယာဉ်ကြောရှင်းမရှင်း မကြည့်ဘဲစည်းကမ်းမဲ့စွာအရှိန်မြှင့်မောင်းနှင်၍ကျော်တက်နေသည်များကိုမပြုလုပ်ကြဘဲ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ရန် လိုအပ်ခြင်း၊ မည်သည့်နေရာ မဆိုအသေးအဖွဲ့ကလေးမှစ၍ဂရုစိုက်ရန်လိုအပ်ခြင်းစသည်များကို အဆိုပါ ဂျပန်ပညာရှင်နှစ်ဦးစလုံးက ရှင်းလင်းပြောကြားခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်အစိုးရသို့ တင်ပြသွား မည်ဟုသိရသည်။

**ထိန်လင်းအောင်**

**စာမျက်နှာ ၁၈ မှ**

အပြစ်သေးသေးတွေကို ပုံကြီးချဲ့ပြီး လိုအပ်တာထက်ပိုအပြစ်ပေးတာ (တည့်တည့်ပြောရရင် ကိုယ့်လက်အောက်ဝန်ထမ်းငယ်ကို ပါးရိုက်ဆုံးမတာမျိုးထိ) တွေ့လာကြားရတာတော့ စိတ်ပျက်မိရပါတယ်။ ဒါတွေဟာ လူကိုမကြည့်ဘဲ စာရွက်ပေါ်က အရည်အချင်းတွေကိုပဲ ကြည့်ပြီး ရာထူးတိုးပေးခဲ့ကြတဲ့ ရလဒ်လို့ထင်ပါတယ်။ ဒီကိစ္စမျိုးဟာ အတော်ရှားရှားပါးပါး ဖြစ်တောင့်ဖြစ်ခဲဆိုပေမယ့် အာစရိယဂိုဏ်းဝင် ဆရာ ဆရာမတွေမှာ မဖြစ်သင့်ဘူးထင်ပါတယ်။ အလားတူကိစ္စတွေ ပညာရေးလောကမှာ အများကြီးရှိပါသေးတယ်။

**Psycho test ကို မဖြစ်မနေစစ်ဆေး**

ကျွန်မကြားဖူးတာတစ်ခုက တပ်မတော်ထဲကို ဝင်ရင် (D.S.A ဖြစ်စေ၊ O.T.S ဖြစ်စေ) အခြား လိုအပ်တဲ့ အရည်အချင်းတွေအပြင် လူတစ်ယောက်ရဲ့ စိတ်အခြေအနေကိုစစ်တဲ့ Psycho test ကိုမဖြစ်မနေ စစ်ဆေးခဲ့ရပါတယ်။ အခြားအရည်အချင်းတွေ ဘယ်လောက်တော်တော် Psycho test ကျရင် အရွေးမခံရပါဘူး။ စိတ်အခြေအနေ ပုံမှန်မဟုတ်သူတွေ အမိန့်ပေးတဲ့နေရာရောက်ရင် ဒုက္ခရောက်ကုန်မှာပေါ့။

ကျွန်မကိုယ်တွေ့လေး တစ်ခုပြောရရင် ကျွန်မထက်ရာထူးတစ်ဆင့်ငယ်တဲ့ ဆရာမတစ်ယောက်ဟာ စာအင်မတန်တော်ပါတယ်။ စာကလွဲလို့ တခြားဘာမှစိတ်မဝင်စားပါဘူး။ အဲဒီဆရာမဟာ ငယ်စဉ်ကတည်းက တစ်ကိုယ်ကောင်းဆန်တတ်တာ၊ သူတစ်ပါးကိုအဆိုးမြင်တတ်တာ၊ သူ့ထက်သာရင် မနာလိုတတ်တာ၊ စေတနာမထားတတ် တာတွေကို ငယ်သူငယ်ချင်းများသိကြသလို ကျွန်မလည်း သိခဲ့ပါတယ်။ သူ့ကို ပါမောက္ခရာထူးတိုးဖို့ အမှတ်ပေးရတဲ့အခါ ကျွန်မရဲ့ ပါမောက္ခ (ဌာနမှူး)ကို ပြောကြည့်ပါတယ်။ ရာထူးတိုးပေးဖို့ သင့်တော်ရဲ့လား စဉ်းစားပါဦးလို့။ ဒါပေမယ့် အမုန်းမခံချင်တဲ့ တခြား တက္ကသိုလ်တစ်ခုကို ရာထူး တိုးပြောင်း ရွှေ့ပါတယ်။ အဲဒီမှာ မလုပ်သင့်တာတွေလုပ်၊ လုပ်သင့်တာတွေမလုပ် နောက်ဆုံး စာမေးပွဲကိစ္စတွေမှာ ပေါ့ပေါ့ဆဆ လုပ်တာကြောင့် အမှားအယွင်းများစွာဖြစ်ခဲ့ရပါတယ်။

သူ့အမှားတွေကို ပါမောက္ခချုပ်က ခေါ်ယူသတိပေးဆုံးမတော့ လိုတာထက်ပိုစိတ်ဆင်းရဲ၊ အဲဒီစိတ်ဆင်းရဲတဲ့ (Stress)ကို မခံနိုင်တော့ စိတ်ရောဂါ ဆန်ဆန်ဖြစ်လာပါတယ်။ ကျန်းမာရေးပါ ထိခိုက်ပြီး ဆေးရုံတက်ရတဲ့အခါလည်းဘယ်သူ့ကိုမှ လူနာလာမေးခွင့်မပြု၊ အော်ထုတ်ပြီး ပတ်ဝန်းကျင်ကလူတွေနဲ့ စေတနာကိုလည်း လက်သင့်မခံ၊ ဘယ်သူကမှလည်း ကူညီပေးလို့မရနဲ့ ဖြစ်နေခဲ့ပါတယ်။ သူ့ရဲ့အမှားကို တခြားသူတွေက ဘယ်လိုမြင်မလဲလို့ သူ့အတွေးနဲ့သူ စိတ္တဇ ဖြစ်နေတာပါ။ အဲဒီလိုနဲ့ တစ်နေ့တခြား ရောဂါရင့်လာပြီး မဆုံးသင့်ဘဲ ဆုံးပါးခဲ့ရပါတယ်။

တကယ်တော့ ဒီလိုရာထူးတွေ မပေးခင်မှာ လူတွေ့လေးဖြစ်ဖြစ် အထက်တာဝန်ရှိသူများက ခေါ်ယူစစ်ဆေးကြည့်သင့်ပါတယ်။ On Paper မှာ ပေးထားတဲ့ အမှတ်တွေက တကယ်မှန်ရဲ့လား ဆိုတာလည်း စစ်ဆေးကြည့်သင့်ပါတယ်။

**နာသုံးနာနဲ့ ပြည့်စုံ**

အခုအချိန်မှာ ပညာရေးကို ပြုပြင်ပြောင်းလဲနေချိန်မှာ သင်ရိုးညွှန်းတမ်းတွေ ကျောင်းသားများရဲ့ စာမေးပွဲပုံစံတွေကိုသာမက ဒီပညာရေးကို အကောင်အထည်ဖော်မည့် ပုဂ္ဂိုလ်များကို လူမှန်နေရာမှန်ဖြစ်အောင် ဘယ်လို စိစစ်မယ်ဆိုတာလည်း သုံးသပ်သင့်ပါတယ်။

ဆရာ ဆရာမဆိုတာ နာသုံးနာနဲ့ ပြည့်စုံရတယ်လို့ ပြောကြပါတယ်။ စေတနာ၊ ဝါသနာ၊ အနစ်နာပေါ့။ အဲဒီ နာသုံးနာနဲ့ မပြည့်စုံနိုင်တောင်မှ မိမိပတ်ဝန်းကျင် မိမိတပည့်တွေ မိမိတက္ကသိုလ်ကို မထိခိုက်မနစ်နာစေနိုင်မယ့် လူကောင်း လူတော်တွေကို အမှန်တကယ် ရွေးချယ်ပြီး ရာထူးတိုးပေးနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။ ။

# ခွေးလေခွေးလွင့်များကို သက်ဆိုင်ရာမှ ရှင်းလင်းပေးရန် မြို့လူထု လိုလားနေ

**သာစည် နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့တွင် မြို့ပေါ်လမ်းမကြီးများပေါ်နှင့် ရပ်ကွက်များအတွင်းရှိ လမ်းကြားများတွင် ပိုင်ရှင်မဲ့ခွေးလေခွေးလွင့်များ အုပ်စုဖွဲ့၍ သွားလာနေကြသောကြောင့် ဆိုင်ကယ် စီးနင်း မောင်းနှင်သူများမှာ မကြာခဏ ခွေးအုပ်စုကိုရှောင်ရင်းမှ တိမ်းမှောက်မှုဖြစ်ခဲ့ကြပြီး တချို့မှာ လက်ကျိုးခြင်း၊ ပေါင်ကျိုးခြင်း ဒဏ်ရာများကို ရရှိခဲ့ကြသည့်အပြင် တချို့မှာ ထိပ်ပေါက်ခေါင်းကွဲ ဒဏ်ရာများအထိ ရရှိနေကြရကြောင်း သိရသည်။

သာစည်မြို့ပေါ်တွင် ခွေးလေခွေးလွင့်များ ပေါများနေသည်မှာ နှစ်ကြာပြီဖြစ်သော်လည်း သက်ဆိုင်ရာက ဖယ်ရှားသုတ်သင်ရှင်းလင်းပေးခြင်းမရှိသည့်အတွက် ပို၍တိုးပွားလာနေကြခြင်း ဖြစ်ကြောင်း၊ ၎င်း ခွေးလေခွေးလွင့်များ အကိုက်ခံရပါက အကိုက်ခံရသူမှာလည်း ခွေးရူးပြန်ရောဂါ ရရှိနိုင်သည့်အတွက် ခွေးရူးပြန်ကာကွယ်ဆေးကို ဈေးကြီးပေးပြီး ရက်ပတ်စေ့အောင် ထိုးနှံနေရသည့်အတွက် ငွေကုန်ကြေးကျများကြောင်း၊ အချိန်မီကာကွယ်ဆေးများ မထိုးနိုင်ပါက အသက်ပါဆုံးရှုံးနိုင်သည့်အတွက် သက်ဆိုင်ရာက ၎င်းခွေးလေခွေးလွင့်များကို ဖယ်ရှားသုတ်သင်ပေးရန် မြို့လူထုက လိုလားနေပါကြောင်းဖြင့် ခွေးလေခွေးလွင့်များကို ဆိုင်ကယ် မောင်းနှင်စဉ် ရှောင်တိမ်းရင်းမှ ဆိုင်ကယ်မှောက်၍ ဒဏ်ရာရရှိခဲ့သူတစ်ဦးက ပြောပြသည်။

**မောင်ကို(သာစည်)**

# ပြည်တွင်းဈေးကွက်တွင် ကြိုတင်မှာကြားနိုင်ပြီဖြစ်သော Huawei Nova 2i စမတ်ဖုန်း၏အချက်အလက်များ

ကင်မရာ ၄ လုံးပါဝင်ပြီး Full View Display ဖြင့် Huawei ၏ စမတ်ဖုန်းအမျိုးအစားသစ်ကို အောက်တိုဘာ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ တရားဝင်မိတ်ဆက်ပွဲ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။ အဆိုပါစမတ်ဖုန်းသစ်ကို မြန်မာကျပ်ငွေ လေးသောင်း ကြိုတင် ပေးသွင်းကာ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အတွင်း ပြည်တွင်း ဈေးကွက်တွင် ကြိုတင်မှာကြားမှုများ ပြုလုပ်နိုင်ပြီဖြစ်သော Huawei အမှတ်တံဆိပ် Nova 2i အမျိုးအစား စမတ်ဖုန်း၏ လုပ်ဆောင်မှုအချက်အလက်များကို မဝယ်ယူမီ သိရှိနိုင်ရန်ဖော်ပြပေးလိုက်သည်။

မျက်နှာပြင် ၅ ဒသမ ၅ လက်မအကျယ်ရှိပြီး မြင်ကွင်းအပြည့်နီးပါးခံစားနိုင်သည့် 18:9 Ratio ဖြင့် ပါးလွှာသောဘေး ပေါင်ဒီဇိုင်းများမှာ ၂၀၁၇ ခုနှစ်နောက်ပိုင်း အသစ်ထွက်စမတ်ဖုန်းများတွင်ပါဝင်လာသော မျက်နှာပြင်ဒီဇိုင်းမျိုးဖြစ်သည်။ မျက်နှာပြင်ပေါ်တွင် ခလုတ်များမပါဝင်ဘဲ ထိတွေ့ Touch စနစ်ဖြင့်သာ စမတ်ဖုန်း၏ လိုအပ်သည့် Button များကို အသုံးပြုနိုင်မည်ဖြစ်ကာ ကိုယ်ထည်ဒီဇိုင်းပိုင်းပါးလွှာကျစ်လျစ်ပြီး ကိုင်ဆောင်အသုံးပြုရသည်မှာ သက်သောင့်သက်သာရှိမည်ဖြစ်သည်။

2.36GHz Octa-Core Huawei Kirin 659 ပရိုဆက်ဆာထည့်သွင်းပေးထားကာ Android 7.1 လည်ပတ်မှုစနစ်ဖြင့် Mali-T830 MP2 GPU ကို ရုပ်ထွက်အရည်အသွေးပိုင်းအတွက် ထည့်သွင်းဖန်တီးပေးထားသည်။ RAM ပါဝင်မှုမှာ 4 GB ဖြစ်သောကြောင့် ဂိမ်းကစားခြင်းအပြင် ဖုန်း၏ လုပ်ဆောင်မှုအပိုင်းများ သွက်လက်ပေါ့ပါးနိုင်စေရန် အထောက်အပံ့ကောင်းများ ပေးနိုင်မည်ဖြစ်ကာ သိုလှောင်သိမ်းဆည်းမှုအတွက် 64 GB ပါဝင်သောကြောင့် အသစ်ထွက်စမတ်ဖုန်း အမျိုးအစားများထဲတွင် အသုံးတည့်သည့် စမတ်ဖုန်း အမျိုးအစားတစ်ခုဖြစ်ပြီး Micro SD 256 GB အထိ ထပ်မံထည့်သွင်းအသုံးပြုနိုင်သော်လည်း ထိုကဲ့သို့အသုံးပြုမည်ဆိုပါက SIM ကတ် တစ်ကတ်ကိုသာထည့်သွင်းနိုင်မည်ဖြစ်သည်။

ကင်မရာပိုင်းတွင် ကောင်းမွန်သည့်နည်းပညာသစ်များ ပါဝင်လာကာ ကျောဘက် ကင်မရာ 16MP+2MP နှစ်လုံးနှင့် အရှေ့ဘက်ကင်မရာ 13MP+2MP နှစ်လုံး စုစုပေါင်းကင်မရာလေးလုံးပါဝင်ကာ အရှေ့ဘက်နှင့် ကျောဘက်ကင်မရာများအတွက် Flash မီးစနစ်များ ပါဝင်သည်။ ဓာတ်ပုံနှင့်ဗွီဒီယိုများ ရိုက်ကူးရာတွင် မိမိစိတ်ကြိုက်ပြင်ဆင်ရိုက်ကူးနိုင်သည့်အပြင် ရိုက်ကူးပြီး ပြန်လည်ပြုပြင်သည့်စနစ်သစ်များကိုလည်းထည့်သွင်း ပေးထားသောကြောင့် ကင်မရာအသားပေး စမတ်ဖုန်း အမျိုးအစားတစ်ခုဖြစ်လာနိုင်ဖွယ်ရှိသည်။

လက်ဗွေဖတ်စနစ်ကို ကျောဘက်ကင်မရာနှစ်လုံး၏ အောက်ဘက်တွင်ထည့်သွင်းပေးထားပြီး စမတ်ဖုန်း၏ လုံခြုံရေးအတွက်သာမက သတိပေးချက်များကြည့်ရှုခြင်းနှင့် ရိုက်ကူးပြီးဓာတ်ပုံနှင့် ရာသီဥတုအခြေအနေများကို




ကြည့်ရှုနိုင်ရန်အတွက်ပါ အသုံးပြုနိုင်သည်။ စမတ်ဖုန်းအောက်ခြေတွင် စပီကာများကို တပ်ဆင်ပေးထားပြီး Li-On 3340 mAh ဘက်ထရီတပ်ဆင်ပေးထားကာ ကြာရှည်အသုံးခံနိုင်သည့် ဘက်ထရီစနစ်က အားသာချက်တစ်ခုဖြစ်သည်။

ပြည်တွင်းဈေးကွက်တွင် မြန်မာကျပ်ငွေ ၃၆၉,၀၀၀ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်တော့မည်ဖြစ်ပြီး ရွေးချယ်နိုင်သော အရောင်များမှာ ရွှေရောင်၊ အနက်နှင့် အပြာရောင်သုံးမျိုးရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ ဝယ်ယူသုံးစွဲသူများအနေဖြင့် Huawei ၏ Nova 2i အမျိုးအစားစမတ်ဖုန်းသစ်ကို ကြိုက်နှစ်သက်ကြမည်ဟု မျှော်လင့်ကြောင်း Huawei Technologies (Yangon) ၏ CEO Mr. Zhang Li Man ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သည့် မိတ်ဆက်ပွဲ၌ပြောကြားခဲ့ပြီး ၎င်းမိတ်ဆက်ပွဲတွင် Huawei စမတ်ဖုန်း၏ Brand Endorser အဖြစ် အဆိုတော် မယ်ရီအား တရားဝင် ကြေညာပေးခဲ့ကြောင်း သိရသည်။ ALEX

# ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြန်ဆန်ထိရောက် အောင်မြင်ရန်မှာ အရေးပါသည့်ဒေတာစင်တာ

နန္ဒာဝင်း

**ယမန်နေ့မှအဆက်**

ဒေတာစင်တာတစ်ခုတွင် မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်မှု (Connectivity) ရှိရမည်ဆိုသည့် အချက်မှာ အဓိက စိန်ခေါ်မှုဖြစ်သည်။ (Connectivity) မရှိသည့် ဒေတာစင်တာသည် အောင်မြင်မှုမရှိနိုင်သလို အသေးစား၊ အလတ်စားအပါအဝင် စီးပွားရေးလုပ်ငန်းကြီးများ အားလုံးလိုအပ်သည့် ချိတ်ဆက်ဆောင်ရွက်မှုရရှိမည် မဟုတ်ပေ။ နိုင်ငံတကာတွင် ဒေတာစင်တာ ရွေးချယ်ရာ၌လည်း Connection များစွာပေးနိုင်သည့် Carrier "Neutral" Data Center များကို အဓိကထားရွေးချယ်လာကြသည်။

**ဒေတာစင်တာ၏ ဝန်ဆောင်မှုများ**

"ဒေတာစင်တာသည် သိုလှောင်သိမ်းဆည်း (Store) လုပ်တဲ့ ဒေတာသည် သူ့ရဲ့ ကိုယ်ပိုင်ဒေတာ မဟုတ်တဲ့အတွက် (Safety) ဘေးကင်းရေး၊ (Security) လုံခြုံစိတ်ချရရေး၊ (Reliable) ပိုင်းမှာရော ကမ္ဘာ့အဆင့်မီဖို့လိုအပ်ပါတယ်၊ (Safety) ဘေးကင်းရေးဆိုရင် လူတစ်ယောက်က အပြင်က ဒေတာစင်တာမှာ သွားထားမယ်ဆိုရင် သူ့ရဲ့ ဒေတာသည်မပျောက်ဆုံးသွားဘူး၊ မခိုးခံရဘူး ဒါအတွက် ဒီစင်တာသည် Safe ဖြစ်ဖို့ လိုအပ်ပါတယ်၊ နောက်ပြီး ငလျင်လှုပ်လို့၊ မုန်တိုင်းကျလို့၊ မီးလောင်လို့ သူရဲ့ဒေတာသည် မဆုံးရှုံးသွားဖို့အတွက် အာမခံနိုင်ဖို့ လိုပါတယ်၊ နောက်ပြီး ဒေတာစင်တာမှာထားမယ်ဆိုရင် အချိန်မရွေး တစ်ရက်မှာ ၂၄ နာရီ Access လုပ်နိုင်တဲ့ အခွင့်အရေးလည်း ပေးနိုင်ဖို့လိုပါတယ်၊ အခု နောက်ပိုင်းမှာ ဒေတာစင်တာတွေသည် Physical Security အပြင် Cyber Security ကိုလည်း သေချာထိန်းသိမ်းပေးတယ်၊ ၁၀၀ ရာခိုင်နှုန်းတော့ မဟုတ်ရင်တောင်မှ ခိုးယူမှုတွေကို ကာကွယ်နိုင်ဖို့လိုပါတယ်" ဟု ဆက်လက်ရှင်းပြသည်။

ဒေတာစင်တာများက ထိုကဲ့သို့သော အာမခံချက်များ၊ အကျိုးတရားများကိုပေးသည့်အတွက် ဒေတာစင်တာများနှင့်ပတ်သက်သည့် တွေးခေါ်မှု၊ လုပ်ဆောင်မှုများသည် မြင်သာ၊ ထင်သာဖြစ်လာပြီး နိုင်ငံတကာတွင် စီးပွားရေးလုပ်ငန်းတစ်ခုအောင်မြင်ရေးအတွက် ဒေတာစင်တာများသည် အရေးပါသည့် အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်။

**မြန်မာနိုင်ငံတွင် ဒေတာစင်တာသုံးစွဲနေမှု အခြေအနေ**

မြန်မာနိုင်ငံသည် ယခင်က နည်းပညာကဏ္ဍတွင် ခေတ်နောက်ကျခဲ့သည်။ လွန်ခဲ့သည့် ငါးနှစ်ခန့်မှစတင်၍ အင်တာနက်နှင့် ထိတွေ့နီးစပ်မှုစိပ်လာခဲ့သည်။ ၂၀၁၄ ခုနစ်တွင် MPT နှင့်အပြိုင် ပြည်ပဆက်သွယ်ရေးကုမ္ပဏီများဖြစ်သည့် တယ်လီနော၊ အော်ရီဒူးတို့ ဝင်ရောက်လာခဲ့ရာ အဆိုပါ အော်ပရေတာများ၏ ပြိုင်ဆိုင်ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ အင်တာနက်မြန်နှုန်းမှာ တိုးတက်ကောင်းမွန်လာခဲ့သည်။

"တိုင်းပြည်က ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ရောက်နေပါပြီ၊ တချို့နေရာတွေမှာ သူ့အဆင့်နဲ့သူ ဖွံ့ဖြိုးတိုးတက်နေပေမယ့်လည်း Information Technology လို ကဏ္ဍမျိုးတွေမှာဆိုရင် Leap Frog ခုန်ကျော်ပြီး ကမ္ဘာ့အဆင့်မီသွားဖို့ အခွင့်အရေးလည်းရှိပါတယ်၊ ပြီးခဲ့တဲ့ လေး ငါးနှစ်ကဆိုရင် မိုဘိုင်းလ်သုံးနိုင်တဲ့ အရေအတွက်က ဆယ်ရာခိုင်နှုန်းအောက်မှာပဲ ရှိပါတယ်။ အခုဆိုရင် ပြည်သူလူထု (၈၅ ကနေ ၉၀) ရာခိုင်နှုန်းက ဟန်းဖုန်းသုံးနိုင်တဲ့ အနေအထားကို ရောက်သွားပါပြီ၊ ဒီလောက်ထိုးဖောက်နိုင်တာ အင်မတန်လည်းမြန်ပါတယ်၊ ဒါဟာ တိုင်းပြည်အတွက်လည်း အထူး အကျိုးရှိပါတယ်၊ တိုးတက်တဲ့ နေရာမှာလည်း ဒစ်ဂျစ်တယ်ပလက်ဖောင်းကို အများကြီးမှီခိုပြီး ကျွန်တော်တို့တိုင်းပြည်တိုးတက်မှာဖြစ်ပါတယ်၊ ဒါကြောင့် ဒစ်ဂျစ်တယ် Space မှာ ဒစ်ဂျစ်တယ်ဒေတာတွေ အများကြီးပွားများလာပြီး ဒေတာတွေကို သိမ်းဆည်းဖို့ ဒေတာစင်တာက မဖြစ်မနေလိုအပ်လာတော့မှာပါ" ဟု အဆိုပါ Country Managerက ပြောသည်။

နည်းပညာတိုးတက်လာမှုကို အကြောင်းပြု၍ မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးနှင့်ဖြန့်ကြက် ဆက်ဆံကုန်သွယ်နိုင်ရေးအတွက် သတင်းအချက်အလက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မှုတွင် ဒေတာစင်တာ များသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်လာသည်။ ထို့ပြင် မိမိတို့၏ အချက်အလက်များ မပျောက်ပျက်စေရန်နှင့် လုံခြုံစိတ်ချမှုအပြည့်ပေးနိုင်ရန်မှာ အဓိကထားသိုသည့် နေရာဖြစ်သော ဒေတာစင်တာသည် နိုင်ငံတကာအဆင့်မီ စံနှုန်းများဖြင့် တည်ဆောက်ထားသည့် ဒေတာစင်တာဖြစ်ရန်လည်းလိုအပ်သည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်မီ ဒေတာစင်တာများပေါ်ပေါက်လာရေးနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက"ကျွန်တော်တို့ နိုင်ငံအတွက် ဒေတာစင်တာက မရှိမဖြစ်လိုအပ်ပါတယ်၊ နိုင်ငံတကာအဆင့်မီ ဒေတာစင်တာတစ်ခုရဲ့ ဝန်ဆောင်မှုတွေအတိုင်း ဘယ်လောက်အထိလုပ်ပေးနိုင်ကြမလဲ။ ဥပမာ ကျွန်တော်တို့ရဲ့ဒစ်ဂျစ်တယ်မီဒီယာကို ဝက်ဘ်ဆိုက်ပေါ်တင်ထားရင် ကြည့်ရှုသူသန်းနဲ့ ချီပြီးရှိတယ်၊ အဲဒါကို ပြည်တွင်းက ဒေတာစင်တာမှာထားရင် မနိုင်ဘူး၊ ကြည့်တဲ့သူတွေအတွက် နှေးသွားတာတို့၊ ပြတ်သွားတာတို့ ဖြစ်နိုင်တဲ့အတွက် အဆင်မပြေဘူး၊ အဲဒါကြောင့် စင်ကာပူက Cloud ဒေတာစင်တာမှာသွားထားရတယ်၊ တကယ်လို့သာ ပြည်တွင်းမှာဈေးနှုန်းလည်း မှန်ကန်တယ်၊ နည်းပညာပိုင်းလည်း စိတ်ချရတယ်၊ ဝန်ဆောင်မှုကလည်း ကောင်းတယ်ဆိုရင် ကျွန်တော်တို့လည်း ပြည်တွင်းမှာပဲ ထားချင်ပါတယ်၊ကျွန်တော်တို့လိုပဲ အလားတူ နည်းပညာ ကုမ္ပဏီတွေ အများကြီးရှိတာဆိုတော့ ဒေတာစင်တာတွေ မြန်မာနိုင်ငံမှာ အများကြီးပေါ်လာဖို့ လိုအပ်ပါတယ်" ဟု ပြောသည်။

> "
>
> ပြည်သူလူထု (၈၅ ကနေ ၉၀) ရာခိုင်နှုန်းက ဟန်းဖုန်းသုံးနိုင်တဲ့ အနေအထားကို ရောက်သွားပါပြီ၊ ဒီလောက်ထိုးဖောက်နိုင်တာ အင်မတန်လည်းမြန်ပါတယ်၊ ဒါဟာ တိုင်းပြည်အတွက်လည်း အထူးအကျိုးရှိပါတယ်၊ တိုးတက်တဲ့ နေရာမှာလည်း ဒစ်ဂျစ်တယ်ပလက်ဖောင်းကို အများကြီးမှီခိုပြီး ကျွန်တော်တို့တိုင်းပြည်တိုးတက်မှာဖြစ်ပါတယ်၊ ဒါကြောင့် ဒစ်ဂျစ်တယ် Space မှာ ဒစ်ဂျစ်တယ်ဒေတာတွေ အများကြီးပွားများလာပြီး ဒေတာတွေကို သိမ်းဆည်းဖို့ ဒေတာစင်တာက မဖြစ်မနေလိုအပ်လာ. . .
>
> "

**ပထမဆုံး ဒေတာစင်တာ**

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ Specific Carrier Data Center နှင့် Carrier Neutral Data Center စသော ဒေတာစင်တာများကို အစိုးရပိုင်းနှင့်ပုဂ္ဂလိကပိုင်းတို့တွင် တည်ဆောက် အသုံးပြုလျက်ရှိကြသည့်အနက် Myint & Associates ဒေတာစင်တာသည် နိုင်ငံတကာ အသိအမှတ်ပြု Tier III အဆင့်ရှိ Carrier "Neutral" Data Center ဖြစ်ကြောင်း ကြေညာထားသည်။

မြန်မာနိုင်ငံတွင် အချိန်တိုအတွင်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း အမီလိုက်ပြီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ လိုအပ်ချက် တစ်ခုဖြစ်သော ဆက်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်သိုလှောင်ရန် နိုင်ငံတကာအဆင့်မီ ပထမဦးဆုံးဒေတာစင်တာ ဝန်ဆောင်မှုကို ၂၀၁၅ ခုနစ်တွင် Myint & Associates Telecoms ကုမ္ပဏီက စတင်ခဲ့ခြင်းဖြစ်သည်။

"ပြည်တွင်းက လုပ်ငန်းပိုင်းဆိုင်ရာအချက်အလက်တွေကို ပြည်ပက ဒေတာစင်တာတွေမှာ ထားမယ့်အစား ပြည်တွင်းမှာ ကမ္ဘာ့အဆင့်အတန်းမီတဲ့ နေရာမှာ ထားနိုင်အောင် ဒေတာစင်တာလုပ်ငန်းနဲ့ စီမံကိန်းကိုဆောင်ရွက်အကောင်အထည်ဖော်တာဖြစ်ပါတယ်" ဟု ဒေတာစင်တာတည်ထောင်ဖြစ်ပုံနှင့် ပတ်သက်၍ MPRL E&P Group of Companies ၏ Country Manager & Executive Director တစ်ဦးဖြစ်သူ ဦးစည်သူမိုးမြင့်က ဆိုသည်။

အဆိုပါဒေတာစင်တာသည် ရန်ကုန်မြို့ ပြည်လမ်းရှိ နည်းပညာအဆင့်မြင့် စီးပွားရေးအဆောက်အအုံတစ်ခုဖြစ်သည့် Vantage Tower တွင်တည်ရှိပြီး အမေရိကန်နိုင်ငံ ဒေတာစင်တာ အကဲဖြတ်သော Uptime Institute က ဒီဇိုင်းပေါ်မူတည်၍ Tier III အဆင့် အသိအမှတ်ပြုထားသည်။ မီးဘေးကာကွယ်ရေးနှင့် အရေးပေါ် ကယ်ဆယ်ရေးစနစ်များ၊ အဆင့်မြင့် ရေရရှိမှု၊ မိလ္လာနှင့် ရေဆိုးသန့်စင်သည့် စနစ်များပါဝင်သည့်အပြင် ငလျင်ဒဏ်နှင့် လေပြင်း တိုက်ခတ်မှုတို့ကိုလည်း ခံနိုင်ရည်ရှိအောင် တွက်ချက်တည်ဆောက်ထားသော Vantage Tower ကဲ့သို့ စီးပွားရေးနှင့် နည်းပညာအဆင့်မြင့် အဆောက်အအုံဖြစ်ဖို့ကလည်း အရေးပါသည်ဟုဆိုသည်။

**ကမ္ဘာ့အဆင့်မီဝန်ဆောင်မှုများပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိ**

Myint & Associates Telecoms ဒေတာစင်တာသည် မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ကွန်ရက်ချိတ်ဆက်နိုင်ရန်၊ ကမ္ဘာ့အဆင့်မီ ဝန်ဆောင်မှုများပေးနိုင်ရန် နိုင်ငံပေါင်း ၁၉၆ နိုင်ငံရှိ နေရာများတွင် ကိုယ်ပိုင် Network ကွန်ရက်တည်ဆောက်ထားပြီး ဒေတာစင်တာပေါင်း ၁၄၀ ကျော် ပိုင်ဆိုင်ထားသည့် NTT Communication Ltd.၊ နိုင်ငံတကာတွင် ဒေတာစင်တာပေါင်း ၄၀ ကျော် ပိုင်ဆိုင်ထားသည့် Tele House၊ နိုင်ငံပေါင်း ၁၉၀ ကျော်သို့ ဝန်ဆောင်မှုပေးနေသည့် အာရှတိုက်၏အကြီးဆုံး KDDI ကော်ပိုရေးရှင်း၊ စင်ကာပူနိုင်ငံ၏ အကြီးဆုံးနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော Singapore Telecommunications Group စသည့် နိုင်ငံတကာအဆင့်မီကုမ္ပဏီကြီးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

**အစိုးရ၏ ICT မူဝါဒနှင့် ဒေတာစင်တာများ**

မြန်မာနိုင်ငံတွင် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် Data ID Card System, Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်ဟူသည့် မူဝါဒတစ်ရပ်အား ချမှတ်ထားရှိပြီး ထိုကဲ့သို့ e-Government လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အစိုးရဌာနများအားလုံး တစ်ပြေးညီ အသုံးပြုရန် Common e-Government Application များဖြစ်သော ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုစနစ် (Government Personnel Management System-GPMS) နှင့် အီလက်ထရောနစ်စာရွက်စာတမ်းစီမံခန့်ခွဲမှုစနစ် (Electronic Document Management System – EDMS) များအား ဝန်ကြီးဌာနများ အားလုံး ၂၀၁၇ ခုနှစ် ဧပြီလမှ စတင်၍ တစ်ပြေးညီ အသုံးပြုသွားရန် နိုင်ငံတော်အစိုးရက လမ်းညွှန်မှုပြုထားပြီးဖြစ်ကြောင်းသိရသည်။

အလားတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရုံးအမှတ် ၂ ၌ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် Workshop on Establishment of Enabling Environment for e-Government through Integrated Data Centers အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများအနက် နံပါတ် ၄ အချက်ဖြစ်သော Data ID Card System, Digital Government Strategy, e-Government System တို့ကို ထူထောင်သွားနိုင်ရန်ဟူသည့် မူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ချပြခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် Data Center၊ IT Infrastructure ဖြစ်သော System & Network ၊ Cloud နှင့် Applications & Database များကို အခြေခံအဖြစ် မရှိမဖြစ်တည်ဆောက်ရမည်ဖြစ်သည်။ ထို့ကြောင့် ဒေတာစင်တာသည်လည်း အရေးပါသော အခြေခံ အဆောက်အအုံ တစ်ခုဖြစ်သဖြင့်၊ Feasible Study လုပ်ဆောင်ခြင်း၊ ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ လိုအပ်သော Data များကို စုစည်းခြင်း၊ Design & Implementation များလုပ်ဆောင်ခြင်း၊ လိုအပ်သော နည်းပညာများကို လေ့လာသင်ယူခြင်းတို့ကို ဆောင်ရွက်နေပြီဖြစ်ကြောင်း အထက်ပါဝန်ကြီးဌာနက ရှင်းလင်းပြောကြားသည်။

နိုင်ငံတကာတွင် ဒေတာစင်တာများကို အသုံးပြု၍ မိမိတို့လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နေကြသလို မြန်မာနိုင်ငံသည်လည်း Globalization တစ်ကမ္ဘာလုံးနှင့် ချိတ်ဆက် ဆက်ဆံကုန်သွယ်နိုင်ကြရန် မှန်ကန်တိကျသော သတင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးနိုင်ခြင်းသည် ယနေ့ခေတ်၏ စိန်ခေါ်မှုတစ်ခု ဖြစ်သည်။ အဆိုပါ စိန်ခေါ်မှုအတွက် အခြေခံအကျဆုံးသော အခန်းကဏ္ဍမှာ ဒေတာစင်တာတွင် အစိုးရအဖွဲ့အစည်းအသီးသီးမှ အချက်အလက်များကို စုစည်းထားရှိနိုင်ရေးနှင့် ယင်းဒေတာစင်တာကို နိုင်ငံတကာ အဆင့်မီ ဝန်ဆောင်မှု ပေးနိုင်ရေးဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်သော ဒေတာစင်တာကို ပုဂ္ဂလိကကဏ္ဍတွင် တည်ဆောက်ဝန်ဆောင်မှုပေးလာနိုင်ခဲ့ခြင်းကလည်း ဂုဏ်ယူဖွယ်ရာတစ်ခုပင် ဖြစ်သည်။ ဒေတာစင်တာများကို အသုံးပြုကြခြင်းဖြင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် ယခုထက် ပိုမိုမြန်ဆန်ထိရောက် အောင်မြင်လာမည်သာ။ ။

